# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ဝမ်းမြောက်ခြင်းတရား**

လူမိုက်တို့သည် စေးနဲ့ဝန်တို၍ သူတစ်ပါး၏အလှူ၌ ဝမ်းမြောက်ခြင်း မရှိကုန်။ ထို့ကြောင့် ဒုဂ္ဂတိဘဝသို့ရောက်ရ၏။ ပညာရှိတို့ကား သူတစ်ပါး၏အလှူ၌ ဝမ်းမြောက်ခြင်း ရှိကုန်၍ တမလွန်ဘဝ၌ ချမ်းသာရ၏။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစရိယတရားလေးပါးတို့တွင် ဝမ်းမြောက်ခြင်းဟူသော တရားသည် ချမ်းသာခြင်းကို ဆောင်၏။

လောကဝင်(ဓမ္မပဒ-၁၇၇)


၁၃၇၉ ခုနှစ် ကဆုန်လပြည့်ကျော် ၂ ရက် သောကြာနေ့။ Friday, 12 May 2017 (၈၉၂၂)


# ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ ပဉ္စမပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် မေ ၁၁

ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ ပဉ္စမပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

**လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီနာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အမှာစကားပြောကြားစဉ်။**


ကရင်ပြည်နယ်မှ ထူးခြားအံ့ဖွယ် သဘာဝလိုဏ်ဂူများနှင့် ယဉ်ကျေးမှုအနုလက်ရာများ

စာမျက်နှာ » ၆

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံ

စာမျက်နှာ » ၈

မောင်တောမြို့၌ (၄)နှစ်မြောက် ရခိုင်အမျိုးသားနေ့အခမ်းအနား ကျင်းပ

စာမျက်နှာ » ၉

နွေအလှဓာတ်ပုံရိုက်ကူးသူများ ပလိပ်သို့လာရောက်ရိုက်ကူးမှုများပြား

စာမျက်နှာ » ၁၆


# အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းအား သုံးနှစ်အတွင်းပြီးစီးရေး အကောင်အထည်ဖော်ဆောင်ရွက်နေ

**နေပြည်တော် မေ ၁၁**

နေပြည်တော် ပျဉ်းမနားမြို့၏ အရှေ့မြောက်ဘက်မိုင် ၂၀ ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြီးစီးရေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံသည် ရေအရင်းအမြစ်ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေနိုင်သော ရေအားလျှပ်စစ်စီမံကိန်းများကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ယခုအကောင်အထည်ဖော်လျက်ရှိသည့် အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းသည် လက်ရှိအချိန်တွင် စီမံကိန်းတစ်ခုလုံး၏ ၂ ဒသမ ၆ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနအနေဖြင့် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများ၏ အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီစေရန်အတွက် နိုင်ငံတကာ အတိုင်ပင်ခံအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ Norconsult အတိုင်ပင်ခံအဖွဲ့၏ တွက်ချက်မှုအရ ပေါင်းလောင်းမြစ်တွင် ရေအားလျှပ်စစ်အရင်းအမြစ် စုစုပေါင်း ကီလိုဝပ်နာရီသန်း ၂၀၀၀ ခန့် နှစ်စဉ်ထုတ်လုပ်နိုင်မည်ဖြစ်သဖြင့် ပေါင်းလောင်းမြစ်ပေါ်တွင်

**စာမျက်နှာ ၃ ကော်လံ ၃ သို့ ❖**




ကြေးမုံ

# ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်း

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များသည် နိုင်ငံတစ်နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သော ဂုဏ်ဒြပ်ဖြစ်သည်။ အဆိုပါ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို မပျက်စီးမယိုယွင်းအောင် အမြတ်တနိုးတန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ရန်မှာ နိုင်ငံသားအားလုံးတွင် တာဝန်ရှိသည်။

ယဉ်ကျေးမှုအမွေအနှစ်များဟူသည် လက်ဆုပ်လက်ကိုင်မပြနိုင်သော အဆို၊ အက၊ အတီး၊ ယဉ်ကျေးမှုဆိုင်ရာ ဖော်ပြချက်စသည့် အမွေအနှစ်များ၊ လက်ဆုပ်လက်ကိုင်ပြနိုင်သောနေရာ၊ အထိမ်းအမှတ်၊ အရာဝတ္ထု၊ မြေနေရာ စသည့်အမွေအနှစ်များ၊ မှတ်တမ်းပြုထားသော စာအုပ်များ၊ လက်ရေးမူများ၊ ဖလင်များ စသည်ဖြင့် ရှေးကျသော အမွေအနှစ်ပစ္စည်းအမျိုးမျိုးရှိသည်။

ထိုသို့တည်ရှိနေသော ရှေးဟောင်းအမွေအနှစ်ပစ္စည်းအမျိုးမျိုးတို့ကို နိုင်ငံသားတစ်ဦးအနေဖြင့် ထိန်းသိမ်းစောင့်ရှောက်သင့်သည့် အရာများအဖြစ် သင်အသိအမှတ်ပြုပါ၏လော၊ ထိန်းသိမ်းစောင့်ရှောက်ရန်လည်း စိတ်ကူးရှိပါ၏လော၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းလည်း ပြုနေပါ၏လော ဟူ၍မေးခွန်းထုတ်လျှင် အားနည်းချက်များစွာရှိပေလိမ့်မည်။ ယင်းအားနည်းချက်၊ အားသာချက်များသည်ပင် နိုင်ငံ၏ ဂုဏ်ဒြပ်ကို မြှင့်တင်နိုင်ခြင်း၊ မမြှင့်တင်နိုင်ခြင်း ရလဒ်များပေါ်ထွက်နိုင်သည်။

မြန်မာနိုင်ငံအတွင်း ပုဂံယဉ်ကျေးမှုအမွေအနှစ်ကဲ့သို့ ထင်ရှားသော အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်ကို တွေ့ရသည်။ သတ်မှတ်ထားသော ယဉ်ကျေးမှုအမွေအနှစ်နှုန်းစံများဝင်သဖြင့် မြန်မာနိုင်ငံရှိ ရှေးဟောင်းမြို့ပြဒေသသုံးခုကို ယူနက်စကိုက လက်ဆုပ်လက်ကိုင်ပြနိုင်သော ယဉ်ကျေးမှုဆိုင်ရာကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုထားသည်။

ထို့အပြင် ယူနက်စကို ကမ္ဘာ့အမွေအနှစ်မှတ်ပုံတင်စာရင်းတွင် ၁၈၇၁ ခုနှစ် မင်းတုန်းမင်းတရားကြီး ပဉ္စမသင်္ဂါယနာတင်ပွဲ၌ ပိဋကတ်သုံးပုံကို ကျောက်ပြား ၇၂၉ ချပ်ပေါ်တွင် ရေးထိုးပူဇော်ခဲ့သည့် မဟာလောကမာရဇိန်ခေါ် ကုသိုလ်တော်ဘုရား ကျောက်စာများအား ၂၀၁၃ ခုနှစ်တွင်လည်းကောင်း၊ အလောင်းမင်းတရားကြီးက ၁၇၅၆ ခုနှစ်တွင် ဒုတိယမြောက် ဂျော့ဂျ်ဘုရင်ထံ ရေးသားပေးပို့ခဲ့သည့် လွန်စွာထူးခြားပြောင်မြောက်သော အနုပညာဆန်သည့် ရွှေပေလွှာအား ၂၀၁၅ ခုနှစ်တွင်လည်းကောင်း၊ သမိုင်းဝင်ပုဂံမြို့ရှိ အေဒီ ၁၂ ရာစုက ဘာသာစကားလေးမျိုးဖြင့် ရေးထွင်းထားသည့် မြစေတီကျောက်စာအား ၂၀၁၅ ခုနှစ်တွင်လည်းကောင်း၊ အေဒီ ၁၅၅၇ ခုနှစ်တွင် ပုဂံရွှေစည်းခုံစေတီတော်၌ ဘုရင့်နောင်မင်းတရားကြီး ဘာသာစကားသုံးမျိုးဖြင့် ရေးထိုးလှူဒါန်းခဲ့သည့် ခေါင်းလောင်းစာကို ၂၀၁၆ ခုနှစ်တွင်လည်းကောင်း ယူနက်စကို ကမ္ဘာ့အမွေအနှစ် မှတ်ပုံတင်စာရင်းတွင် အမည်စာရင်းတင်သွင်းခြင်းခံခဲ့ရကြောင်း ဂုဏ်ယူဖွယ်သိရှိရသည်။

ယဉ်ကျေးမှုအမွေအနှစ်များကို ထိုသို့ကမ္ဘာ့အမွေအနှစ်စာရင်းသို့ ဝင်နိုင်ခဲ့ခြင်းသည် ဂုဏ်ယူဝမ်းမြောက်ဖွယ်ကောင်းသလို ကျန်ရှိနေသေးသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များအား အမွေအနှစ်စာရင်းသို့ ဝင်နိုင်အောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ထိုသို့ထင်ရှားသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များရှိခဲ့ခြင်းနှင့်အတူ ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ မဝင်သေးသော်လည်း ကမ္ဘာပေါ်တွင် အမြတ်တနိုးတန်ဖိုးထား လေးစားဂုဏ်ယူဖွယ်ရာကောင်းသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ အမြောက်အမြားကျန်ရှိနေသေးသည်။ ၎င်းတို့သည် ကိုင်တွယ်ပြသနိုင်ဖွယ်ရာ ယဉ်ကျေးမှုအမွေအနှစ်များဖြစ်ပြီး ကိုင်တွယ်ပြသနိုင်ခြင်းမရှိသော ယဉ်ကျေးမှုအမွေအနှစ်များမှာ မြန်မာနိုင်ငံတွင် အမြောက်အမြားရှိနေသည်။

ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားပြီး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ အမြောက်အမြားရှိသော မြန်မာနိုင်ငံမှာ ဂုဏ်ယူဖွယ်ကောင်းပြီး ထိုဂုဏ်ယူဖွယ်ရာများကို ဂုဏ်ယူတတ်ရန်လိုအပ်သလို ဂုဏ်ယူဖွယ်ရာများကိုလည်း ထိန်းသိမ်းစောင့်ရှောက်ကြရန်လိုအပ်ပေသည်။ အထူးသဖြင့် ကိုင်တွယ်၍ရနိုင်လောက်သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ယခုလက်ရှိတွင် အမြောက်အမြားကျန်ရှိနေပြီး ၎င်းတို့ကို နောင်အရှည် ဆက်လက်တည်တံ့နေစေရန် ယခုကတည်းက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် လေးစားစွာဖြင့် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။




## ဘက်စုံသားဖွားသင်တန်းသူများအား ဦးဆောင်းအပ်နှင်း

**နေပြည်တော် မေ ၁၁**

အပတ်စဉ်(၂) ဘက်စုံသားဖွားဒီပလိုမာနှစ်နှစ်သင်တန်း သင်တန်းသူများ ဦးဆောင်းအပ်နှင်းပွဲကို မေ ၅ ရက်က ဇမ္ဗူသီရိမြို့နယ် သားဖွားသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကျန်းမာရေးလုပ်ငန်းအားအရင်းအမြစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်တင်လေးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်တင်လေးနှင့် ညွှန်ကြားရေးမှူး သူနာပြု ဒေါ်ငွေငွေလှိုင်တို့က သင်တန်းသူများအား ဦးဆောင်းအပ်နှင်းပေးခြင်းနှင့် ပညာရည်ချွန်ဆုများ ပေးအပ်ခဲ့ကြသည်။ **(သန့်မောင်)**

## ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းတွင် သက်မွေးပညာရပ်သင်တန်းများဖွင့်

**နေပြည်တော် မေ ၁၁**



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကြိမ်၊ ဝါးလုပ်ငန်းရှင်များအသင်း ရွှေကော့မှူးလုပ်ငန်းစုတို့က ပူးပေါင်းဖွင့်လှစ်သော ကြိမ်၊ ဝါး၊ ဗေဒါ တန်ဖိုးမြှင့်လက်မှုထည်ပစ္စည်းများထုတ်လုပ်ခြင်းနှင့် ဆိုဖာထုတ်လုပ်ခြင်း၊ သက်မွေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်ရှိ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်း၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် အကြောင်းအမျိုးမျိုးကြောင့် ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များအတွက် လူငယ်သင်တန်းကျောင်း ၁၀ ကျောင်းဖွင့်လှစ်ကာ ကုလသမဂ္ဂကလေးသူငယ်အခွင့်အရေးများဆိုင်ရာ စာချုပ်ပါ အခြေခံမူများ၊ ကလေးသူငယ်များ၏ အခြေခံအခွင့်အရေး (၄)ရပ်တို့နှင့်အညီ ကာကွယ်စောင့်ရှောက်လျက်ရှိပြီး ဆက်စပ်ဝန်ကြီးဌာနများ၊ လူမှုအဖွဲ့အစည်းများ၊ UN /INGO အဖွဲ့များနှင့် ပူးပေါင်းကာ ကလေးသူငယ်များ၏ သင်တန်းကာလအတွင်း အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိမိကိုမိမိ ယုံကြည်မှုပြည့်ဝစွာဖြင့် ကိုယ်စီသက်မွေးပညာ တတ်မြောက်ကြလျက် လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ရောက်နိုင်ကြစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကြိမ်၊ ဝါးလုပ်ငန်းပညာရှင်များအသင်းမှ ဦးကျော်သူက အသင်း၏လုပ်ငန်းများဆောင်ရွက်ပုံနှင့် ကုန်ကြမ်းမှ ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းအထိ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါ သက်မွေးသင်တန်း ပထမအသုတ်သင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်မည်ဖြစ်ပြီး အခြေခံသင်တန်း နှစ်ပတ်ကြာမြင့်မည်ဖြစ်ကာ သင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပြင်ဆင်သိမှတ်ပါရန်

မေ ၁၀ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၂ ၌ ဖော်ပြထားသော ခေါင်းကြီးပိုင်း၏ ဒုတိယစာပိုဒ်၊ စာကြောင်းရေ ၆ တွင် မဟာသက္ကရာဇ် ၁၄၈ ခုနှစ်ဟု ပြင်ဆင်သိမှတ်ပါရန် ။ **စာတည်း**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၁၁**

ရန်ကုန်(ရွှေဈေး) ၈၈၉၀၀၀ - ၈၈၉၀၀၀ မန္တလေး(ရွှေဈေး) ၈၈၉၀၀၀ - ၈၈၉၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၀ ကျပ်၊ | ၇၁၅/၇၃၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၃၀/၈၅၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၆၈၅/၇၀၀ ကျပ်၊ | ၇၅၀/၇၆၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၉၅/၇၂၀ ကျပ်၊ | ၇၃၀/၇၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၁၈/၆၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၃၂/၆၄၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၂၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၈၀. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၇. ၃၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉. ၁၃၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၃. ၀၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၀၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၉၁. ၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀. ၂၀ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၀၂. ၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၆၄. ၂၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၁၀၊ ဖက်စ် ၀၆၇-၃၆၁၁၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၀

# ပြည်သူနှင့်အတူ

### ❂ ရှေ့ဖုံးမှ

အစည်းအဝေးတွင် ၂၀၁၇ ခုနှစ် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကျင်းပပြီးစီးခဲ့သည့် လွှတ်တော်ပုံမှန်အစည်းအဝေးများကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများတွင်ပါဝင်သည့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ အပါအဝင် တာဝန်ရှိသူများက အကောင်းဆုံးကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ ပဥ္စမပုံမှန်အစည်းအဝေးများနှင့်ပတ်သက်၍ အဓိကမှာကြားလိုသည်မှာ လုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်စေလိုကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်အများစု တည်းခိုနေထိုင်သည့်နေရာနှင့် တည်းခိုနေရာများမှ လွှတ်တော်ဝင်းအတွင်းသို့ သယ်ယူပို့ဆောင်ရေးအတွက် ကိုယ်စားလှယ်များစုပေါင်းအသုံးပြုနေသည့် မော်တော်ယာဉ်တန်းများလုံခြုံရေးနှင့် စနစ်တကျရှိစေရေးအတွက်လည်း တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လွှတ်တော်အတွင်း ပြည်တွင်းပြည်ပဧည့်သည်တော်များ လာရောက်လေ့လာလျက်ရှိသည့်အတွက် သတင်းမီဒီယာများ သတင်းရယူမှုအဆင်ပြေစေရေး၊ ဝတ်စားဆင်ယင်မှုအပါအဝင် သွားလာဆောင်ရွက်မှုများ စနစ်တကျရှိစေရေး၊ လွှတ်တော်ဝင်းအတွင်း သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် အညီဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့ပြင် လွှတ်တော်အစည်းအဝေးခန်းမများ၌ အသုံးပြုလျက်ရှိသည့် LED Board များနှင့် မိုက်ခရိုဖုန်းများ အပါအဝင် လုံခြုံရေးနှင့် ရုပ်/သံပိုင်းဆိုင်ရာ စက်ကိရိယာပစ္စည်းများ ချွတ်ယွင်းမှုမရှိစေရန် ကြိုတင်စစ်ဆေးဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ တာဝန်ရှိဝန်ထမ်းများ၊ အထောက်အကူပြုစက်ပစ္စည်းနှင့်ဆေးဝါးများ လုံလောက်အောင်ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုကြောင်း၊ ဧည့်ခံကျွေးမွေးရေးအပိုင်းတွင်လည်း သန့်ရှင်းလတ်ဆတ်ပြီးကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များဖြစ်အောင် စစ်ဆေးဆောင်ရွက်ပေးစေလိုကြောင်း၊ လွှတ်တော်ဝင်းအတွင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များနေထိုင်သည့် တည်းခိုဆောင်များတွင် သောက်သုံးရေနှင့်လျှပ်စစ်မီးပုံမှန်ရရှိရေးနှင့် ပြတ်တောက်မှုဖြစ်ပါကလည်း အမြန်ဆုံးပြန်လည်ရရှိစေရေး အရန်စီစဉ်ထားရန်လိုအပ်ကြောင်း၊ ယခင်လွှတ်တော်ပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ခဲ့သကဲ့သို့ ယခုဒုတိယအကြိမ်လွှတ်တော်အသီးသီး၏ ပဥ္စမပုံမှန်အစည်းအဝေးများတွင်လည်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကနှင့် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက်စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကိုရှင်းလင်းတင်ပြခြင်းနှင့် အထွေထွေဆွေးနွေးခြင်းဆောင်ရွက်ကြသည်။

ယင်းနောက် လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီနာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်မှာကြားသည်။

အဆိုပါ အစည်းအဝေးသို့ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် ဌာန/အဖွဲ့အစည်းများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗြိတိန်နိုင်ငံ Inter Mediate အဖွဲ့နှင့် အိန္ဒိယသံအမတ်ကြီးတို့အား တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၁၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဗြိတိန်နိုင်ငံ Inter Mediate အဖွဲ့မှ Mr. Jonathan Powell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**



ထိုသို့တွေ့ဆုံစဉ် Mr. Jonathan Powell နှင့်အဖွဲ့ဝင်များက Inter Mediate အဖွဲ့၏ မြောက်အိုင်ယာလန်၊ အာဖရိကတိုက်နှင့် ကိုလံဘီယာတို့တွင် တွေ့ကြုံခဲ့ရသည့် ပဋိပက္ခဖြေရှင်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းဆိုင်ရာ အတွေ့အကြုံများအား မျှဝေလုပ်ဆောင်နေမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ရခိုင်ပြည်နယ်အရေးကိစ္စများတွင် ကူညီဆောင်ရွက်ရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က NCA တွင် လက်မှတ်ရေးထိုးထားပြီး NCA လမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းလျက်ရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် NCA လက်မှတ်ရေးထိုးရခြင်းမရှိသေးသည့် အဖွဲ့များအနေဖြင့် တစ်ဖွဲ့ချင်း၏ သဘောသဘာဝကွဲပြားခြားနားမှုများ၊ ယင်းသဘောသဘာဝများအပေါ်မူတည်၍ ငြိမ်းချမ်းရေးဆောင်ရွက်ရသည့် အခြေအနေများ၊ ယင်းအချက်များအပေါ် တစ်ဖက်နှင့်တစ်ဖက် အာမခံပေးမှုနှင့် အပြန်အလှန်ယုံကြည်မှုတို့ဖြင့် ဆွေးနွေးညှိနှိုင်းဖြေရှင်းရန် လိုအပ်သည့် အခြေအနေများကို ပြန်လည်ဆွေးနွေးသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E.Mr. Vikram Misri အား မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ တပ်မတော်အကြီးအကဲများ၏ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ၊ လေ့ကျင့်ရေးသင်တန်းဆိုင်ရာများ၊ နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ အတွေ့အကြုံများဖလှယ်ရယူရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ❖ အလယ်ပေါင်းလောင်းမှ

တည်ဆောက်ပြီးစီးခဲ့သည့် ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံနှင့် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံနှစ်ခုအပြင် အလယ်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းကို ထပ်မံအကောင်အထည်ဖော်နေခြင်း ဖြစ်သည်။

တည်ဆောက်ပြီးစီးခဲ့သည့် ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံနှင့် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံနှစ်ခုပေါင်းမှ လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီ သန်း ၁၄၀၀ ခန့် နှစ်စဉ်ထုတ်လုပ်နိုင်မည်ဖြစ်၍ အဆိုပါဓာတ်အားပေးစက်ရုံနှစ်ခုအကြား ပေါင်းလောင်းမြစ်ပေါ်တွင် နှစ်စဉ်လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီ သန်း ၅၀၀ ခန့်ထွက်ရှိမည့် တပ်ဆင်စက်အင်အား ၁၀၀ မဂ္ဂါဝပ်ရှိပြီး ခန့်မှန်းငွေကျပ် ၁၆၉ ဘီလီယံကုန်ကျမည့်အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်း ဖြစ်သည်။

အလယ်ပေါင်းလောင်းစီမံကိန်းတည်ဆောက်ခြင်းဖြင့် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံ၏ ဓာတ်အားပေးစက်များမှ မောင်းနှင်ထုတ်လွှတ်လိုက်သည့် ပေါင်းလောင်းမြစ်ရေကို ဓာတ်အားထုတ်လုပ်ရေးအတွက် အကျိုးရှိစွာအသုံးပြုနိုင်မည်ဖြစ်ပြီး ပေါင်းလောင်းဓာတ်အားပေးစက်ရုံ၏ လက်ရှိဓာတ်အား ထုတ်လုပ်မှုအားပိုမိုတိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်သည်။

အလယ်ပေါင်းလောင်းစီမံကိန်းသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုနည်းပါးခြင်း၊ စီးပွားရေးအရတွက်ခြေကိုက်ခြင်း၊ နိုင်ငံတော်ဓာတ်အားလိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သောကြောင့် စီမံကိန်းအကောင်အထည်ဖော်ပြီးစီးပါက နိုင်ငံတော်အတွက် အကျိုးများစွာဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပေါင်းလောင်းမြစ်ပေါ်တွင် တည်ဆောက်ပြီးစီးခဲ့သည့် ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံနှင့် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံတို့ အကြားတည်ဆောက်လျက်ရှိသည့် အလယ်ပေါင်းလောင်းရေအားလျှပ်စစ် စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စတင်ခဲ့ပြီး မူလက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြီးစီးမည်ဟု လျာထားခဲ့သော်လည်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

**(နိုင်လင်းကြည်)**



## ဒုတိယဝန်ကြီး ဦးအောင်ထူး ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစုသို့ ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် မေ ၈ ရက်က ရန်ကုန်မြို့ လှည်းကူးမြို့နယ်ရှိ စားသုံးသူရေးရာဦးစီးဌာန ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (CTQM)သို့ ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက CTQM ဌာနအား COE Center of Excellence အဖြစ် တည်ထောင်၍ သုတေသနလုပ်ငန်းများ ကူညီပံ့ပိုးပေးရန်၊ ကုန်သွယ်ဖက်နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများမှ စံချိန်စံညွှန်းများနှင့် Technical Regulation များအကြောင်းကို စာရင်းပြုစုရန်၊ ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်သွားရန်၊ ပို့ကုန်တိုးမြှင့်ရေးနှင့်ပတ်သက်၍ အလားအလာရှိသော သီးနှံအမျိုးအစားများ ရိတ်သိမ်းချိန်လွန်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် packing system များကို ဖွံ့ဖြိုးတိုးတက်အောင် သုတေသနပြုဆောင်ရွက်ရန် မှာကြားပြီး စားသုံးသူ အကာအကွယ်ပေးရေးနှင့် ကုန်သွယ်မှုလုပ်ငန်းစဉ်များ လျင်မြန်ချောမွေ့စေရေး ဆောင်ရွက်ထားရှိချက်များကို လှည့်လည်ကြည့်ရှုသည်။

**(သတင်းစဉ်)**

# စီးပွားရေးနှင့် လုံခြုံရေးကိစ္စရပ်များကို ပိုမိုအာရုံစိုက်ရန် တောင်ကိုရီးယားသမ္မတရုံး၏ဖွဲ့စည်းပုံစနစ် ပြင်ဆင်မည်



**ဆိုးလ် မေ ၁၁**

တောင်ကိုရီးယားနိုင်ငံ၏ သမ္မတသစ် မွန်းဂျေအင်းသည် ၎င်း၏ သမ္မတရုံးဝန်ထမ်းအဖွဲ့၏ ဖွဲ့စည်းပုံစနစ်ကို ပြင်ဆင်ပြောင်းလဲမည်ဖြစ်ကြောင်း၊ သမ္မတက နိုင်ငံတော်၏ စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ပိုမိုအာရုံစိုက်နိုင်ရန် ယင်းသို့ ပြင်ဆင်ပြောင်းလဲမည်ဖြစ်ကြောင်း သမ္မတရုံး၏ပြောကြားချက်ကို ကိုးကားလျက် ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

သမ္မတရုံး၏ ရုံးအဖွဲ့ ပြန်လည်ပြင်ဆင်ဖွဲ့စည်းရေး အစီအစဉ်အရ လက်ရှိဝန်ကြီးအဆင့်ရှိ ရာထူးသုံးနေရာတွင် နောက်ထပ်ဝန်ကြီးအဆင့်ရှိ ရာထူးတစ်နေရာ ထပ်မံတိုးမည်ဖြစ်ကြောင်း သမ္မတရုံးက ပြောကြားသည်။

သမ္မတရုံး၏ ဒုတိယဝန်ကြီးအဆင့် ရာထူးအရေအတွက်ကို လက်ရှိ ၁၀ နေရာမှ ရှစ်နေရာအထိ လျှော့ချမည်ဖြစ်ကြောင်း၊ သို့ရာတွင် သမ္မတ၏ လက်ထောက်ရာထူးနေရာ နှစ်နေရာကို အသစ်တီထွင်ပြဋ္ဌာန်းမည်ဖြစ်ကြောင်း၊ ဝန်ကြီးအဆင့်ရှိ သမ္မတရုံးဆိုင်ရာဝန်ကြီးအဆင့်ရှိရုံးအဖွဲ့မှူးအောက်တွင် နိုင်ငံရေးရာ၊ အရပ်ဘက် ရေးရာ၊ လူမှုရေး ပြုပြင်ပြောင်းလဲမှု၊ ပြည်သူ့ဆက်ဆံရေးနှင့် ပုဂ္ဂလိကရေးရာ ကဏ္ဍများအလိုက် အထက်တန်းအတွင်းဝန်ငါးဦးရှိမည်ဖြစ်ကြောင်း သမ္မတရုံးက ပြောကြားသည်။

**ဆင်ဟွာ။**

# လေကြောင်းခရီးသည်များ လက်တော့ပ်ကွန်ပျူတာသယ်ဆောင်မှု အမေရိကန်အစိုးရအဖွဲ့ ပိတ်ပင်ဖွယ်ရှိ

**ဝါရှင်တန် မေ ၁၁**

ဥရောပမှ အမေရိကန်သို့ လာရောက်သည့် ကုန်သွယ်လေကြောင်း ခရီးသည်တင် လေယာဉ်များနှင့်အတူ လိုက်ပါလာသည့် ခရီးသည်များအနေဖြင့် လက်တော့ပ်ကွန်ပျူတာများအား ခရီးဆောင်အိတ်ဖြင့် သယ်ဆောင်လာခြင်းကို ပိတ်ပင်ရန် သမ္မတဒေါ်နယ်ထရန့်၏ အစိုးရအဖွဲ့က အမိန့်ထုတ်ပြန်ဖွယ်ရှိကြောင်း အမေရိကန်အစိုးရ တာဝန်ရှိသူများက မေ ၁၁ ရက်တွင် ပြောကြားကြသည်။



ခရီးသည်များ၏ ကွန်ပျူတာများကို ခရီးသည်၏ ခရီးဆောင်လက်ဆွဲအိတ်ဖြင့် မဟုတ်ဘဲ တန်ဆာပြုလုပ်သောသေတ္တာအတွင်း ထည့်သွင်းယူဆောင်ပါက ကွန်ပျူတာ၏ လစ်သီယမ်ဓာတ်ခဲများ လေထုအတွင်း ပေါက်ကွဲနိုင်ခြင်း ရှိ၊ မရှိ ကျွမ်းကျင်သူများက လေ့လာသုံးသပ်ရန်လည်း အစိုးရက ညွှန်ကြားထားသည်။

လက်တော့ပ် ကွန်ပျူတာများနှင့် ပတ်သက်၍ အမေရိကန် အစိုးရက ပိတ်ပင်မှုကို တိုးချဲ့မည်ဆိုပါက အမေရိကန် လေကြောင်းဌာနများအပေါ် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# တောင်ကိုရီးယားသမ္မတ မွန်းဂျေအင်းနှင့် သမ္မတ ရှီကျင့်ဖျင်တို့ ပြုံယမ်းအရေးဆွေးနွေး

**ပြုံယမ်း မေ ၁၁**

တောင်ကိုရီးယားသမ္မတ အသစ် မွန်းဂျေအင်းနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက် ဖွံ့ဖြိုးတိုးတက်လာမှုနှင့်ပတ်သက်ပြီး ပြုံယမ်းအား ဖိအားပေး ခြိမ်းခြောက်ခြင်းထက် ဆွေးနွေးညှိနှိုင်းမှုက ပိုမိုအရေးပါကြောင်း ခေါင်းဆောင်နှစ်ဦးက သဘောတူညီခဲ့ကြသည်။

မေ ၁၁ ရက်တွင် တောင်ကိုရီးယား သမ္မတ မွန်းဂျေအင်းနှင့် သမ္မတရှီတို့သည်မိနစ် ၄၀ ကြာ တယ်လီဖုန်းပြောကြားခဲ့ကြောင်း တောင်ကိုရီးယားသမ္မတရုံးက ဆိုသည်။ သမ္မတ မွန်းဂျေအင်းသည် မေ ၁၂ ရက်တွင် ရာထူးတာဝန်များစတင်ထမ်းဆောင်မည် ဖြစ်သည်။

ခေါင်းဆောင်နှစ်ဦးသည် ကိုရီးယား ကျွန်းဆွယ်အရေးနှင့်ပတ်သက်ပြီး တင်းမာမှုများ လျော့ကျစေရန် ဖြေရှင်းနိုင်မည့်နည်းလမ်းများကို အလေးပေးဆွေးနွေးခဲ့ကြသည်။ မြောက်ကိုရီးယား၏ နျူကလီးယားအရေးနှင့်ပတ်သက်ပြီး ဖိအားပေးမှုနှင့် ဆွေးနွေးညှိနှိုင်းမှု နည်းလမ်းများကို မျှတစွာအသုံးချရန် လိုအပ်ကြောင်း တောင်ကိုရီးယားသမ္မတမွန်းက သမ္မတရှီအား အကြံပြုပြောကြားခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံအား ညှိနှိုင်းရေးစားပွဲဝိုင်းသို့ ရောက်ရှိလာရန် စီးပွားရေးပိတ်ဆို့မှုများလုပ်ဆောင်ခြင်းသည်အကောင်းဆုံးနည်းလမ်းပင်ဖြစ်သည်ဟု သမ္မတမွန်းက ဆိုသည်။

ပေကျင်းအနေဖြင့် မြောက်ကိုရီးယားနိုင်ငံအား နျူကလီးယားလက်နက်စွန့်လွှတ်စေ လိုသည့်ဆန္ဒရှိကြောင်းနှင့် ဆွေးနွေးညှိနှိုင်းမှုများလုပ်ဆောင်ခြင်းဖြင့်သာ တွန်းအားပေးစေလိုကြောင်း သမ္မတရှီက ပြောကြားခဲ့သည်ဟု တရုတ်တာဝန်ရှိသူများက ပြန်လည်ပြောကြားခဲ့သည်။

တောင်ကိုရီးယား နိုင်ငံအတွင်း မကြာသေးမီက ဖြန့်ကြက်ထားခဲ့သည့် အမေရိကန်ဒုံးခွင်းဒုံးများနှင့်ပတ်သက်ပြီး တရုတ်နိုင်ငံ၏ ရပ်တည်ချက်ကို သမ္မတရှီက ဖော်ပြခဲ့သည်။ အဆိုပါ THAAD ဒုံးခွင်းဒုံးများသည် မြောက်ကိုရီးယားဒုံးကျည်များကို ကာကွယ်ရန် ဖြန့်ကြက်ထားခြင်းဖြစ်သော်လည်း ပေကျင်းအနေဖြင့် ဆန့်ကျင်ပါကြောင်း သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ အကျိုးစီးပွားနှင့် စိုးရိမ်ပူပန်မှုကို ကောင်းစွာနားလည်ပါကြောင်းနှင့် အဆိုပါကိစ္စရပ်နှင့် ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းရန် တောင်ကိုရီးယားတာဝန်ရှိသူများကို ပေကျင်းသို့ စေလွှတ်မည်ဖြစ်ပါကြောင်း သမ္မတမွန်းက ဆိုသည်။

ခေါင်းဆောင်နှစ်ဦးက မျက်နှာစုံညီအစည်းအဝေးကျင်းပမည့်ရက်ကို စောနိုင်သလောက် စောစောကျင်းပနိုင်ရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**

# ရှင်ကျန်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ မြေငလျင်လှုပ် ရှစ်ဦး သေဆုံး၊ ၂၃ ဦး ဒဏ်ရာရ



**တာ့ကျော့ကန်(ရှင်ကျန်း) မေ ၁၁**

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ရှင်ကျန်းဝီဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တာ့ကျော့ကန် စီရင်စုတွင် မေ ၁၁ ရက် ဒေသစံတော်ချိန် နံနက် ၅ နာရီ ၅၈ မိနစ်တွင် ရစ်ချ်တာစကေးပြင်းအား ၅ ဒသမ ၅ ရှိ မြေငလျင်လှုပ်ခဲ့ရာ လူရှစ်ဦးသေဆုံးပြီး ၂၃ ဦးထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက အတည်ပြုပြောကြားကြသည်။

လူဦးရေ ၁၂၀၀၀ ခန့် မြေငလျင်ဒဏ်ခံခဲ့ရပြီး လူပေါင်း ၉၂၀၀ တို့အား ဘေးကင်းလုံခြုံရာနေရာများသို့ ရွှေ့ပြောင်းပေးထားပြီးဖြစ်သည်။

မြေငလျင် လှုပ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရသူများအား ဆေးရုံသို့ တင်ပို့ကာဆေးကုသမှု ပြုလုပ်ပေးထားပြီး မြေငလျင်လှုပ်သည့် ဒေသ၌ စစ်သည်များနှင့် ရဲတပ်ဖွဲ့ဝင် ၁၀၀၀ ကျော်၊ အရပ်သား ၁၅၀၀ ကျော်တို့က ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ကယ်ဆယ်ရေးပစ္စည်းများကို ပေးပို့လျက်ရှိကြောင်း အရေးပေါ်မြေငလျင် တုံ့ပြန်ရေးဌာနချုပ်က ပြောကြားသည်။

မြေငလျင်လှုပ်ခတ်အပြီးတွင် နောက်ဆက်တွဲ ငလျင်ငယ်များ မကြာခဏလှုပ်ခဲ့ကြောင်း ယင်းစီရင်စု၏ကွန်မြူနစ်ပါတီအကြီးအကဲ ဝမ်ဖုယုက ပြောကြားသည်။

မြေငလျင်လှုပ်မှုဒဏ်ကို ပြင်းထန်စွာ ခံစားရသည့် ကုကန်ကျေးရွာ၌ မြေကြီးအောက်တွင် နစ်မြုပ်နေသူများကို ရှာဖွေကယ်ဆယ်ရန် စီရင်စုအုပ်ချုပ်ရေးအဖွဲ့က တပ်ဖွဲ့ဝင်များအား စေလွှတ်ခဲ့ကြောင်း ဝမ်က ပြောကြားသည်။

ယင်းကျေးရွာရှိ အိမ်မွေးတိရစ္ဆာန်ကောင်ရေ ၈၂၀ခန့်မှာ သေဆုံးသို့မဟုတ် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ပြီး လူနေအိမ် အလုံး ၁၅၂၀ တို့မှာ ပြိုကျပျက်စီးခဲ့သည်။

**ဆင်ဟွာ။**

# ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ




**ရန်ကုန်   မေ   ၁၁**
၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ကျင်းပပြီး ရှေ့ဆက်လက်ဆောင်ရွက်မည့် ရွေးကောက်ပွဲပြုပြင်ပြောင်းလဲရေးဆိုင်ရာလုပ်ငန်းစဉ်များနှင့် ရွေးကောက်ပွဲမူဘောင်ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ကော်မရှင်အနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် ရွေးကောက်ပွဲ၏ အဓိကအကျဆုံးဖြစ်သည့် မဲစာရင်းတိကျမှန်ကန်ရေးကို အလေးထားဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၏မဲစာရင်းကို အခြေခံပြီး တစ်အိမ်တက်ဆင်း(Door to Door)စနစ်ဖြင့် ကောက်ယူဆောင်ရွက်ခဲ့ကြောင်း၊ မဲစာရင်းပြုစုစဉ်ကာလတွင် အခက်အခဲများရှိခဲ့သည်ကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် လူမှုအဖွဲ့အစည်းများ သိရှိကြမည်ဖြစ်ကြောင်း။

ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို ဆောင်ရွက်ကြမည့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်သူများအားလုံး ကြိုတင်ပြင်ဆင်ချိန်ရရှိစေရန် ရွေးကောက်ပွဲကျင်းပမည့်ရက်ကို ယခင်ထက်စော၍ ရက်ပေါင်း ၁၈၀ ခန့် ကြိုတင်ကြေညာပေးခဲ့ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်အဆင့်ဆင့် အချိန်ဇယားကိုလည်း ကြိုတင်ထုတ်ပြန်ပေးခဲ့ကြောင်း။

ကြိုတင်မဲပေးခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံပြင်ပရောက်မဲဆန္ဒရှင်များ အခက်အခဲမရှိမဲပေးနိုင်ရေးနှင့် ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်များကို တာဝန်ယူဆောင်ရွက်ကြမည့် သက်ဆိုင်ရာသံရုံးများ၊ ကောင်စစ်ဝန်ရုံးများအနေဖြင့် လွယ်ကူအဆင်ပြေစွာ ဆောင်ရွက်နိုင်စေရန် လုပ်ငန်းလမ်းညွှန်ထုတ်ပြန်ပေးခဲ့သည့်အပြင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်လည်း ကြိုတင်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း၊ ပြည်တွင်းကြိုတင်ဆန္ဒမဲကိုလည်း ပွင့်လင်းမြင်သာမှုရှိစေရန် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအား လေ့လာခွင့်ပြုခဲ့ကြောင်း၊ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအနေဖြင့် အသိအမှတ်ပြုလွှာများ လျှောက်ထားရာတွင် အဆင်ပြေစေရန် လုပ်ငန်းစဉ်များကိုလည်း ပြင်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်း ပြောကြားသည်။

ထို့ပြင် ကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲကာလအတွင်း ပဋိပက္ခများမဖြစ်စေရန် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ ကော်မရှင်အနေဖြင့် မဲဆန္ဒရှင်အသိပညာပေးကို အတတ်နိုင်ဆုံးဆောင်ရွက်ခဲ့ပြီး အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကို အားလုံးအသိပင်ဖြစ်ကြောင်း။

ရွေးကောက်ပွဲများကျင်းပရာတွင် ရွေးကောက်ပွဲတစ်ခုထက်တစ်ခု ပိုမိုကောင်းမွန်စေရန် ပြီးခဲ့သည့် ရွေးကောက်ပွဲများမှ အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်ဆွေးနွေး၍ ပြင်ဆင်ရန်ရှိသည့် အားနည်းချက်များကိုပြင်ဆင်ပြီး အားသာချက်များကိုလည်း ပိုမိုကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် လူမှုအဖွဲ့အစည်းများအနေဖြင့် ပြီးခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲလုပ်ငန်းစဉ်ဆောင်ရွက်ချက်များ၏ အားသာချက်၊ အားနည်းချက်များကို သုံးသပ်ဆွေးနွေးပြီး နောင်ရွေးကောက်ပွဲများ ပိုမိုကောင်းမွန်အောင်ကျင်းပနိုင်ရန် အကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ရွေးကောက်ပွဲပြီးကာလ ပြန်လည်သုံးသပ်ခြင်းပြုလုပ်ရသည့် ရည်ရွယ်ချက်နှင့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ ဆွေးနွေးချက်များကို အရပ်ဘက်လူမှုအဖွဲ့အစည်းများက ပြန်လည်တင်ပြဆွေးနွေးပြီး ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်းက ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများက သိရှိလိုသည်များ မေးမြန်းကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်း၊ Peace & Justice Myanmar မှ တာဝန်ရှိသူများ၊ နိုင်ငံတကာအဖွဲ့အစည်း ၁၃ ဖွဲ့နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း ၃၃ ဖွဲ့တို့မှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အတွင်းရေးမှူးအဖွဲ့အစည်းအဝေး ဆက်လက်ကျင်းပ



**နေပြည်တော်   မေ   ၁၁**
ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အတွင်းရေးမှူးအဖွဲ့အစည်းအဝေးကို ယနေ့နံနက်ပိုင်းမှ ညနေပိုင်းအထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။**(ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ ဦးခင်ဇော်ဦး၊ ဒေါက်တာ လျန်မှုန်းဆာခေါင်း၊ ဦးလှမောင်ရွှေ၊ ဒေါ်စောမြရာဇာလင်း၊ မင်းကျော်ဇေယျာဦး၊ ဦးဇော်ဌေး၊ ဦးစိုင်းလ၊ ဦးနိုင်ငံလင်း၊ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဦးမျိုးဝင်း၊ တာလှဖေ၊ ဦးအောင်စိုး၊ ခွန်မြင့်ထွန်းနှင့် ဦးမြင့်စိုးတို့ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ ဒုတိယအကြိမ် အစည်းအဝေးကျင်းပရေးနှင့် ညီလာခံသို့ တင်သွင်းမည့်အကြောင်းအရာများကို ဆွေးနွေးကြသည်။

ယနေ့အစည်းအဝေးနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး အဖွဲ့ဝင် ဒေါက်တာ လျန်မှုန်းဆာခေါင်းက "ဒီနေ့ပြုလုပ်တဲ့ UPDJC အတွင်းရေးမှူးများ အစည်းအဝေးကတော့ လာမယ့် ၂၄ ရက်မှာ စတင်ကျင်းပမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးအတွက် ကျွန်တော်တို့ ပြင်ဆင်တာဖြစ်ပါတယ်။ ငါးရက် ကျင်းပမှာဖြစ်တဲ့အတွက် ဘာတွေတင်ပြမယ်ဆိုတာတွေကို ပြင်ဆင်ထားပါတယ်။ ဆွေးနွေးမယ့် ပုံစံကတော့ ပထမအကြိမ်(၂၁)ရာစုပင်လုံနဲ့တော့ တူမှာမဟုတ်ပါဘူး။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို ခြောက်နေရာမှာကျင်းပတယ်။ အစုအဖွဲ့ကတင်သွင်းတဲ့ စာတမ်းတွေကို ကဏ္ဍအလိုက် ဆွေးနွေးထားတာတွေရှိတယ်။ လုပ်ငန်းကော်မတီအသီးသီးက ကဏ္ဍအလိုက်ဆွေးနွေးထားတဲ့ စာတမ်းတွေကိုစုစည်းပြီးတော့ ညီလာခံမှာ တင်သွင်းရမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ဆက်လက်၍ ၎င်းက "ညီလာခံမှာတော့ ဆုံးဖြတ်ချက်တစ်စုံတစ်ရာချမှတ်မယ်လို့ သတ်မှတ်ထားပါတယ်။ ဖက်ဒရယ်ပြည်ထောင်စု ထူထောင်တဲ့အခါ အခြေခံမူတွေကို သတ်မှတ်နိုင်ဖို့၊ ချမှတ်နိုင်ဖို့ ကျွန်တော်တို့ ကြိုးစားသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံက ပြည်ထောင်စုကြီးကို အခိုင်မာဆုံး၊ အကောင်းဆုံး၊ အငြိမ်းချမ်းဆုံးဖြစ်အောင် ထူထောင်ဖို့အတွက် အင်မတန်မှ အရေးကြီးတဲ့ ညီလာခံကြီးဖြစ်တယ်။ ဒါကြောင့် ပြည်သူလူထုအနေနဲ့ ကျွန်တော်တို့နဲ့အတူ တစ်တပ်တစ်အား စိတ်ရောကိုယ်ပါပါဝင်ပေးဖို့ မေတ္တာရပ်ခံချင်ပါတယ်"ဟု ဆိုသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အစည်းအဝေးကို မေ ၁၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါအစည်းအဝေး၌ သုံးရက်ကြာကျင်းပခဲ့သည့် လုပ်ငန်းကော်မတီအသီးသီး၏ ဆောင်ရွက်ခဲ့မှုများကို အတည်ပြုချက် ရယူသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ငြိမ်းချမ်းရေးညီလာခံ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် ကဏ္ဍအသီးသီးမှ ဆောင်ရွက်သွားမည့်အပြင် သဘောတူညီချက်များ ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါက်တာလျန်မှုန်းဆာခေါင်းက ပြောကြားသည်။

**သတင်း - အောင်ရဲသွင်၊**
**အေးအေးသန့်(သတင်းစဉ်)**
**ဓာတ်ပုံ - အေးသန်း(သတင်းစဉ်)**

**ပြည်ထောင်စုအရေး ညီအောင်တွေး**
**မနေးဆောင်ရွက် ပြည်သူ့အတွက်**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

**နေပြည်တော်   မေ   ၁၁**
ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၈-၅-၂၀၁၇ ရက်က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ၃-၄-၂၀၁၇ ရက်မှ ၂၁-၄-၂၀၁၇ ရက်ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူငါးဦးကို လည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူဂျာနယ်တစ်ဦးနှင့် အထွေထွေ ငါးဦး ပေါင်း ခြောက်ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်လိုသူ တစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၂၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၀၉၂ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၆၅ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၅၈၃ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူတစ်ဦးအား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**

## မြောက်ဒဂုံမြို့နယ်မဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်

**ရန်ကုန်   မေ   ၁၁**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြို့နယ်စာရေးဆရာအသင်းမှ မြောက်ဒဂုံမြို့နယ်မဂ္ဂဇင်းကို မကြာမီစီစဉ်ထုတ်ဝေမည်ဖြစ်၍ ပုံနှိပ်ဖော်ပြခြင်းမရှိသေးသော ကိုယ်တိုင်ရေး ကဗျာ၊ ဆောင်းပါး၊ ကာတွန်း၊ ပုံပြင်၊ ဝတ္ထု၊ ဘာသာပြန်စာမူများကို ဖိတ်ခေါ်ထားသည်။

စာမူများကို ဇူလိုင် ၃၁ ရက် နောက်ဆုံးထားပေးပို့ကြရန်နှင့် ဦးညွန့်လှိုင် အမှတ်(၆၃၀) လုပ်သားလမ်း (၃၅)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဖုန်း ၀၉- ၅၀၅၈၂၈၅နှင့် ဦးအုန်းလှိုင် အမှတ်(၄၅)နတ်မောက်လမ်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဖုန်း- ၀၉-၄၃၀၉၄၃၉၈ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကရင်ပြည်နယ်မှ ထူးခြားအံ့ဖွယ် သဘာဝလိုဏ်ဂူများနှင့် ယဉ်ကျေးမှုအနုလက်ရာများ

သတင်းဆောင်းပါး- စိုးစိုးနိုင်(ကြေးမုံ)၊ ဓာတ်ပုံ-အေးမင်းသူ(ကြေးမုံ)

မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက်တွင်တည်ရှိသော ကရင်ပြည်နယ်သည် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ အနုပညာလက်ရာများ၊ ရိုးရာဓလေ့ထုံးစံများ၊ သဘာဝအလှရှုခင်းများ၊ လက်မှုပညာရပ်များ၊ ကရင်လူမျိုးများ၏ လူနေမှုဓလေ့စရိုက်နှင့် ရိုးသားဖော်ရွေမှုများကြောင့် ခရီးသွားဧည့်သည်များ လေ့လာရန် အကောင်းဆုံးဒေသတစ်ခုဖြစ်လာခဲ့သည်။

ကရင်ပြည်နယ်၏ အမှတ်သင်္ကေတဖြစ်သည့် အမြင့်ပေ ၂၇၇၂ ပေရှိ၍ တောင်နှင့်မြောက် မိုင်၂၀ခန့် ရှည်လျားသော ဇွဲကပင်တောင်သည် ဘားအံမြို့၏တောင်ဘက် ၇ မိုင်အကွာတွင်တည်ရှိပြီး ၎င်းတောင်ပေါ်တွင်တည်ထားသော ဇွဲကပင်ဆံတော်ရှင်စေတီတော်အား အဝေးကပင်ဖူးတွေ့နိုင်သည်။ ဇွဲကပင်စေတီတော်ကို တောင်တက်လမ်းအတိုင်း နှစ်နာရီခွဲ၊ သုံးနာရီခန့် ခရီးဆက်၍ဖူးမြော်နိုင်ပြီး ဇွဲကပင်တောင်ခြေရှိ လုမ္ဗိနီဥယျာဉ်နှင့် ဗောဓိတစ်ထောင်ဘုရားများကိုလည်း ဖူးမြော်နိုင်သည်။ ဇွဲကပင်ဘုရားပွဲကို နှစ်စဉ် တပေါင်းလပြည့်နေ့ရောက်တိုင်း ကျင်းပလေ့ရှိပြီး ဇွဲကပင်ဆံတော်ရှင်ကို ကောင်းကင်ကေဘယ်ကားများဖြင့် အလွယ်တကူ ဖူးမြော်နိုင်မည်ဖြစ်သည်။

ထို့ပြင် သံလွင်မြစ်ကမ်းနံဘေးတွင် တည်ထားသော ဘားအံမြို့ရှိ သမိုင်းဝင် ဆုတောင်းပြည့် ရွှေရင်မျှော်ဘုရားကိုလည်း ဖူးမြော်နိုင်သည်။ ဘားအံမြို့တွင် နေဝင်ချိန်စောင့်ကြည့်ရန် အကောင်းဆုံးနေရာသည် ရွှေရင်မျှော်ဘုရားဖြစ်သည်။ ယင်းဘုရားမှ သံလွင်မြစ်ကိုကျော်ပြီးကြည့်လျှင် ဖားပုထိုးကျောက်တောင်ကို မြင်နေရသည်။ ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ပွဲတော်ကိုလည်း နှစ်စဉ်နိုဝင်ဘာ ၇ ရက်တွင် ကျင်းပပြီး ကရင်ရိုးရာဒုံးယိမ်းအကပြိုင်ပွဲများ၊ ရိုးရာလက်ဝှေ့ ပြိုင်ပွဲများအပြင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲ၊ ဇာတ်သဘင်များ၊ စတိတ်ရှိုး၊ ဈေးရောင်းပွဲတော်၊ စားသောက်ဆိုင်များဖြင့် စည်ကားလှကာ ယင်းပွဲတော်တွင် ကရင်ဓလေ့ကြက်ဆင်သားဟင်းနှင့် ထမင်းကိုလည်း မြည်းစမ်းကြည့်နိုင်သည်။ ထို့ပြင် ဝါခေါင်လပြည့်နေ့ရောက်တိုင်း ကရင်ရိုးရာချည်ဖြူဖွဲ့ခေါ် လက်ချည်ပွဲနှင့် ရိုးရာလှေလှော်ပြိုင်ပွဲများ ကျင်းပသလို နှစ်စဉ်ပြာသိုလဆန်း ၁ ရက်နေ့တွင် ကရင်နှစ်သစ်ကူးပွဲတော်ကိုလည်း ကျင်းပကြသည်။

ကျောက်ကလပ်စေတီတော်သည် ဘားအံမြို့နယ် ကော့လိုင်ကျေးရွာရှိ ရေကန်အလယ်မှ ထုံးကျောက်တောင်ပေါ်တွင် တည်ထားပြီး သံလွင်တံတားမှ သုံးဖာလုံခန့်သာဝေးသည်။ သာမညဆရာတော်ကြီး၏ ကိုးနဝင်းအတိတ်နိမိတ်ဖြင့်တည်ထားသော စေတီဖြစ်သည်ဟုသိရပြီး သမိုင်းဝင်ဆံတော်ရှင်တစ်ဆူဖြစ်၍ ထင်ရှားသည်။ ကျောက်ကလပ်စေတီတော်တွင် ကုသိုလ်ယူဘုရားဖူးပြီး သက်သတ်လွတ်ထမင်းများလည်း စားသုံးနိုင်သည်။

သမိုင်းဝင်မဟာဆဒ္ဒန်လိုဏ်ဂူတော်သည် ဘားအံမြို့ တောင်ဘက် မိုင်၂၀ ခန့်အကွာတွင် တည်ရှိပြီး ဗုဒ္ဓမြတ်စွာဘုရားလောင်း ဆဒ္ဒန်ဆင်မင်းဘဝကဖြစ်စဉ်များနှင့် အလားသဏ္ဍာန်တူနေသော ကျောက်တောင်ကျောက်တုံးများ သဘာဝအတိုင်းဖြစ်တည်နေမှုများကို ကြည့်ရှုလေ့လာနိုင်သည်။ ဆဒ္ဒန်လိုဏ်ဂူတော်သည် ကရင်ပြည်နယ်၏ အရှည်ဆုံးလိုဏ်ဂူဖြစ်ပြီး မြန်မာနိုင်ငံ၏ ပဉ္စမမြောက်အရှည်ဆုံး လိုဏ်ဂူတစ်ခုဖြစ်သည်။ ရသေ့ပျံဂူကဲ့သို့ တိုးလျှိုပေါက်ဂူဖြစ်သည်။ ဆဒ္ဒန်ဂူပေါက်ဝသည် မြေပြင်မှ အမြင့်ပေငါးဆယ်ခန့်ရှိသဖြင့် အုတ်လှေကားများဖြင့် တက်ရောက်နိုင်သည်။ ဂူအဝင်ဝ၏အပေါ် အမြင့်ပေ ၂၀ ခန့်တွင် ရှေးဟောင်းကျောက်ကပ်အုတ်ခွက်ဘုရားထောင်ဂဏန်းတို့ကိုကပ်လှူထားသော အရာများကိုသာ တွေ့ရပြီး အမြင့်ဆုံးတွင် လေး၊ ငါးဆူခန့်သာ ကျန်ရှိတော့သည်ကို တွေ့ရသည်။

ဂူဝမှဝင်လျှင် ပေ ၈၀၀၀ခန့်ရှိကျယ်ဝန်းသောဂူကြီးထဲတွင် လျောင်းတော်မူဘုရား၊ တင်ပျဉ်ခွေဘုရား၊ နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်များ၊ ကိုးတောင်ပြည့်ရှေးဟောင်းသမိုင်းဝင်စေတီတော်နှင့်သမိုင်းဖြစ်စဉ်ရုပ်တုများကို ဖူးမြော်နိုင်သည်။ ထိုမှတစ်ဆင့် တစ်ဖက်ဂူဝသို့ အရှည်မိုင်ဝက်ခန့်ရှိသည့် တိုးလျှိုပေါက်သွားနိုင်သည့် ဂူပေါက်ဝကိုတွေ့နိုင်သည်။ အဆိုပါဂူပေါက်သည် အလင်းရောင်လုံလောက်မှုမရှိသဖြင့် ဂေါပကအဖွဲ့က လျှပ်စစ်မီးများ ထွန်းပေးထားသည်။

ဂူအတွင်းပိုင်းသို့ တဖြည်းဖြည်းဝင်ရောက်သွားသည်နှင့် စိတ်ဝင်စားဖွယ် ဘုရားလောင်းဆဒ္ဒန်ဆင်မင်း ဘဝကဖြစ်စဉ်အဆင့်ဆင့်ကို သဘာဝအတိုင်း အံ့သြဖွယ်ရာများကို တွေ့နိုင်သည်။ ရောင်ဝါပျောက်ကင်းစေသော ကျောက်သွေးကန်၊ လိုဏ်ဂူအမိုးမျက်နှာကြက်တို့တွင် အရောင်အဆင်းမျိုးစုံရှိသော ကျောက်စက်ပန်းဆွဲများနှင့် ကျောက်စက်မိုးမျှော်များ၊ စွယ်တော်ဖြတ်သော လွှကြီးနှင့်တူသည့် ကျောက်လွှကြီး၊ မုဆိုးလွန်နှင့်ဖောက်သည့် မိုးတည်ပေါက်ခေါ်သော ဂူအတွင်းပိုင်းသို့ အလင်းရောင်နှင့်လေကောင်းလေသန့်ကောင်းစွာရရှိသည့် ပထမမြားပေါက်၊ ဆဒ္ဒန်ဆင်မင်း၏ သမီးတော်စံမြန်းရာ ဂူနေရာသဏ္ဍာန်၊ ကျောက်ပြားကြီးတစ်ချပ်ပေါ်တွင် ဆင်မင်း၏ အူခွေများပုံသဏ္ဍာန်၊ စပါးစေ့နှင့်တူလှသော ဂဝံကျောက်များတွေ့ရပြီး စပါးကျီတောင်ဟုခေါ်သည်။ ဘုရားဖူးများက ဆန်စပါးပေါများရန်နှင့် လာဘ်လာဘတိုးရန်အတွက် အဆောင်အဖြစ်ယူဆောင်သွားကြသည်။

ထိုမှတစ်ဆင့် ပြန်ထွက်လျှင် ဒုတိယမြားပေါက်နှင့် နီးလာသဖြင့် အလင်းရောင်ပြန်လည်ရရှိလာပြီး ကျောက်စိမ့်ရေကျရာမှဖြစ်ပေါ်လာသော ဆင်ကြီးတစ်ကောင်နှာမောင်းထောင်နေသော သဏ္ဍာန်ဖြင့် အောက်ခြေတွင် အပေါက်ရှိသည့် သမီးတော်ကိုဝှက်သော ကျောက်စက်မိုးမျှော်၊ ခမောက်သဏ္ဍာန်ရှိ မုဆိုးကျောက်ခမောက်၊ မြေတွင်စိုက်ဝင်နေပြီး ကြေမွနေသည့် ဆဒ္ဒန်ဆင်မင်းအံသွားနှင့်တူသော ကျောက်များ၊ ကွမ်းဆေးလက်ဖက်ထည့်သည့် ကျောက်ခွက်၊ ကျောက်ပျဉ်နှင့် ကျောက်စိမ့်ရေပေါက်များ၊ ထိုမှတစ်ဆင့်ဆက်သွားလျှင် အလင်းရောင်ကောင်းစွာရရှိသော မုဆိုး၏ ဒုတိယမြားပေါက်နေရာနှင့် အမြင့်ပေ ၃၀၊ အချင်းပေ ၅၀ ခန့်ရှိ ကျောက်စက်မိုးမျှော်တိုင်ကြီးကို ဆင်တိုင်ဟု ခေါ်ဝေါ်ကြသည်။ အဆိုပါဆင်တိုင်၏ထိပ်တွင် ဉာဏ်တော်သုံးတောင်ရှိ စေတီတည်ထားပြီး ဆုတောင်းပြည့်စေတီဟု ခေါ်ဝေါ်ကြသည်။ ဆက်၍ ကိုက် ၅၀ ခန့်ဆက်သွားလျှင် ထွက်ပေါက်ဂူရောက်ရှိပြီး မြေပြင်သို့ရောက်ရန်အတွက် အမြင့်ပေ ၁၀၀ ခန့် ဆင်းရပေသည်။ မြေပြင်တွင်လွမ်းစေတီနှင့် ဇရပ်တစ်ဆောင်တည်ထားပြီး အလောင်းတော်နှင့် အခြွေအရံများ ရေချိုးရေကစားသည်ဟုဆိုသည့် ကြီးမားသောဆဒ္ဒန်ရေအိုင်ကြီးတစ်အိုင်ကို တွေ့နိုင်သည်။ ရေအိုင်ကြီး၏ မြောက်ဘက်တွင် ရေအိုင်နှင့် ထိစပ်နေသော အမြင့်ပေ ၂၀၀ ခန့်ရှိတောင်စွယ်ကြီးတစ်တောင်ရှိသည်။ ထိုတောင်အောက်တွင် အရှည် ပေ ၁၀၀ ခန့်၊ ဂူအမိုးအမြင့် ငါးပေခန့်ရှိတစ်ဖက်ဂူပေါက်ဝသို့ ရေဖြတ်ကျော်သွားသော ဂူပေါက်ကြီးရှိသဖြင့် တောင်အောက်လိုဏ်ခေါင်း ရေကျော်ဂူပေါက်ကြီးတစ်လျှောက် အငှားပို့သော လှေများဖြင့် ထူးဆန်းအံ့သြပြီး ရင်ထိတ်စွာ သွားလာရသဖြင့် လာရောက်လည်ပတ်သော ဧည့်သည်များအတွက် စိတ်ဝင်စားဖွယ်ကောင်းလှသည်။


ကော့ဂွန်းဂူအတွင်း ဘုရားရုပ်ပွားတော်များနှင့် ယဉ်ကျေးမှုအနုလက်ရာများ။

ရှေးဟောင်းသမိုင်းဝင်ကော့ဂွန်းဂူသည် ဘားအံမြို့မှ ၈ မိုင်ခန့်၊ သံလွင်မြစ်အနောက်ဘက်ကမ်းရှိ ကော့ဂွန်းကျေးရွာအနီး ပင်လယ်ရေမျက်နှာပြင်အထက်ပေ ၁၁၆ ခန့် အမြင့်တွင်တည်ရှိပြီး ထုံးကျောက်တောင် အမျိုးအစားဖြစ်သည်။ လိုဏ်ဂူသည် အလျားပေ ၃၀ ၊ အနံပေ ၇၀၊ အမြင့် ၂၅ ပေခန့်ရှိပြီး တစ်ဖက်ပိတ်ဂူအမျိုးအစားဖြစ်ကာ ကျောက်စက်ပန်းဆွဲ၊ ကျောက်စက်မိုးမျှော်များလည်းရှိသည်။ လိုဏ်ဂူအတွင်းပိုင်းနှင့် အပြင်ပိုင်းနံရံများပေါ်တွင် ရှေးဟောင်းအုတ်ခွက်ဘုရားများ၊ ဗုဒ္ဓဆင်းတုတော်များ၊ ထုံးကျောက်သားကိုထွင်းထုထားသည့် ရုပ်လုံးရုပ်ကြွများ၊ သဲကျောက်သားများဖြင့် ထွင်းထုထားသည့် ကျောက်ဆစ်ရုပ်တုများ၊ နံရံဆေးရေးစာများ၊ ကျောက်စာ၊ မင်စာများနှင့် ရှေးမွန်စာအရေးအသားများကို တွေ့ရသည်။ ကော့ဂွန်းဂူတွင်တွေ့ရသည့် ရှေးဟောင်းမွန်ကျောက်စာကို ပုဂံခေတ်ရှေးမွန်ကျောက်စာများနှင့်နှိုင်းယှဉ်လျှင် (၁၁) ရာစုခန့်ကရေးထိုးထားသည့် ကျောက်စာဖြစ်သည်ဟု ရှေးဟောင်းသုတေသနဌာနမှ ခန့်မှန်းထားသည်ဟု သိရသည်။

ရှေးဟောင်းသမိုင်းဝင်ကော့ဂွန်းဂူကြီးသို့ရောက်လျှင် ခြင်္သေ့ကြီး ၂၆ ကောင်၊ လွတ်လပ်ရေးကျောက်တိုင်၊ နတ်ရေကန်၊ တောင်ပိုင်းဘိုးတော်ဖြူ နတ်နန်းဆောင်တို့ကို တွေ့မြင်ရမည်ဖြစ်သည်။ ကော့ဂွန်းဂူအဝင် မုခ်ဦးမှစ၍ အတွင်းခန်းမဆောင်လိုဏ်ဂူအတွင်း ထိပ်ပိုင်းထိ ရုပ်တော်မူ၊ ထိုင်တော်မူ၊ တင်ပျဉ်ခွေတော်မူ၊ လျောင်းတော်မူရုပ်ပွားတော်များစွာကို ဖူးမြော်ကြည်ညိုနိုင်သည်။

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ကြား သံလွင်မြစ်၊ ဂျိုင်းမြစ်၊ ဒုံသမိမြစ်နှင့် အတ္ထရံမြစ်တို့ပေါင်းစုံရာ မြစ်ဝကျွန်းပေါ် မြေနုလွင်ပြင်တွင်ထင်ရှားသည့် သဘာဝထုံးကျောက်ဂူများဖြစ်ကြသော နိဒ့ုံရဂူ၊ ဖားဘောင်ဂူ၊ ရေပူဂူ၊ ခရိုဂူ၊ ဓမ္မသဂူ၊ ဆဒ္ဒန်ဂူ၊ ဖားပျံဂူ၊ တောင်ဘလွဲဂူ၊ ရသေ့ဂူ၊ မောင်ဒီဂူ၊ ဝဲပျံဂူ၊ ဝေပုလဂူ၊ ကော့ကသောင်ဂူ၊ မင်းလွင်ဂူ၊ ဘုရင့်ညီနောင်ဂူ၊ ဝင်းဆုံဂူ၊ ဖားကပ်ဂူ၊ ကော့ဂွန်းဂူနှင့် ရသေ့ပျံဂူတို့သည် ရှေးဟောင်းဗုဒ္ဓရုပ်တုတော်များနှင့် ယဉ်ကျေးမှုအမွေအနှစ်လက်ရာများတည်ရှိသည့် ဂူများဖြစ်ကြပြီး ၎င်းတို့အနက် ကော့ဂွန်းဂူ၏ ရှေးဟောင်းယဉ်ကျေးမှုအနုလက်ရာများသည် အထင်ရှားဆုံးဂူတစ်ခုဖြစ်သည်။

ဘုရင့်ညီနောင်ဂူသည် ဘားအံမြို့၏ အနောက်ဘက် ၁၂ မိုင်အကွာ သံလွင်မြစ်နှင့်ဒုံသမိမြစ်တို့အကြား သထုံ-မြိုင်ကလေးသွားရာလမ်း၌ မြေပြန့်ပေါ်တွင် ထီးထီးမားမား ကြီးထိုးထွက်နေသော ကျောက်တောင်တွင် တည်ရှိပြီး ဂူအတွင်းရှိ ရှေးခေတ်လက်ရာ ဘုရားဆင်းတုတော်များကို ဖူးမြော်ကြည်ညိုနိုင်သည်။ အခြားဂူများကဲ့သို့ ဗုဒ္ဓဘာသာယဉ်ကျေးမှုလက်ရာအများအပြားတွေ့ရှိရပြီး ဂူပေါက်များစွာခွဲ ထွက်နေသည်။ ထူးခြားချက်မှာ လိုဏ်ဂူကြီး၏ တောင်ခြေရှိ ရေအိုင်ကြီးတွင် ရေပူ၊ ရေအေး နှစ်မျိုးသည် ပေါင်းစပ်ရော ယှက်သွားခြင်းမရှိဘဲ ယှဉ်လျက် အတူတူစီးဆင်းနေသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။

**(ဆက်လက်ဖော်ပြပါမည်)**


ကရင်ပြည်နယ်၏ အထင်ကရစေတီဖြစ်သည့် ကျောက်ကလပ်စေတီ။


ကရင်ပြည်နယ်၏ အရှည်ဆုံးလိုဏ်ဂူဖြစ်သည့် ဆဒ္ဒန်ဂူပေါက်ဝမြင်ကွင်း။

# မြစ်ကြီးနားသွား သတင်းသမား

ဦးဟန်ညွန့်(ဥပဒေ)

**မြစ်ကြီးနားသို့**

မြစ်ကြီးနားသို့ တာဝန်ဖြင့် ခရီးသွားခဲ့သည်။ ဘာတာဝန်လဲ။ သတင်းတာဝန်ပါ။ ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အထိမ်းအမှတ်ဟုပင် ဆိုနိုင်ပါသည်။ သတင်းတာဝန်ထဲမှာ ဥပဒေတာဝန်လည်းပါသည်။ သတင်းမီဒီယာ ဥပဒေအကြောင်း သိကောင်းစရာတွေ ရှင်းဖို့၊ လင်းဖို့တာဝန်လည်းပါသည်။ သတင်းသမား မပျင်းအားပါ။

**သတင်းဥပဒေမိသားစုများကကြို**

ဧပြီ ၂၉ ရက် နေ့လယ်ပိုင်း မြစ်ကြီးနားလေဆိပ်ရောက်တော့ သတင်းထောက်များ၊ ဥပဒေချုပ်ရုံး မိသားစုများက လာကြိုကြသည်။ ကျွန်တော်တို့ သတင်းအဖွဲ့တွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးသီဟစော၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စွာမင်းနှင့် စာရေးသူ(ကျွန်တော်) တို့ ပါဝင်ကြသည်။ အမှတ်တရခရီးစဉ်ပါ။

**ဆွေးနွေးပွဲ**

ဘာဆွေးနွေးပွဲလဲ။ "ပဋိပက္ခနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များကို ရေးသားဖော်ပြခြင်းနှင့် လူထုအသံမြှင့်တင်ခြင်းဆိုင်ရာ ဆွေးနွေးပွဲ" ဖြစ်ပါသည်။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ(MPC)နှင့် မြန်မာပါတီစုံဒီမိုကရေစီအစီအစဉ်(DIPD)တို့က ဦးဆောင်ကျင်းပခြင်းဖြစ်ပါသည်။ ကျင်းပသည့်နေရာမှာ မြစ်ကြီးနားမြို့ PALM SPRING HOTEL အစည်းအဝေးခန်းမ၌ ဖြစ်ပါသည်။ ဧပြီ ၃၀ ရက်မှ မေ ၁ ရက်အထိ နှစ်ရက်ကြာ ဖြစ်ပါသည်။

**တက်ရောက်ကြသူများ**

ဆွေးနွေးပွဲသို့ တက်ရောက်ကြသူများမှာ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်ကြီးများ၊ သတင်းမီဒီယာလောကမှ သတင်းထောက်များ၊ ပြည်နယ်ဥပဒေချုပ်ရုံးမှ ဥပဒေအရာရှိများ၊ ဖိတ်ကြားခြင်းခံရသူများ တက်ရောက်ကြပါသည်။

**ဦးတည်ချက်**

(၁) ပဋိပက္ခများချုပ်ငြိမ်းဖို့၊
(၂) ငြိမ်းချမ်းရေးကို ဦးတည်ဖို့၊
(၃) သတင်းမီဒီယာများက ဖြစ်စဉ်အမှန်တွေရေးသားဖို့၊
(၄) လူထုအသံမြှင့်တင်ဖို့၊
(၅) သတင်းမီဒီယာကို နားလည်ပေးဖို့ စသည့် ဦးတည်ချက်များဖြင့် ဆွေးနွေးပွဲကျင်းပခဲ့ခြင်းပါ။

**ဆွေးနွေးချက်အနှစ်ချုပ်**

ဆွေးနွေးချက်များ အနှစ်ချုပ်မှာ-

(၁) ပါတီများနှင့် ဒီမိုကရေစီဆိုင်ရာကိစ္စရပ်များ၊
(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပဋိပက္ခအခြေအနေဆိုင်ရာ သတင်းရေးသားခြင်း၊
(၃) လက်ရှိရေးသားဖော်ပြနေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပဋိပက္ခဆိုင်ရာ အတွေ့အကြုံများအား ပါတီများနှင့် မီဒီယာများမှ အုပ်စုဖွဲ့ဆွေးနွေးသုံးသပ်ခြင်း၊
(၄) လတ်တလော မီဒီယာလွတ်လပ်ခွင့်အခြေအနေ၊
(၅) ပါတီများနှင့် သတင်းလွတ်လပ်ခွင့်၊
(၆) သတင်းလွတ်လပ်ခွင့်အပေါ် လုပ်ဆောင်ရန် နည်းလမ်းများ၊
(၇) ဆိုရှယ်မီဒီယာ၊ တိုင်းရင်းသားမီဒီယာ၊ Citizen Journalists များ၏ အခန်းကဏ္ဍ၊
(၈) ပြည်သူ့အသံနှင့် တာဝန်ခံမှုမြှင့်တင်ခြင်း၊
(၉) ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပဋိပက္ခအခြေအနေအပေါ် မီဒီယာနှင့် ပါတီများ၏ စောင့်ကြည့်တင်ပြရေးသားခြင်း၊
(၁၀) နိုင်ငံရေးပါတီများ၏ ပံ့ပိုးနိုင်မှု၊
(၁၁) အရပ်ဘက်အဖွဲ့အစည်းများ၏ အမြင်၊
(၁၂) မီဒီယာလွတ်လပ်ခွင့်နှင့် မီဒီယာဥပဒေ၏ အကျိုးသက်ရောက်မှု၊
(၁၃) တိုင်းရင်းသားမီဒီယာများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အကျိုးသက်ရောက်မှု၊
(၁၄) အနာဂတ်ပူးပေါင်းလုပ်ဆောင်မှုများ၊
(၁၅) မီဒီယာများနှင့် ပါတီများ မည်သို့ ပူးပေါင်းပါဝင်ဆောင်ရွက်မည်လဲ စသည်တို့ ဖြစ်သည်။

**တက်ကြွသော ဆွေးနွေးမှု**

ဆွေးနွေးပွဲသို့ တက်ရောက်လာသူများအားလုံးက ငြိမ်းချမ်းရေးကို မြတ်နိုးကြသည်။ ပဋိပက္ခကို ရွံမုန်းကြသည်။ ဘယ်လိုနည်းလမ်းတွေ ကျင့်သုံးကြမည်လဲ။ ဘယ်သူက အားသာသလဲ။ ဘယ်သူက အားနည်းသလဲ။ ငြိမ်းချမ်းရေးအတွက်ဆိုလျှင် ဘာပဲလုပ်ရလုပ်ရ။ ပါတီများ၏ အခန်းကဏ္ဍဘာလဲ။ သတင်းမီဒီယာအခန်းကဏ္ဍ ဘာလဲ။ ပွင့်လင်းမြင်သာမှု ရှိရဲ့လား။ သတင်းမီဒီယာ တကယ်လွတ်လပ်ရဲ့လား။ ထူးမခြားနားလား။ အပေါ်ယံမျှသာ လွတ်လပ်ခြင်းလား။ သတင်းမီဒီယာကောင်စီသည်ရော လွတ်လပ်သော အဖွဲ့အစည်းဟုတ်ရဲ့လား။ တရားဥပဒေတွေကရော မတရားဥပဒေဖြစ်နေသလား။ စဉ်းစားစရာ၊ သုံးသပ်စရာ၊ ဆုံးဖြတ်စရာ. . . .

**ကျွန်တော့်ဆွေးနွေးချက်**

"မီဒီယာလွတ်လပ်ခွင့်နှင့် မီဒီယာဥပဒေ၏ အကျိုးသက်ရောက်မှု" ခေါင်းစဉ်ကို ကျွန်တော်တာဝန်ခံ ဆွေးနွေးခဲ့ပါသည်။ မြန်မာနိုင်ငံ၏ သတင်းလွတ်လပ်ခွင့်အဆင့်အတန်း(ယခင်ကထက်) များစွာမြင့်တက်လာပြီဖြစ်ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံအချို့ထက်ပင် အဆင့်မြင့်နေပြီဖြစ်ပါကြောင်း၊ ယခုဆွေးနွေးပွဲသည်ပင် လက်တွေ့နမူနာတစ်ခုဟု ပြောနိုင်ပါကြောင်း (နယ်စည်းမခြားသတင်းထောက်အဖွဲ့က စာနယ်ဇင်းလွတ်လပ်ခွင့်နှင့်ပတ်သက်၍ နှစ်စဉ်နိုင်ငံအလိုက်စာရင်းတွင် အဆင့် ၁၃၁ သို့ရောက်ရှိလာကြောင်း ထုတ်ပြန်ချက်ကို ကိုးကားလျက်)၊ ထို့ပြင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာဥပဒေပုဒ်မ ၁၂ အရ "စာနယ်ဇင်းသမားများနှင့် စပ်လျဉ်း၍ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်နိုင်သည့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်ပါကြောင်း" ကျွန်တော်တင်ပြဆွေးနွေးခဲ့ပါသည်။

**မတရားသင်းဥပဒေ**

မတရားသင်းအက်ဥပဒေမှာ နိုင်ငံရေးအသင်းများအတွက် အန္တရာယ်ရှိနိုင်ကြောင်း၊ ငြိမ်းချမ်းရေးအတွက် ဤဥပဒေကို ပြင်ဆင်ပြောင်းလဲသင့်ကြောင်းဖြင့် ဆွေးနွေးပွဲသို့ တက်ရောက်လာသူ၊ တရားလွှတ်တော်ရှေ့နေ ဒေါ်ဒွဲဘူက ဆွေးနွေးပါသည်။ အခြားအခြားသော ဆွေးနွေးချက်များကိုလည်း (အလျဉ်းသင့်သလို) ဆက်လက်ရေးသားတင်ပြပါဦးမည်။

**သတင်းသိပိုင်ခွင့် ဥပဒေ(RTI)**

သတင်းအချက်အလက်တောင်းယူရရှိပိုင်ခွင့်ကို ဥပဒေရေးဆွဲဖို့ တက်ရောက်လာကြသော သတင်းသမားများက တင်ပြမေးမြန်းကြပါသည်။ အဆိုပါဥပဒေ (RTI- Right to Information)နှင့်စပ်လျဉ်း၍ စတင်ရေးဆွဲနေပြီဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဖိတ်ကြားချက်အရ သတင်းအချက်အလက် တောင်းယူရရှိပိုင်ခွင့်ဥပဒေရေးဆွဲရေးဆိုင်ရာ အစည်းအဝေးသို့ (ယခု မြစ်ကြီးနားဆွေးနွေးပွဲ ပြီးပြီးချင်း) မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ သွားရောက်ဆွေးနွေးမည်ဖြစ်ပါကြောင်း ကျွန်တော်ရှင်းလင်းတင်ပြခဲ့ပါသည်။

**မြစ်ဆုံ၏အလှအပ**

တိုင်းရင်းသားပြည်သူအပေါင်း၏အလှအပများ လွှမ်းခြုံစုဝေးရာ မြစ်ဆုံအလှအပကို ပြည်နယ်ဥပဒေညွှန်ကြားရေးမှူး ဦးဌေးအောင်၊ မြို့နယ်ဥပဒေအရာရှိ ဦးလွမ်းဇယ်၊ ဦးစီးအရာရှိ ဦးအေးမင်းတို့အဖွဲ့က လိုက်လံပြသကြသည်။ သတင်းမီဒီယာဥက္ကဋ္ဌ ဦးစိုင်းထိန်လင်း၊ ဦးနိုင်မိုး၊ ဦးချမ်းငြိမ်းထွန်းတို့ကလည်း ဒေသသတင်းများ ရှာဖွေညှိနှိုင်းပေးခဲ့ကြသည်။ အလွန်တိုတောင်းသောအချိန်အကန့်အသတ်ကြောင့် မြစ်ဆုံအလှအပကို နောက်တစ်ခေါက်လာရောက်ပါရစေ။ သတင်းဆွေးနွေးပွဲတွေ စုံစုံလင်လင် ဆက်လက်ဆင်နွှဲပါရစေဟု ခွင့်ပန်၊ မေတ္တာရပ်ခံခဲ့ရသည်။

**နှုတ်ခွန်းဆက်သ**

(၁) သတင်းမီဒီယာလောကသားများ မျှော်လင့်တောင့်တ ရေးသားကြရမည်။ သတင်းအချက်အလက် တောင်းယူရရှိပိုင်ခွင့်ဥပဒေ ရေးဆွဲရေးအစည်းအဝေး တက်ရောက်ရန်၊ ဆွေးနွေးရန်၊
(၂) ရန်ကုန်မြို့တွင်ကျင်းပမည့် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားတက်ရောက်ရန်၊
(၃) မြန်မာနိုင်ငံ သတင်းစာဆရာအသင်းက ကြီးမှူးကျင်းပသော "အမျိုးသားသတင်းဆု" ဆုပေးပွဲ တက်ရောက်အားပေးရန်၊
(၄) ကချင်ပြည်နယ်ကိုယ်စားပြု သတင်းမီဒီယာများ၏ တင်ပြချက်များ၊ အခြားအဖွဲ့အစည်းများ၏ဆွေးနွေးချက်အား လေးစားစွာဆက်လက်တင်ပြဖော်ဆောင်ရန်၊ လှပသာယာလွန်းလှသော ကချင်ပြည်နယ်၏မြစ်ဆုံအလှအပကို ကြည်နူး၊ ဦးညွှတ် နှုတ်ဆက်လျက် . . . .။

ကျွန်တော်၏ "မြစ်ကြီးနားသွား သတင်းသမား"၏ ခံစားတင်ပြချက်ကို မျှဝေအစီရင်ခံအပ်ပါကြောင်း . . .။

## မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အကြို နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် အသိပညာပေးဟောပြောပွဲ ပြုလုပ်

**နေပြည်တော် မေ ၁၁**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်၉ နာရီက နေပြည်တော် ဥတ္တရသီရိမြို့နယ် မအူလေးပင်ကျေးရွာရှိ ပညာ့မဏ္ဍိုင်စာကြည့်တိုက်ရှေ့၌ ပြုလုပ်ခဲ့သည်။



ဟောပြောပွဲအပြီးတွင် တက်ရောက်လာကြသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အသိပညာပေး နံရံကပ်စာစောင်များ၊ ဓာတ်ပုံများကို ကြည့်ရှုခဲ့ကြပြီး ကျေးရွာအတွင်းရှိ ကျောင်းသား ကျောင်းသူ ၂၀ အား စာကြည့်တိုက်အတွင်း၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဆေးရောင်ခြယ်ပြိုင်ပွဲကို ပြုလုပ်ပေးခဲ့ပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်ဌေးနှင့် ကျေးရွာသူ ကျေးရွာသားများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ရွှေရဲရင့်)**

မူးယစ်ကိုပစ် ပန်းတိုင်သစ်၊ စိတ်သစ် လူသစ် ဘဝသစ်



## ဗုဒ္ဓဘိသေကမင်္ဂလာ-ဥပသမ္ပဒ ကံထပ်မင်္ဂလာအခမ်းအနားနှင့် မော်တော်ယာဉ်တစ်စီး လှူဒါန်းပွဲကျင်းပ

**နေပြည်တော် မေ ၁၁**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် နန်းဦးပရိယတ္တိစာသင်တိုက်တွင် ယမန်နေ့ နံနက် ၁၀ နာရီက နန်းဦးကျောင်းဆရာတော် ဘဒ္ဒန္တ ဥဇ္ဇောတဂန္ထဝါစကပဏ္ဍိတအား ဥပသမ္ပဒ ကံထပ်မင်္ဂလာအခမ်းအနား ကျင်းပခဲ့ပြီး အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဆရာမကြီး ဒေါ်အေးအေးခန့် မိသားစုက Toyota Ipsum မော်တော်ယာဉ်တစ်စီး ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ယင်းနောက် အလှူရှင်မိသားစုနှင့် တက်ရောက်လာကြသူများက ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းကြကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**




## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် "Grow Asia" ဖိုရမ်သို့ တက်ရောက်

**နေပြည်တော် မေ ၁၁**

"World Economic Forum on ASEAN" တက်ရောက်ရန်အတွက် ကမ္ဘောဒီးယားနိုင်ငံ၌ ရောက်ရှိနေသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မေ ၁၀ ရက်က ဖနောင်ပင်မြို့ Sofitel Hotel ၌ ကျင်းပသည့် "Grow Asia" ဖိုရမ်သို့ တက်ရောက်ခဲ့သည်။

အဆိုပါဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့်အတူ ကမ္ဘောဒီးယားနိုင်ငံ လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Veng Sakhon၊ ဗီယက်နမ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Nguyen Xuan Cuong၊ အင်ဒိုနီးရှားနိုင်ငံ နိုင်ငံတကာကုန်သွယ်ဆက်ဆံရေး ဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် Mr. Myat Syukur၊ လာအိုနိုင်ငံ လယ်ယာနှင့် သစ်တော ဒုတိယဝန်ကြီး H.E. Mr. Phouang Parisak Pravongviengkham၊ အာဆီယံအဖွဲ့ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် H.E. Mr. Vongthep Arthakaivalvatee၊ ဖိလစ်ပိုင်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဌာန အတွင်းဝန် Ms. Evelyn G. Lavina တို့နှင့်အတူ ကဏ္ဍအသီးသီးမှ ပညာရှင်များ၊ ထိပ်သီးစီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုအဖွဲ့အစည်း အသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် "Grow Asia Forum" ၏ Side Event ဖြစ်သော "Interactive Session on Myanmar Agriculture Network" သို့ တက်ရောက်ဆွေးနွေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နယ်စပ်ရေးရာဝန်ကြီးဌာနမှ သောက်သုံးရေ လှူဒါန်း

**နေပြည်တော် မေ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာနမှ နေပြည်တော်ကောင်စီနယ်မြေအတွင်း နွေရာသီရေရှားပါးသည့် ကျေးရွာများသို့ ဂါလန် ၂၀၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် ရေလှူဒါန်းလျက်ရှိရာ မေ ၉ ရက်တွင် ဇေယျာသီရိမြို့နယ် ပုပ္ပါးကုန်းကျေးရွာနှင့် ပုဗ္ဗသီရိမြို့နယ် ဖတ်တဲကုန်းကျေးရွာတို့သို့ ရေဂါလန် ၂၀၀၀ စီ၊ မေ ၁၁ ရက်တွင် ပျဉ်းမနားမြို့နယ် ဇီးရိုင်းကျေးရွာသို့ ရေဂါလန် ၂၀၀၀ နှင့် တောင်သာကျေးရွာသို့ ရေဂါလန် ၆၀၀၀ စုစုပေါင်း ရေဂါလန် ၁၂၀၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

အလားတူ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှလည်း ဂါလန် ၈၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ငါ့တရော်ဘူတာရွာသို့ မေ ၁၀ ရက်က ရေဂါလန် ၈၀၀၊ မေ ၁၁ ရက်က ရွာသစ်ရွာသို့ ရေဂါလန် ၈၀၀ ကိုလည်းကောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်မှလည်း မေ ၉ ရက်က စစ်ကိုင်းမြို့နယ် အုန်းတောမြောက်ရွာသို့ ရေဂါလန် ၈၀၀၊ မေ ၁၀ ရက်က ထန်းတောရွာ ဘုန်းတော်ကြီးကျောင်းသို့ ရေဂါလန် ၁၆၀၀၊ မေ ၁၁ ရက်က ထန်းတောရွာသို့ ရေဂါလန် ၃၂၀၀ ကိုလည်းကောင်း စုစုပေါင်း ရေဂါလန် ၇၂၀၀ ကို လှူဒါန်းဖြန့်ဝေခဲ့သည်။ မိုးမကျမီကာလအထိ ရေရှားပါးသည့်ကျေးရွာများသို့ ဆက်လက်ရေလှူဒါန်းဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံ

**ရန်ကုန် မေ ၁၁**

မြန်မာနိုင်ငံအတွင်း ဘာသာပေါင်းစုံမှ ဘာသာဝင်အချင်းချင်း တစ်ဦး၏ ဘာသာတရား ယုံကြည်ချက်နှင့် ခံယူချက်များကို အပြန်အလှန်လေးစားလျက် အတူတကွ အေးချမ်းစွာနေထိုင်သွားရန်၊ ဘာသာရေးပဋိပက္ခများ၊ သဘာဝဘေးအန္တရာယ်များ ကြုံတင်ကာကွယ်ရေး၊ ဘာသာရေးနှင့် လူမျိုးရေး ပဋိပက္ခများကြောင့် ဒုက္ခရောက်နေသူများကို ကူညီစောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန်၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် အမျိုးသားကြန်အင်လက္ခဏာကို မပျောက်ပျက်အောင် ထိန်းသိမ်းရင်း ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ဘာသာရေးနှင့် ဆက်နွယ်သော အခြားနစ်နာမှုများရှိလာပါက ဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် သက်ဆိုင်သည့် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကို ဘာသာအသီးသီးမှ ကိုယ်စားလှယ်များပါဝင်လျက် ဖွဲ့စည်းခဲ့သည်။

ပစ္စုပ္ပန်အခြေအနေတွင် အင်တာနက်လူမှုကွန်ရက် စာမျက်နှာများတွင် အမုန်းတရား၊ အမုန်းစကားရေးသားနေသည့် စာများသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်ဟန့်တားလျက်ရှိနေသည်။

အဆိုပါအခြေအနေများကို ပြည်သူများအနေဖြင့် သတိရှိရှိရင်ဆိုင်ကျော်လွှားနိုင်ရန်နှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

**ဦးသောင်းထိုက်(ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်)**

မြန်မာနိုင်ငံအတွင်းမှာ မတူကွဲပြားတဲ့ ဘာသာဝင်အချင်းချင်း ဘာသာတရား ယုံကြည်ချက်၊ ခံယူချက်တွေကို တစ်ဦးနဲ့တစ်ဦး အပြန်အလှန်လေးစားပြီး အတူတကွ အေးချမ်းစွာ နေထိုင်သွားကြဖို့ဆိုတဲ့ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ရဲ့ ရည်ရွယ်ချက်ရှိပါတယ်။ အကြမ်းဖက်လုပ်ရပ်တွေ ဥပဒေမဲ့လုပ်ရပ်တွေအပေါ် သဘောမတူပါဘူး။ ပြည်တွင်းမှာရှိတဲ့ တိုင်းရင်းသားအားလုံးက ငြိမ်းချမ်းသာယာဖို့အတွက် အမြင်ကျယ်ပြန့်တဲ့ လူငယ်ထုက ဝိုင်းဝန်းအကောင်အထည်ဖော်ကြဖို့ အထူးလိုအပ်ပါတယ်။ အမုန်းစကား၊ အမုန်းတရားတွေကို အင်တာနက်လူမှုကွန်ရက်တွေမှာ မဟုတ်မမှန် လုပ်ကြံဖန်တီးနေရာကနေ ဒေါသတွေပေါက်ကွဲ ပဋိပက္ခတွေ ဖြစ်ပေါ်တယ်ဆိုတာ နေရာအနှံ့မှာဖြစ်ပေါ်နေတယ်။ ပဋိပက္ခဒဏ်ကို ခံစားရတာက လူ့အဖွဲ့အစည်းအတွင်းမှာရှိတဲ့ သူအားလုံးခံစားရတယ်။ အမုန်းတရား၊ အမုန်းစကားတွေကို တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်ပြောဆိုနေတာ အားလုံးကို လျှော့ပါးရေးက ပထမပါ။ လုံးဝမပြောဆိုရေးအတွက် လူငယ်တွေက ဝိုင်းဝန်းပြီး ဆောင်ရွက်ဖို့ လိုပါတယ်။


ဦးသောင်းထိုက်


ဦးညွန့်မောင်ရှိန်


ဒေါက်တာသာညဏ်


ဒေါက်တာလှထွန်း

**ဒေါက်တာလှထွန်း(ဟိန္ဒူဘာသာရေးအဖွဲ့အကျိုးဆောင်)**

နှစ်ဦးနှစ်ဖက် ထိတွေ့ပြီဆိုရင် ဘယ်လိုပဲပြောပြော တိုင်းပြည်ဂုဏ်သိက္ခာရော၊ ဘာသာရဲ့ဂုဏ်သိက္ခာရော၊ လူမျိုးရဲ့ဂုဏ်သိက္ခာရော ထိခိုက်တယ်။ တိုင်းပြည်ရဲ့ ငြိမ်းချမ်းမှုကို ပျက်ပြယ်စေတဲ့ အနှောင့်အယှက်ပေးတဲ့ မဟုတ်မမှန်တဲ့သတင်းကို မဖြန့်သင့်ဘူး၊ မတင်သင့်ဘူး။ ကိုယ်တစ်ယောက်လုပ်တာနဲ့ ဂယက်ရိုက်တာက အများကြီးပဲ။ တစ်ယောက်လုပ်တာနဲ့ တိုင်းပြည်နစ်နာစေတဲ့ အဆင့်ကို ရောက်စေတယ်။ သက်ဆိုင်ရာကလည်း ပြဿနာဖြစ်ပွားလာရင် တရားဝင် သတင်းတွေထုတ်ပြန်ဖို့ လိုလိမ့်မယ်။ ဒါမှလည်း ပြည်သူလူထုအကြား ယုံကြည်မှုရလာမယ်။ တစ်ဖက်မှာလည်း ဘာမှမလုပ်ဘူး၊ မတုံ့ပြန်ဘူးဆိုရင် နောက်တစ်ဖက်က သူဖြစ်ချင်တာ၊ သူလုပ်ချင်တာတွေ လုပ်လုပ်သွားတယ်လို့မြင်တယ်။ မဟုတ်မမှန် သတင်းဖြန့်တဲ့ သူတွေကို ဥပဒေအရ အရေးယူဖို့ လိုတယ်။ ပြည်သူလူထုယုံကြည်မှုရှိအောင် အဖြစ်မှန်ကို သက်ဆိုင်ရာက သတင်းမှန်တွေထုတ်ပြန်သင့်တယ်။

**ဒေါက်တာသာညဏ်**

**(အထွေထွေအတွင်းရေးမှူး၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့)**

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်စေချင်တယ်။ ရှေးယခင်ကတည်းကလည်း ချစ်ကြည်ညီညွတ်ခဲ့ပါတယ်။ အခုဖြစ်နေတဲ့ကိစ္စတွေအတွက် စိတ်မကောင်းပါဘူး။ ဘာကြောင့်ဖြစ်နေလဲဆိုတဲ့ ပြဿနာရဲ့အတိမ်အနက်ကို သေသေချာချာ တိတိကျကျသိဖို့လိုပြီ။ သိမှဖြေရှင်းလို့ရမှာ။ လက်ရုံးနဲ့ဖြေရှင်းလို့မရပါဘူး။ လက်နက်နဲ့ဖြေရှင်းလို့ မရပါဘူး။ ဆွေးနွေးမယ်၊ ညှိနှိုင်းမယ်၊ ပြောဆိုမယ်။ မြန်မာနိုင်ငံမှာ တရားဥပဒေရှိပါတယ်။ တွေ့ဆုံဆွေးနွေးလို့မအောင်မြင်ရင် ဥပဒေကို လိုက်နာကျင့်သုံးပြီး ဥပဒေကိုနာခံဖို့ ရှိပါတယ်။ တရားဥပဒေအပြင်ဘက်ကိုတော့ မထွက်စေချင်ပါဘူး။ အားလုံးက လူတွေပါ။ အသားညိုတာ၊ ဖြူတာ၊ ဝါတာ၊ မည်းတာမကွဲပါဘူး။ ခရစ်ယာန်ဖြစ်တာ၊ ဟိန္ဒူဖြစ်တာ၊ ဗုဒ္ဓဘာသာဖြစ်တာ၊ အစ္စလာမ်ဖြစ်တာနဲ့ မကွဲပါဘူး။ ဒီဘာသာတွေကလည်း မေတ္တာတရားကို အခြေခံတဲ့ဘာသာတွေဖြစ်ပါတယ်။ အားလုံးမေတ္တာထားကြပါ။ ကိုယ်ချင်းစာစိတ်လေး ထားစေချင်ပါတယ်။

**ဦးညွန့်မောင်ရှိန် (ဥက္ကဋ္ဌ၊ အစ္စလာမ်သာသနာရေးရာကောင်စီ)**

မကြာသေးမီက ဖြစ်ပွားခဲ့တဲ့ကိစ္စတွေနဲ့ပတ်သက်ပြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးကို အလေးထားပြီး ပြောရမယ်ဆိုရင် လက်ရှိအခြေအနေက တရားဥပဒေစိုးမိုးမှုအားနည်းနေတယ်။ အရေးယူမှုပိုင်းမှာလည်း အားနည်းနေတယ်။ ဒါက မကောင်းဘူး။ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအတွက်လည်း မကောင်းဘူး။ တိုင်းပြည်ငြိမ်းချမ်းသာယာရေးအတွက်လည်း မကောင်းဘူး။ ဒီကိစ္စတွေဟာ မလိုလားအပ်တဲ့ ပြဿနာတွေပါ။ ဆိုရှယ်မီဒီယာတွေ၊ လူမှုကွန်ရက် ဖေ့စ်ဘုတ်တွေပေါ်မှာလည်း အမုန်းတရားပွားနေတာတွေ ရပ်ဆိုင်းသွားဖို့ ဥပဒေမူကြမ်းတစ်ခု တင်ထားပါတယ်။ ဒီနေ့အထိဥပဒေမူကြမ်းက ဆက်လက်ရွှေ့လျားနေတယ်။ တတိယမူကြမ်းထွက်လာမယ့် အဆင့်အထိ ရောက်နေပါပြီ။ ဘာသာပေါင်းစုံချစ်ကြည်ရေးကို ထိခိုက်ပြီး မြန်မာနိုင်ငံမှာရှိတဲ့ လူ့အဖွဲ့အစည်းအသီးသီးရဲ့ မျက်နှာကို တန်ဖိုးမထားဘဲ အမုန်းတရားတွေပွားဖို့ လုပ်နေတာတွေရှိနေပါတယ်။ အမုန်းစကား၊ အမုန်းတရားတွေပွားနေတာက မြန်မာနိုင်ငံရဲ့ လက်ရှိပစ္စုပ္ပန်အခြေအနေ ဆောင်ရွက်နေတာကို ပိုပြီးရှုပ်ထွေးစေပါတယ်။

**တွေ့ဆုံမေးမြန်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်ရှိ ကျေးရွာများတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး



**အမ်း မေ ၁၁**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဘဲရကုလားချောင်းကျေးရွာနေ ဒေသခံရခိုင်တိုင်းရင်းသား ငါးဦးသည် ဧပြီ ၁၁ ရက်တွင် ကတ္တရာစေးအရောင်များ အော့အန်သဖြင့် ကျေးရွာရှိ အရပ်ဆေးကုဆရာမှ ကုသပေးခဲ့ရာ သုံးဦး ပျောက်ကင်းပြီး နှစ်ဦးအား ပေါက်တောမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသစေခဲ့သည်။ သက်ြန်ကာလအတွင်းက အဆိုပါကျေးရွာနေ ၁၀ ဦး၊ ဧပြီ ၂၃ ရက်မှ ၂၇ ရက်ကြားတွင် ၄၀ တို့ ရောဂါထပ်မံဖြစ်ပွားခဲ့ပြီး မေ ၇ ရက်အထိ ၁၂၀ ခန့် ရောဂါဖြစ်ပွားခဲ့ကြောင်း သိရသည်။

မေ ၈ ရက်တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် စစ်တွေမြို့နှင့်ပေါက်တောမြို့တို့မှ ငှက်ဖျားတိုက်ဖျက်ရေး ဆရာဝန်အဖွဲ့တို့သည် ဘဲရကုလားချောင်းကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် အဆိုပါလူနာများအား စမ်းသပ်ကြည့်ရှုခဲ့သည်။ စမ်းသပ်ကြည့်ရှုချက်များအရ သွေးလွန်တုပ်ကွေးသံသယရှိသူ ၁၈ ဦးတွေ့ရှိသဖြင့် သွေးစစ်ခဲ့ရာ သွေးလွန်တုပ်ကွေးရောဂါပိုး ၁၄ ဦးတွေ့ရှိရသည်။

အဆိုပါ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၄ ဦးနှင့် တုပ်ကွေး ရိုးရိုးရောဂါ ၄၈ ဦး၊ ဝမ်းပျက်ဝမ်းလျှောရောဂါ တစ်ဦး၊ အစာအိမ်ရောဂါ သုံးဦး၊ ယားနာရောဂါ သုံးဦး၊ အာရုံကြောအားနည်းရောဂါ လေးဦး၊ သွေးတိုးရောဂါ နှစ်ဦး၊ ခါးနာရောဂါငါးဦးနှင့် အထွေထွေအားနည်းရောဂါ ၁၃ ဦး စုစုပေါင်း ၉၃ ဦးတို့ကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ နေအိမ်များတွင် ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်ပေးခြင်း၊ ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါအနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့သည် မေ ၉ ရက်နှင့် ၁၀ ရက်တွင် ပေါက်တောမြို့နယ် ကြိုင်းရှီကျေးရွာ၊ ငဖြူကျေးရွာနှင့် ချောင်းနွယ်ကျေးရွာများရှိ ဒေသခံတိုင်းရင်းသားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆေးဝါးကုသမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ သံဃာတော် ၁၀ ပါးနှင့် တုပ်ကွေးရောဂါ ရိုးရိုး ၆၀၊ သွေးတိုးရောဂါ ၅၉ ဦး၊ အစာအိမ်ရောဂါ ၁၆ ဦး၊ မျက်စိရောဂါ တစ်ဦး၊ အထွေထွေအားနည်းရောဂါ ၈၄ ဦး၊ အရိုးအကြောရောဂါ ကိုးဦး၊ အထွေထွေရောဂါ ၁၆၇ ဦး စုစုပေါင်း ၄၀၆ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား စစ်တွေမြို့ အမှတ်(၁၇) တပ်မတော်ဆေးရုံ(ခုတင်-၁၀၀)သို့ ဆေးရုံတက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



မောင်တောမြို့ သီရိမင်္ဂလာခန်းမ၌ (၄)နှစ်မြောက် ရခိုင်အမျိုးသားနေ့ ကျင်းပစဉ်။

# မောင်တောမြို့၌ (၄)နှစ်မြောက် ရခိုင်အမျိုးသားနေ့အခမ်းအနား ကျင်းပ

**မောင်တော မေ ၁၁**

ရခိုင်အမျိုးသားနေ့ကို ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တောမြို့ ဗန္ဓုလပန်းခြံ သီရိမင်္ဂလာခန်းမ၌ ယနေ့ နံနက် ၈ နာရီတွင် စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ရခိုင်အမျိုးသားနေ့အခမ်းအနားတွင် ရခိုင်မင်္ဂလာစည်တော်အဖွဲ့က ပိုက်စုံရတုဖြင့် အခမ်းအနားကို သီဆိုဖွင့်လှစ်ပြီး ခေတ်အဆက်ဆက် ရခိုင်အမျိုးသားခေါင်းဆောင်ကြီးများအား တက်ရောက်လာသော ဒေသခံပြည်သူများက တစ်မိနစ်ငြိမ်သက်စွာအလေးပြုသည်။ ယင်းနောက် အလှည့်ကျသဘာပတိ ဦးမောင်အုန်းက အဖွင့်မိန့်ခွန်းပြောကြားပြီး ရခိုင်အမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို မောင်တောမြို့နယ် ရခိုင်အမျိုးသားပါတီ ဥက္ကဋ္ဌ ဦးခင်မောင်သန်းက ဖတ်ကြားသည်။

ယင်းနောက် အခမ်းအနားတွင် စာပေဟောပြောပွဲကို ထည့်သွင်းထားရာ ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇောဦး ( စစ်တွေ)၊ ကျောက်တော်မြို့မှ သူမြတ်(မဟာအောင်မြေ)နှင့် သားလှ(ရသေ့တောင်)မြို့တို့က ဟောပြောကြသည်။

ဆက်လက်၍ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခြေခံပညာ အထက်တန်းစာမေးပွဲတွင် မောင်တောခရိုင်အတွင်း အမှတ်အများဆုံးရ ကျောင်းသား ကျောင်းသူသုံးဦးအား ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများကို ချီးမြှင့်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် မောင်တောခရိုင်ကိုယ်စားပြု ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသားကျောင်းသူများကို ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများချီးမြှင့်ပေးအပ်သည်။

အခမ်းအနားသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဌာနမှ စာအုပ်ပြပွဲကို ခင်းကျင်းပြသခဲ့ပြီး ဧည့်ပရိသတ်တို့ကို အချိုရည်အအေးများဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။

ယနေ့ကျင်းပသော ရခိုင်အမျိုးသားနေ့အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်တွင်းရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရခိုင်အမျိုးသားပါတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအပါအဝင် ပြည်သူ အင်အား တစ်ထောင်ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်၊**
**အောင်ကျော်စိန်(မောင်တော)**
**ဓာတ်ပုံ-မောင်မောင်သန့်(ကြေးမုံ)**

# ရခိုင်အမျိုးသားနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ မောင်တောမြို့၌ ကျင်းပ

**မောင်တော မေ ၁၁**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ယနေ့ကျင်းပသော ရခိုင်အမျိုးသားနေ့အခမ်းအနားအထိမ်းအမှတ်အဖြစ် အားကစားပြိုင်ပွဲများကို ယနေ့ ညနေပိုင်းတွင် မောင်တောမြို့ မြို့မအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

အားကစားပြိုင်ပွဲတွင် ရိုးရာအားကစားပြိုင်ပွဲများအဖြစ် လွန်ဆွဲပွဲ(အမျိုးသား၊ အမျိုးသမီး)၊ ချောတိုင်တက်ပွဲနှင့် လူငယ်အကြိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲတို့ကို ထည့်သွင်းကျင်းပခဲ့သည်။ အမျိုးသားလွန်ဆွဲပွဲတွင် သစ်တောရွာအသင်း၊ ကန်သာယာ(အလယ်)အသင်း၊ ကန်သာယာ(အထက်)အသင်းနှင့် ဆက်သွယ်ရေးအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကစားကြရာ ဆက်သွယ်ရေးအသင်းက ပထမရရှိခဲ့ပြီး သစ်တောရွာအသင်းက ဒုတိယဆုရရှိခဲ့သည်။ အမျိုးသမီးလွန်ဆွဲပြိုင်ပွဲတွင် သရေကုန်းဘောင်၊ မြို့ဦး၊ ဒေါ်ရွှေစောခိုင်၊ မောရဝတီ(၂)၊ လုပ်ကစိ၊ သစ်တောရွာ(၂)၊ သစ်တောရွာ(၁)၊ မြို့သစ်၊ မောရဝတီ(၁)၊ ငွေတောင်၊ ကန်သာယာအသင်းနှင့် ရဲစခန်းအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကစားရာ သစ်တောရွာ(၂) အသင်းကပထမရရှိခဲ့ပြီး သစ်တောရွာ(၁)အသင်းက ဒုတိယဆုရရှိခဲ့သည်။



ချောတိုင်တက်ပွဲ၌ ယခုနှစ်တွင် ဝင်ရောက်ယှဉ်ပြိုင်မှုများခဲ့ပြီး ငွေတောင်၊ မောရဝတီ၊ ကန်သာယာ (အထက်)၊ ကန်သာယာ(အလယ်)၊ သာယာကုန်း၊ ဘလုံးမောင်နှင့်အဖွဲ့၊ ကျော်ကျော်နိုင်နှင့်အဖွဲ့၊ ကန်ပြင်သာစည်၊ လာဘာလာဘာအဖွဲ့၊ ပျင်းတောင် ပျင်းသေးအဖွဲ့၊ သစ်တောရွာ၊ ဓညဝတီ၊ မောင်လှအဖွဲ့နှင့် မောင်မောင်အဖွဲ့တို့ အလှည့်ကျကြိုးပမ်းတက်ရောက်ရာ မောင်မောင်အဖွဲ့က အောင်နိုင်အလံဆုကို ဆွတ်ခူးသွားသည်။ အလားတူပိုက်ကျော်ခြင်းပြိုင်ပွဲတွင်လည်း အသင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ရာ အုပ်စုသုံးစုခွဲ၍ ယှဉ်ပြိုင်ကစားရာ၌ (က)အုပ်စုတွင် ဇင်ဘိုဝေယံ၊ ညီချေ၊ ဆောက်လုပ်ရေး၊ (ခ) အုပ်စုတွင် ဆေးမှူး၊ နိုင်ဝင်း၊ ကျော်ဆန်းဦး၊ ဒိုးသီး၊ (ဂ)အုပ်စုတွင် ကန်သာယာ၊ တပ်ရင်း(၁)၊ တပ်ရင်း(၂)နှင့် တပ်ရင်း(၃)တို့ ဝင်ရောက်ယှဉ်ပြိုင်ရာ ဗိုလ်လုပွဲတွင် အုပ်စု(ခ)မှ ဆေးမှူးအသင်းနှင့် နိုင်ဝင်းအသင်းတို့ ပြန်လည်ဆုံတွေ့ကြပြီး ဆေးမှူးအသင်းက နှစ်ပွဲတစ်ပွဲဖြင့် ပထမဆုဆွတ်ခူးရရှိခဲ့သည်။ ဒုတိယဆုကို နိုင်ဝင်းအသင်းက ရရှိခဲ့သည်။

ယင်းပြိုင်ပွဲများတွင် လွန်ဆွဲ(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ၌ ပထမဆုရရှိသည့်အသင်းကို ဆုငွေကျပ်နှစ်သိန်း၊ ဒုတိယဆုရရှိသည့်အသင်းကို ဆုငွေကျပ်တစ်သိန်းခွဲ၊ ချောတိုင်တက်ပွဲတွင် အောင်နိုင်အလံတက်ရောက်ယူနိုင်သည့်အဖွဲ့ကို ငွေကျပ်တစ်သိန်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမဆုရအသင်းကို ငွေကျပ်တစ်သိန်းနှင့် ဒုတိယဆုရရှိသည့်အသင်းကို ငွေကျပ်ရှစ်သောင်း ကျင်းပရေးကော်မတီအဖွဲ့က ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**သတင်း - မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ - မောင်မောင်သန့်(ကြေးမုံ)**

# ICRC ဥက္ကဋ္ဌနှင့်အဖွဲ့ သင်္ကယ်ပြင်၊ ဆင်တက်မော် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်လေ့လာ

**နေပြည်တော် မေ ၁၁**

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ ICRC ဥက္ကဋ္ဌ Mr.Peter Maurer နှင့် အဖွဲ့သည် မေ ၉ ရက်မွန်းလွဲပိုင်းတွင် စစ်တွေမြို့သို့ရောက်ရှိကြပြီး စစ်တွေမြို့နယ် သင်္ကယ်ပြင်ကယ်ဆယ်ရေးစခန်းရှိနေထိုင်သူများနှင့်တွေ့ဆုံ၍ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေများအား မေးမြန်းကာ စခန်းအတွင်း လှည့်လည်လေ့လာကြသည်။

ညနေပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်နယ်ဝန်ကြီးချုပ်နှင့်တွေ့ဆုံပြီး ICRC နှင့် ပတ်သက်သည့် လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။ မေ ၁၀ ရက် နံနက်ပိုင်းတွင် ICRC ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပေါက်တောမြို့နယ် ဆင်တက်မော်ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိကြပြီး စခန်းတာဝန်ခံ အဒူကော်ရိန်(ခ) ခင်မောင်လှအပါအဝင် ၁၀ ဦးနှင့်တွေ့ဆုံ၍ လျှပ်စစ်မီးရရှိမှု၊ လူမှုရေး၊ ကျန်းမာရေးအခြေအနေများအား မေးမြန်းကာ စခန်းအတွင်းလှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဆင်တက်မော်ကျေးရွာဆေးခန်း၌ အုပ်ချုပ်ရေးမှူး ဦးထွန်းလှိုင်အပါအဝင် ရွာသူ ရွာသား ၁၇ ဦးနှင့်တွေ့ဆုံ၍ ကျန်းမာရေးပညာပေးသင်တန်းဖွင့်လှစ်ပေးမည့်အစီအစဉ်များအားဆွေးနွေးပြီး မွန်းလွဲပိုင်းတွင် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့နယ် ပလ္လင်ပြင်-အောင်ဒိုင်-ကျက်တောပြင် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းဖွင့်ပွဲသို့ တက်ရောက်

**နေပြည်တော် မေ ၁၁**
နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ခွင့်ပြုရန်ပုံငွေကျပ် ၄၁၈ ဒသမ ၈၅၄ သန်းဖြင့် ဆောင်ရွက်ခဲ့သော ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ပလ္လင်ပြင်-အောင်ဒိုင်-ကျက်တောပြင်ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း (၃/၁)မိုင် ဖွင့်ပွဲကို မေ ၉ရက် နံနက် ၇ နာရီတွင် အဆိုပါလမ်း၌ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်း၊ ရခိုင်ပြည်နယ် ရှေ့နေချုပ် ဦးကျော်လှထွန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဦးခင်မောင်ထွန်းက ကွန်ကရစ်လမ်းဖောက်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒေသခံရပ်မိရပ်ဖ ဦးစောလှဖြူက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကွန်ကရစ်လမ်းကို လိုက်လံကြည့်ရှုစစ်ဆေးကာ ဒေသခံတိုင်းရင်းသား ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် အတူ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယခု ဖွင့်လှစ်ပေးခဲ့သော ကျေးရွာချင်းဆက်လမ်းသည် ဒေသခံတိုင်းရင်းသား ပြည်သူများအတွက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ အတွက်များစွာ အထောက်အကူရရှိမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြဝတီမြို့၌ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် လှည့်လည်ပြသ

**မြဝတီ မေ ၁၁**
ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကြည်လင်း၏ လမ်းညွှန်ကြီးကြပ်မှုနှင့် မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်မျိုးထူး၊ မြဝတီခရိုင်ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်ဌေး၊ ရဲတပ်ဖွဲ့ဝင်များနှင့်တာဝန်ရှိသူများသည် မေ ၉ ရက်က မြဝတီမြို့ အမှတ်(၅)ရပ်ကွက်ရှိ ကျွန်းတောဈေးရှေ့တွင် ဈေးသူဈေးသားများနှင့် ပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့် ပြစ်မှုပြစ်ဒဏ်များ၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးနှင့် ကာကွယ်ရေးဆိုင်ရာ အသိပညာပေးမှုများ ပြုလုပ်ခဲ့ကြပြီး မှတ်တမ်းဓာတ်ပုံများ ပြသခြင်းနှင့် တေးသီချင်းများဖြင့် ဖျော်ဖြေပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

မြဝတီမြို့နယ်အတွင်း အဆိုပါမှုခင်းပညာပေးယာဉ်ဖြင့် မေ ၅ ရက်မှ ၉ ရက်အထိ ရပ်ကွက်နှင့် ကျေးရွာများအတွင်း လှည့်လည်ပြသပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(မြန်/ဆက်)**



# ဂျပန်နိုင်ငံမှ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုပညာသင်အထောက်အပံ့ပေးအပ်

**နေပြည်တော် မေ ၁၁**
ဂျပန်နိုင်ငံမှ ဂျပန်ယန်း သန်း ၆၁၀ တန်ဖိုးရှိ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှု ပညာသင်အထောက်အပံ့ ဆိုင်ရာပေးအပ်မှု စာချွန်လွှာလက်မှတ် ရေးထိုးလဲလှယ်ခြင်းကို မေ ၉ ရက်က နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရုံး၌ ကျင်းပခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သိရသည်။

အဆိုပါလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှု ပညာသင်အထောက်အပံ့ ပေးအပ်ခြင်းဆိုင်ရာ စာချွန်လွှာ လက်မှတ်ရေးထိုးရာတွင် မြန်မာနိုင်ငံဆိုင်ရာဂျပန်သံအမတ်ကြီး မစ္စတာ တာတရို ဟီဂူချီနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ဂျပန်ယန်း သန်း ၆၁၀ (အမေရိကန် ၅ ဒသမ ၄ သန်းခန့်) တန်ဖိုးရှိသည့် ပညာသင်




အထောက်အပံ့ပေးအပ်သည့် စာချွန်လွှာကို လဲလှယ်ခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ပိုမိုတိုးတက်စေရန်နှင့် ဂျပန်-မြန်မာချစ်ကြည်ရေး ပိုမိုတိုးတက် ခိုင်မာလာစေရန်အတွက် ရည်ရွယ်လျက် ဤအထောက်အပံ့ဖြင့် မြန်မာအစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ ခေါင်းဆောင်များအနေဖြင့် ဂျပန်နိုင်ငံတွင် လိုအပ်သော ကျွမ်းကျင်မှုနှင့် ဗဟုသုတများ လေ့လာဆည်းပူးပြီးနောက် မဟာဘွဲ့(သို့) ဒေါက်တာဘွဲ့များရရှိနိုင်စေမည့် အခွင့်အရေးရရှိကြမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၀၁)**

# အကြမ်းဖက်လုယက်ကျူးလွန်မှုများဖမ်းဆီးနည်း သရုပ်ပြယှဉ်ပြိုင်

**ပုသိမ် မေ ၁၁**
ဧရာဝတီတိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ရဲမြင့် လမ်းညွှန်ချက်ဖြင့် ပုသိမ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းမြင့်ထူး ကြီးကြပ်၍ ပုသိမ်ခရိုင် ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူဗဟိုပြုရဲလုပ်ငန်းစဉ်များ စွမ်းအားမြင့်မားစေရေး အတွက် အကြမ်းဖက်လုယက်ကျူးလွန်မှုများဖမ်းဆီးနည်း သရုပ်ပြယှဉ်ပြိုင်ပွဲကို မေ ၉ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ အမှတ်(၅)နယ်မြေ နယူးလိုင်းရဲဗမ္မာရုံး၌ ပြုလုပ်သည်။

အဆိုပါသရုပ်ပြယှဉ်ပြိုင်ပွဲတွင် ပုသိမ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သောင်းကြည် ကြီးမှူးသော ငပုတော၊ သာပေါင်း၊ ကန်ကြီးထောင့်၊ ကျောင်းကုန်း၊ ရေကြည်၊ ကျုံပျော်မြို့နယ် ရဲတပ်ဖွဲ့မှူးများနှင့် မြို့နယ်ကိုယ်စားပြု ရဲတပ်ဖွဲ့ဝင် ၆၅ ဦး၊ အကဲဖြတ်ဒိုင်လူကြီးများ၊ နည်းပြဆရာများအပါအဝင် အင်အား ၈၀ ကျော် အားပေးကြသည်။

ဆုပေးပွဲကို မွန်းတည့် ၁၂ နာရီတွင် ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လှိုင်တင့်နှင့် တာဝန်ရှိသူများက လက်ဆွဲနှုတ်ဆက်ဟန် ဖမ်းဆီးခြင်းသုံးမျိုးဖြင့် စွမ်းရည်ပြသွားသော ကျောင်းကုန်းမြို့နယ် ရဲတပ်ဖွဲ့အား ပထမဆုအဖြစ်လည်းကောင်း၊ ဓားမြှောင်ဖြင့် ခုခံသူအား လက်နက်မဲ့ဖမ်းဆီးခြင်း လေးမျိုးဖြင့် ယှဉ်ပြိုင်ခဲ့သော ငပုတောမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းမြင့်နှင့် ရဲတပ်ဖွဲ့ဝင်များအား ဒုတိယဆုဖြင့်လည်းကောင်း၊ တုတ်ရှည်ဖြင့် ဖမ်းဆီးခြင်းသုံးမျိုးဖြင့်ယှဉ်ပြိုင်ခဲ့သော ရေကြည်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဝင်းနှင့် တပ်ဖွဲ့ဝင်များအား တတိယဆုဖြင့်လည်းကောင်း အသီးသီးဂုဏ်ပြုဆုနှင့် မှတ်တမ်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ပုသိမ်လှကြည်)**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော မေ ၃ ရက်မှ မေ ၈ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်းထုတ်ဝေသည့်တိုက် |
|---|---|---|---|
| ၁ | Dr.Tin Aung Aye | Constitutions and Constitutional of the Nations | ၅၀၀၀ိ/-Wisdom House |
| ၂ | ခင်စောတင့် | ကျန်းမာစေရေးနည်းလမ်းများ | ၁၅၀၀ိ/-လင်းလွန်းခင် |
| ၃ | နရနီ | ရောင်စုံပဲပင်ပေါက်ချဉ်ငန်စပ်ဟင်းချို | ၂၅၀၀ိ/-နှစ်ကာလများ |
| ၄ | ကလောင်စုံ | ခုနစ်လွှာဝတ်ရုံ (၃) | ၂၀၀၀ိ/-လင်းလွန်းခင် |
| ၅ | ဥယျာဉ်မှူးတစ်ဦး | အာရှမှ ဟင်းသီးဟင်းရွက်နှင့်သစ်ဥသစ်ဖုများ | ၂၀၀၀ိ/-စိတ်ကူးချိုချို |
| ၆ | ဦးစံလွင်၊ ဦးထွန်းတင့် | Idiom (သို့) ရှုဒီ | ၂၀၀၀ိ/-မြန်မာစာအဖွဲ့ |
| ၇ | ဖြိုးခိုင်လတ် | လူ့အခွင့်အရေး | ၃၀၀၀ိ/-MKS Publishing |
| ၈ | မမကြီး | ဟင်းသီးဟင်းရွက်တွဲစပ်ပါဝင်သောထိုင်းဟင်းလျာများ | ၁၅၀၀ိ/-စိတ်ကူးချိုချို |
| ၉ | Dr.ချစ်ငယ် | အကြောင်းအကျိုးပညာ | ၂၅၀၀ိ/- |
| ၁၀ | မင်းလူ | ရင်ထဲကဆောင်းရာသီ | ၂၅၀၀ိ/-ကံ့ကော်ဝတ်ရည် |
| ၁၁ | သော်တာအေးလဲ့ | လရိပ်ပိုးမျှင် | ၃၅၀၀ိ/-ကံ့ကော်ဝတ်ရည် |
| ၁၂ | စစ်သွေး | သူရှိန်မင်းနှင့် ချစ်ခြင်းမျက်ရည် | ၂၇၀၀ိ/-စိတ်ကူးချိုချို |
| ၁၃ | ဆုပြည့်စုံထွန်း | အိန္ဒိယပြည် ကုသိနာရုံဆရာတော် | ၂၀၀၀ိ/-Quality |
| ၁၄ | နေမင်းရာဇာအဖွဲ့ | ခေတ်မီစီးပွားရေးသုံး အင်္ဂလိပ်စာ | ၂၅၀၀ိ/-မဇ္ဈိမ |
| ၁၅ | မောင်ထွန်းသူ | အိပ်မက်တောင်ကြား | ၂၀၀၀ိ/-စိတ်ကူးချိုချို |
| ၁၆ | သန်းထွန်း(ရေနံ) | တိုင်းပြည်ကိုပြောင်းလဲစေခဲ့သောရေနံစီမံကိန်းကြီးများ | ၂၅၀၀ိ/-smart |
| ၁၇ | စစ်ကိုင်းဦးဘိုးသင်း | မင်းမှူးများ | ၂၀၀၀ိ/-စိတ်ကူးချိုချို |
| ၁၈ | Dr.ဆုယောင်ယန်း | ရွှေသဘာဝဓာတ်ငွေ့မြေ | ၄၀၀၀ိ/-smart |
| ၁၉ | ဝါဝါထင်လင်း | လက်ငင်းချမ်းသာချင်တယ်ဆို | ၁၅၀၀ိ/- |
| ၂၀ | ကလောင်စုံ | ခွပ်ဒေါင်းဇာနည် ဒီမိုကရေစီသူရဲကောင်းလေးဦး | ၃၅၀၀ိ/-ခေတ်သစ် |
| ၂၁ | | နိုင်ငံတကာနိုင်ငံရေးနှင့်သံတမန်များ | ၂၀၀၀ိ/-Myanmar Heritage |
| ၂၂ | မင်းကျော် | မောင်ကျော်ဇော၏စွန့်စားခန်းများ | ၂၅၀၀ိ/-တိုးမြစ် |
| ၂၃ | မောင်သာနိုး | ကာလီနတ်သမီးတို့တမ်းချင်း | ၂၀၀၀ိ/-နှစ်ကာလများ |
| ၂၄ | မိုးပြေး | ဒန်နီကမ္ဘာ့ချန်ပီယံ | ၂၇၀၀ိ/-စိတ်ကူးချိုချို |
| ၂၅ | မေဇွန်အေး | နေခြည်နုနုပန်းကလေးများ | ၂၅၀၀ိ/-ကောင်းစုသာ |
| ၂၆ | ဟိန်းလတ် | ပုံပြအင်္ဂလိပ်စကားပြော | ၁၅၀၀ိ/-မဇ္ဈိမ |
| ၂၇ | အောင်ကိုဦး | အားရှိတဲ့အချိန်မှာခုန်လိုက်ပါ | ၂၀၀၀ိ/-ကောင်းစုသာ |
| ၂၈ | နွေး(သရက်) | အမေ့မျက်ရည်မိုးသို့စွေပြီ | ၂၀၀၀ိ/-ကောင်းစုသာ |
| ၂၉ | မြတ်ငြိမ်း | တီထွင်တွေး | ၃၃၀၀ိ/-စိတ်ကူးချိုချို |
| ၃၀ | ဒု-ဇော်မြင့်ဦး | လူတိုင်းအတွက်အိမ်ခြံမြေလမ်းညွှန် | ၄၀၀၀ိ/-အလင်းသစ် |
| ၃၁ | မိုးမြင့်မောင် | အဆုံးမသိပုံပြင်များ | ၁၅၀၀ိ/- |
| ၃၂ | မောင်ထင် | ကျွန်တော်သိမီလိုက်တဲ့ဆရာမှိုင်း | ၁၅၀၀ိ/-ဇေယျာမိုး |
| ၃၃ | တက္ကသိုလ် သျှင်လဝန်း | အသေတတ်ဖို့သေနည်းလမ်းညွှန် | ၁၅၀၀ိ/-ကောင်းစုသာ |

# ပြည်တွင်းရေးရာ

### ❐ ဦးပိန်တံတားမှ

မေ ၈ ရက်မှ စ၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီခန်းမတွင် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြောင်း နည်းပညာတက္ကသိုလ်(မန္တလေး)မှ နည်းပညာပိုင်းဆိုင်ရာ(လက်ထောက်) မစုဇန်ဝင်းလတ်က ပြောသည်။

"ဘယ်လိုရွေ့မှုမပျက် ရွေ့ဆက်ဆောင်ရွက်မလဲ။ ဘယ်လိုထိန်းသိမ်းမလဲအတွက်ပါ။ အဓိက သစ်လုံးတွေ ဘယ်လောက်ထိ ခံနိုင်သေးလဲ။ အထဲမှာ အခေါင်းပေါက်ရှိသေးလား။ ဆက်သုံးနိုင်မယ့် အရည်အသွေးတွေရှိသေးလား။ အဲဒါက တစ်ခုပေါ့။ နောက်တစ်ခုက သစ်သားတွေက ကျုံ့သွားပြီလား။ ကျယ်သွားပြီလား။ ဒိုင်မေးရှင်း ဘယ်လောက်ရှိလဲ။ အဲဒါတွေကို တိုင်းတာတာပါ"ဟု ၎င်းက ပြောသည်။

ကမ္ဘာတွင် ကျွန်းသစ်ဖြင့်တည်ဆောက်ထားသည့် အရှည်ဆုံးတံတားဖြစ်သည့်အပြင် လက်ရှိအချိန်အထိတံတားဖြတ်သန်းသွားလာအသုံးပြုဆဲဖြစ်သည့်အတွက် လုံခြုံရေးအတွက် အဓိကအရေးပါလျက်ရှိခြင်းကြောင့် ကွင်းဆင်းတိုင်းတာမှုများ ပြုလုပ်ရန် ရွေးချယ်ခြင်းဖြစ်ကြောင်း ဂျာမနီနိုင်ငံ BEMEN INSTITUTE FOR MATERIALS TESTING မှ Wood Scientist Mr.Peter Meinlschmidt က ပြောသည်။

"တိုင်းတာမှုတွေလုပ်ပြီးသွားရင် အဖြေထွက်လာမှ နောက်ထပ်ဘာကို ဆက်လုပ်သွားရမလဲဆိုတာ သိရမှာပါ။ သစ်လုံးထဲမှာ အခေါင်းပေါက်ရှိ၊ မရှိ စမ်းသပ်နေတာ ဖြစ်ပါတယ်။ သစ်လုံးထဲမှာ အခေါင်းပေါက်ရှိရင် ဘယ်လိုလုပ်မလဲ စသည်ဖြင့် ဆက်လုပ်သွားမှာပါ။ ဂျာမနီမှာ သစ်သားနဲ့ ပတ်သက်ပြီး အများကြီးလေ့လာခဲ့ပြီးပါပြီ။ ဒါပေမယ့် မြန်မာနိုင်ငံက သစ်အရည်အသွေးက ကျွန်တော်တို့လေ့လာခဲ့တဲ့ အရာတွေနဲ့ လုံးဝမတူပါဘူး။ ဒီအခြေအနေကို မြန်မာနိုင်ငံက ပညာရှင်တွေကပဲပြောနိုင်တဲ့အတွက် ပူးပေါင်းလုပ်ဆောင်ရင် ပိုပြီးအဆင်ပြေမှာပါ" ဟု ၎င်းကပြောသည်။

ဦးပိန်တံတားပြုပြင်မှုလုပ်ငန်းများအနက် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို ငါးကြိမ်တိုင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၃၄ သိန်း အကုန်အကျခံ၍ ပြုပြင်ခဲ့သည်။ ၂၀၁၇ ခုနှစ် မတ်လအတွင်းကလည်း တောင်မင်းကြီးကျောင်းတိုက် ဂေါပကအဖွဲ့ထံ အလှူရှင်များက ဦးပိန်တံတားပြင်ဆင်ရန် လှူဒါန်းထားသည့် ငွေကျပ်သိန်း ၄၀ ဖြင့် ယာယီပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

❐

## တိုင်းဒေသကြီးနှင့်ပြည်နယ် ဘီလီယက်နှင့်စနူကာပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၁၁**

တိုင်းဒေသကြီးနှင့်ပြည်နယ် ဘီလီယက်နှင့်စနူကာအားကစားပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘီလီယက်နှင့် စနူကာပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲ၏ ဘီလီယက်တစ်ဦးချင်းပြိုင်ပွဲ ပွဲစဉ်တွင် သူရ(မန္တလေး)နှင့် ဝေဟင်မိုး(စစ်ကိုင်း)တို့ယှဉ်ပြိုင်ကစားကြရာ ဝေဟင်မိုး(စစ်ကိုင်း)က သုံးပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ ချိုမင်းဦး(ကချင်)နှင့် မိုးဇော်ဦး(ချင်း)တို့ ယှဉ်ပြိုင်ကစားကြရာ ချိုမင်းဦး(ကချင်)က သုံးပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ ကျော်ကျော်ထွန်း(ရန်ကုန်)နှင့် မင်းဇော်ဦး(မကွေး) တို့ယှဉ်ပြိုင်ကစားကြရာ မင်းဇော်ဦး (မကွေး)က သုံးပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ ဝေလှမင်းခင်(ကရင်)နှင့် လှထွန်း(ရှမ်း) တို့ ယှဉ်ပြိုင်ကစားကြရာ လှထွန်း(ရှမ်း)က သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ သီဟန်စိုး(စစ်ကိုင်း)နှင့် မျိုးညွန့်ဦး (ကယား)တို့ ယှဉ်ပြိုင်ကစားကြရာ သီဟန်စိုး(စစ်ကိုင်း)က သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကျော်ဇေယျ(ပဲခူး)နှင့် ဖြိုးသူ(ချင်း) တို့ယှဉ်ပြိုင်ကစားကြရာ ကျော်ဇေယျ(ပဲခူး)က သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကျော်ဝင်းလှိုင်(ရှမ်း)နှင့် ကျော်မိုးနိုင်(ဧရာဝတီ)တို့ ယှဉ်ပြိုင်ကစားကြရာ ကျော်ဝင်းလှိုင်(ရှမ်း)က သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ ရဲရင့်ရှိုင်း(ကရင်)နှင့် ပြည့်ဖြိုးဝင်း (မန္တလေး)တို့ ယှဉ်ပြိုင်ကစားကြရာ ပြည့်ဖြိုးဝင်း(မန္တလေး)က သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

ထို့အတူ စနူကာတစ်ဦးချင်းပြိုင်ပွဲ ပွဲစဉ်တွင် မျိုးလင်းအောင်(နေပြည်တော်)နှင့် ဇေယျာထက်(ကချင်) တို့ယှဉ်ပြိုင်ကစားကြရာ မျိုးလင်းအောင်(နေပြည်တော်)က သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ သက်မင်းလင်း(မွန်)နှင့် စိုင်းစုံစိုင်း(ရှမ်း) တို့ယှဉ်ပြိုင်ကစားကြရာ သက်မင်းလင်း(မွန်)က သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ဟိန်းထက်(ရခိုင်)နှင့် အောင်မျိုးကျော်(စစ်ကိုင်း) တို့ယှဉ်ပြိုင်ကစားကြရာ အောင်မျိုးကျော် (စစ်ကိုင်း)က သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကိုကိုအောင်(မကွေး)နှင့် အောင်မျိုးထွန်း (ပဲခူး)တို့ ယှဉ်ပြိုင်ကစားကြရာ အောင်မျိုးထွန်း (ပဲခူး)က သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ သက်ပိုင်(ရခိုင်)နှင့် ဉာဏ်မျိုးဟိန်း(ရန်ကုန်) တို့ယှဉ်ပြိုင်ကစားကြရာ ဉာဏ်မျိုးဟိန်း (ရန်ကုန်)က သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ လင်းလင်း(မန္တလေး)နှင့် အေးမင်း(ကချင်)တို့ ယှဉ်ပြိုင်ကစားကြရာ အေးမင်း(ကချင်)က သုံးပွဲတစ်ပွဲဖြင့်လည်းကောင်း၊ သော်ဇင်ထက်(ကရင်)နှင့် ကျော်စိုးထွန်း(ရှမ်း)တို့ ယှဉ်ပြိုင်ကစားကြရာ ကျော်စိုးထွန်း (ရှမ်း)က သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ မျိုးမင်းသိန်း(မွန်)နှင့် ခန့်မြတ်ဟန် (ကယား)တို့ ယှဉ်ပြိုင်ကစားကြရာ မျိုးမင်းသိန်း (မွန်)က သုံးပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

အဆိုပါ ၂၀၁၇ တိုင်းဒေသကြီးနှင့်ပြည်နယ် ဘီလီယက်နှင့်စနူကာအားကစားပြိုင်ပွဲကို မေ ၁၂ ရက်တွင် နံနက် ၉ နာရီမှ စတင်ကာ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဘီလီယက်နှင့်စနူကာပြိုင်ပွဲရုံတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

### ❖ ကျောဖုံးမှ

ကျင်းပရာ ရခိုင်နှင့် ဧရာဝတီအသင်းတို့ အနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

(သုဝဏ္ဏကွင်း)
ရခိုင်-သုံးဂိုး
ချင်းယူနိုက်တက် - ဂိုးမရှိ

ခြေစွမ်းမကွာသည့် နှစ်သင်းတွေ့ဆုံသော်လည်း ရလဒ်ပိုင်းပြတ်သားခဲ့ပြီး ရခိုင်အသင်းက ဂိုးပြတ်အနိုင်ရလဒ်နှင့်အတူ ကွာတားဖိုင်နယ်တက်ရောက်ခဲ့သည်။ ရခိုင်အသင်းသည် အခွင့်အရေးများ အသုံးချနိုင်ခဲ့၍ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်ပြီး နာမည်ကြီးဧရာဝတီနှင့် ကွာတားဖိုင်နယ်တွင် ကစားရမည်ဖြစ်သည်။

နိုင်ငံခြားသားကစားသမားများအပါအဝင်နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သော်လည်း ရခိုင်အသင်းဂိုးများ စောစီးစွာရခဲ့သောကြောင့် ပွဲအေးတစ်ပွဲဖြစ်ခဲ့သည်။ ပွဲအစနှစ်မိနစ်တွင် သက်ရှိုင်းနောင်က ရခိုင်အတွက် ဂိုးစတင်သွင်းယူခဲ့ပြီးနောက်ပိုင်းတွင် ပွဲကိုထိန်းချုပ်ကစားခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် ရခိုင်အသင်းဒုတိယဂိုးရခဲ့ပြီး တိုက်စစ်မှူးဆန်းဒေးမက်သယူးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ချင်းယူနိုက်တက်အသင်းချေပဂိုးရရန် ကြိုးပမ်းလာသော်လည်း ရခိုင်နောက်တန်းကို မကျော်နိုင်ခဲ့ပေ။ ရခိုင်အတွက် အနိုင်သေချာစေမည့် တတိယဂိုးကို ၇၂ မိနစ်တွင် အသင်းခေါင်းဆောင် ဒွေးကိုကိုချစ်က သွင်းယူပေးခဲ့သည်။ ရခိုင်အသင်းသည် ယခုရာသီတွင် ရလဒ်ကောင်းများ ရရှိနေပြီး ရှုံး/ထွက် ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အောင်ဆန်းကွင်း၌ကျင်းပသောပွဲတွင် ဧရာဝတီအသင်းက ဖီးနစ်(က) အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဧရာဝတီအသင်းသည် ပထမတန်းပြိုင်ပွဲ ယှဉ်ပြိုင်နေသည့် မြန်မာ ယူ-၁၈ အသင်း (ခ)ဖီးနစ်အသင်းကို ခြေအသာဖြင့်ကစားကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်း။ ရှုံး/ထွက်ပြိုင်ပွဲတွင် ချန်ပီယံဆု သုံးကြိမ်ရဖူးသည့် ဧရာဝတီအသင်းအတွက် ဂိုးများကို ၁၆ မိနစ်တွင် သီဟဇော်၊ ၄၁ မိနစ်တွင် နိုင်လင်းဦး၊ ၄၄ မိနစ်တွင် ဆီဘန်စတန်၊ ၇၅ မိနစ်တွင် မာတူနာတို့က သွင်းယူခဲ့ပြီး ဖီးနစ် အတွက် ချေပဂိုးများကို ထက်ဖြိုးဝေက ၅၁ မိနစ်နှင့် ၈၉ မိနစ်တို့တွင် သွင်းယူခဲ့သည်။

ဒုတိယအဆင့် လက်ကျန်ပွဲများကို မေ ၁၇ ရက်နှင့် ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊**
**ဓာတ်ပုံ-စိုးညွန့်**

### ✪ မန်ယူနောက်ခံလူဟောင်းမှ

မန်ယူအသင်း နောက်ခံလူဟောင်း ရွန်နီဂွန်ဆင်၏ လေ့ကျင့်ရေးအစီအစဉ်နှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက Melia ဟိုတယ်၌ ကျင်းပခဲ့သည်။ ရွန်နီဂွန်ဆင်နှင့်အတူ နည်းပြအဖွဲ့ဝင်များတက်ရောက်ခဲ့ပြီး Manda Fermentation မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူးနှင့် နည်းစနစ်ဒါရိုက်တာ ဦးတင်မြင့်အောင်တို့က အမှာစကားပြောကြားပြီး မန်ယူအသင်း နောက်ခံလူဟောင်း ရွန်နီဂွန်ဆင်က လေ့ကျင့်ပေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ မန်ယူအသင်း နောက်ခံလူဟောင်း ရွန်နီဂွန်ဆင် ဦးဆောင်သည့် နည်းပြအဖွဲ့သည် Manda Fermentation ၏အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ လာရောက်ခြင်းဖြစ်ပြီး ရန်ကုန်နှင့် ပုသိမ်မြို့တို့၌ မြန်မာလူငယ်ကစားသမားများအား သုံးကြိမ်စီသင်ကြားပေးသွားမည် ဖြစ်သည်။

မန်ယူအသင်း တစ်ရာသီအတွင်း ဖလားသုံးလုံးရရှိခဲ့သည့် ၁၉၉၉ ခုနှစ်တွင် ပါဝင်ကစားခဲ့သည့် နောက်ခံလူဟောင်း ရွန်နီဂွန်ဆင်၏ မြန်မာလူငယ် ကစားသမားများအား လေ့ကျင့်ပေးမည့်အစီအစဉ်ကို ယနေ့ညနေပိုင်းက အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်) မြက်ခင်းတုလေ့ကျင့်ရေးကွင်း၌ ပြုလုပ်ခဲ့သည်။ မန်ယူအသင်း နောက်ခံလူဟောင်း ရွန်နီဂွန်ဆင်ဦးဆောင်သည့် နည်းပြအဖွဲ့ဝင်များသည် မြန်မာလူငယ်ကစားသမားများအား ညနေ ၃ နာရီခွဲမှ ၆ နာရီခွဲအထိ သင်ကြားပေးခဲ့ပြီး အသက်(၁၂)နှစ်နှင့် (၁၄)နှစ်အောက် လူငယ်ကစားသမား ၆၀ ကျော် လာရောက်သင်ကြားခဲ့သည်။ မန်ယူအသင်း နောက်ခံလူဟောင်း ရွန်နီဂွန်ဆင်ဦးဆောင်သည့် နည်းပြအဖွဲ့သည် မြန်မာလူငယ်ကစားသမားများအား အခြေခံဘောလုံးနည်းစနစ်များအပါအဝင် ဘောလုံးကျွမ်းကျင်စွာကစားတတ်စေရန် သင်ကြားပေးခဲ့ခြင်းဖြစ်သည်။ မန်ယူအသင်း နောက်ခံလူဟောင်း ရွန်နီဂွန်ဆင်၏ လေ့ကျင့်ရေးအစီအစဉ် ဒုတိယနေ့ကို မေ ၁၂ ရက် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ထပ်မံပြုလုပ်မည်ဖြစ်သည်။ ထို့ပြင် ပုသိမ်မြို့ရှိ ကျောက်တိုင်ကွင်းတွင် လူငယ်ကစားသမား ၁၀၀ ကျော်အား မေ (၁၄၊ ၁၅)ရက်တွင် ထပ်မံသင်ကြားပေးမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**


အရွယ်မရောက်သေးသူ ကလေးသူငယ်များအား တပ်မတော်အတွင်း
စုဆောင်းခြင်း၊ တာဝန်ပေးစေခိုင်းခြင်း လုံးဝမရှိတော့စေရန် ၂၇.၆.၂၀၁၂ ရက်နေ့က ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ တပ်မတော်အတွင်း စစ်မှုထမ်းရန် စုဆောင်းခြင်းကို
မြန်မာနိုင်ငံ၏ တရားဥပဒေများအရ လုံးဝခွင့်မပြုပါ။

တပ်ထဲရှိ စစ်မှုထမ်းနေသော အရွယ်မရောက်သေးသူ ကလေးသူငယ်များကို တပ်မတော်မှ
ကုလသမဂ္ဂနှင့်မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲ၍ ယခု စနစ်တကျ ထွက်ခွာခွင့်ပေးလျက်ရှိပါသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ တပ်မတော်အတွင်း စစ်မှုထမ်းရန်
စုဆောင်းခံရကြောင်း၊ တာဝန်ပေးခံရကြောင်း သိရှိပါက ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများသို့
ဆက်သွယ်အကြောင်းကြားနိုင်ပါသည်။

ဖုန်းနံပါတ် ၀၉၄၂၁၁၆၆၇၀၁၊ ၀၉၄၂၁၁၆၆၇၀၂၊ စာတိုက်သေတ္တာအမှတ် ၆၇၉

Save the Children
World Vision


## ကမ္ဘာ့အပျော်တမ်း စစ်တုရင်တံခွန်စိုက်ပြိုင်ပွဲချန်ပီယံ ဦးဝင်းထွန်းအား ဂုဏ်ပြု



စစ်တုရင်တံခွန်စိုက် ချန်ပီယံ ဦးဝင်းထွန်း။

**ရန်ကုန် မေ ၁၁**

ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်"World Chess Federation or (FIDE) Federation International des Echecs"က ကြီးမှူးကျင်းပသော နိုင်ငံတကာမှ အပျော်တမ်းစစ်တုရင် ကစားသမားများ ပါဝင်ယှဉ်ပြိုင်သည့် ကမ္ဘာ့ထိပ်တန်းအဆင့် ကမ္ဘာ့အပျော်တမ်း စစ်တုရင်တံခွန်စိုက်ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့သော ဦးဝင်းထွန်းအား ဂုဏ်ပြုပွဲ အခမ်းအနားကို မေ ၉ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပသည်။

၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှ ၉ ရက်အထိ အီတလီနိုင်ငံ စပိုလီတိုမြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့အပျော်တမ်း စစ်တုရင်တံခွန်စိုက်ပြိုင်ပွဲကို အားကစားနှင့်ကာယပညာဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အီတလီနိုင်ငံဆိုင်ရာ မြန်မာသံရုံးတို့၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံကိုယ်စားပြု ဝင်းထွန်းနှင့် စည်သူတို့ သွားရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဝင်းထွန်းက မြန်မာနိုင်ငံတွင် ပထမဆုံးအနေဖြင့် ကမ္ဘာ့အပျော်တမ်း စစ်တုရင်တံခွန်စိုက်ပြိုင်ပွဲ ၂၀၁၇ ချန်ပီယံဆုကို ထိုက်တန်စွာ ဆွတ်ခူးရရှိကာ မြန်မာ့အလံ ကမ္ဘာတွင် ဂုဏ်ယူဝင့်ကြွားစွာ လွှင့်ထူနိုင်ခဲ့ကြောင်း သိရသည်။

"ဒီပွဲက ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပတာဖြစ်တဲ့အတွက် ဆုရရှိဖို့ကလည်း ခက်ခဲပါတယ်။ ယှဉ်ပြိုင်မှုတွေကလည်း ပြင်းထန်ပါတယ်။ စစ်တုရင်အားကစားဆိုတာ လူသိလည်းနည်းတယ်။ ဝါသနာပါတဲ့သူလည်း နည်းတယ်။ အခုသွားပြိုင်တဲ့ ပြိုင်ပွဲဆိုရင် ကိုးပွဲကစားရတယ်။ တစ်ရက်တစ်ပွဲနှုန်းနဲ့ပေါ့။ နှစ်ပွဲကစားရတာလည်းရှိတယ်။ ပွဲတစ်ပွဲကို ငါးနာရီ၊ ခြောက်နာရီ ကြာတယ်။ ပြိုင်ပွဲဝင်နိုင်ငံက ၂၇ နိုင်ငံ၊ ကစားသမား ၆၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပါတယ်။ ပြိုင်ပွဲကျင်းပတဲ့စနစ်က နိုင်နိုင်ရှုံးရှုံး တစ်ဦးကို ကိုးပွဲအပြည့်ကစားရတယ်။ နိုင်ရင်တစ်မှတ်၊ သရေကျရင် အမှတ်ဝက်၊ ရှုံးရင်တစ်မှတ်မှ မရပါဘူး။ ကျွန်တော်က ကိုးပွဲကစားတာ ခုနစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ ချန်ပီယံဆုကို ရရှိခဲ့တာပါ "ဟု စစ်တုရင်ချန်ပီယံ ဦးဝင်းထွန်းက ပြောသည်။

အဆိုပါ ကမ္ဘာ့အပျော်တမ်း စစ်တုရင်တံခွန်စိုက်ပြိုင်ပွဲကို ၁၉၂၄ ခုနှစ်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ပထမဦးဆုံးအကြိမ်အဖြစ် ကျင်းပခဲ့ပြီး ယခုနှစ်တွင် (၂၄)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-အေးမင်းသူ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း(ယာယီ) ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် မေ ၁၁**

နေပြည်တော် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ဧပြီ ၂၇ ရက်က ကျင်းပခဲ့သော တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် လိုင်စင် စည်းကမ်းချက်များ အစည်းအဝေးဆွေးနွေးချက်များနှင့် ညှိနှိုင်းဆောင်ရွက်ချက်များ တင်ပြခြင်းနှင့် အသင်းသားစုဆောင်းရေးကိစ္စနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းရှိ ပန်ဒါဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် သဘာပတိအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ဦး(ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)၊ အဖွဲ့ဝင်များအဖြစ် ဦးခင်မောင်ဝင်း (ရွှေမန်းတောင်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)နှင့် မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်တို့က ဆောင်ရွက်သည်။ သဘာပတိအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ဦးက "ကျွန်တော်တို့အသင်းဟာ ယာယီအသင်းပဲ ဖြစ်ပါသေးတယ်။ ကျွန်တော်တို့ အမှုဆောင်ဥက္ကဋ္ဌကလည်း ယာယီပဲရှိပါသေးတယ်။ အဓိကပြောချင်တာက မြန်မာတစ်နိုင်ငံလုံးအတွက် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနဲ့ ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှာ ပြည်နယ်နဲ့တိုင်းဒေသကြီး အသင်းခွဲ ခြောက်ခုရှိရပါတယ်။ အဲဒီအသင်းခွဲခြောက်ခုကို ကိုယ်စားပြုရပါမယ်။ အခုကျွန်တော်တို့ အသင်းဖွဲ့စည်းတာ အသင်းဝင်ကနေ အသင်းအလုပ်အမှုဆောင်အဖွဲ့၊ အသင်းအလုပ်အမှုဆောင်အဖွဲ့ကနေ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့ပါမယ်။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကနေ စီမံခန့်ခွဲရေးကော်မတီအဖွဲ့ကို ထပ်ဖွဲ့ပါမယ်။ အဲဒီမှာ အရင်တုန်းက အစဉ်အလာနဲ့ မတူတာ တစ်ခုထည့်ထားပါတယ်။ ဗဟိုအလုပ်အမှုဆောင်နဲ့ စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့ပြီးတဲ့နောက် ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးကို တစ်နှစ်သက်တမ်းပြည့်လာတဲ့အချိန်မှာ သူ့ရဲ့လုပ်ဆောင်ချက်ကို အားမရ၍သော်လည်းကောင်း၊ တခြားအချိတ်အဆက်ရှိခဲ့ရင် ပြန်လည်ရွေးချယ်တင်မြှောက်ဖို့ကို ထည့်သွင်းသတ်မှတ်ထားပါတယ်။ တကယ်တာဝန်ရှိတဲ့သူဟာ ဒီအသင်းအတွက် တကယ်အလုပ်လုပ်ဖို့ တွန်းအားလည်းဖြစ်သလို အသင်းကလည်း အားကိုးအားထားရမယ့် ခေါင်းဆောင်ကောင်းရရှိမှာ ဖြစ်ပါတယ်။ ဒါမျိုးဟာ အရင်တုန်းက မရှိခဲ့ပေမယ့် အကြံဉာဏ်ပေးကြတဲ့အတွက် ထည့်သွင်းလိုက်ခြင်း ဖြစ်ပါတယ်။ အားလုံးကလည်း အသင်းဝင်ပေးကြပါ။ ကျွန်တော်တို့အသင်းသူ အသင်းသားတွေ စည်းစည်းလုံးလုံးနဲ့ လုပ်ဆောင်မှသာ အသင်းကြီးဟာ အဓွန့်ရှည်တည်တံ့မှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ယင်းနောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဝင်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာ အသင်းဝင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ မြန်မာနိုင်ငံ တိုင်းရင်းဆေးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များ၊ အသင်းတာဝန်ရှိသူများက အကြံပြုခြင်း၊ ဆွေးနွေးခြင်းများကို တင်ပြကြပြီး တိုင်းရင်းဆေးလောက ပိုမိုတိုးတက်လာအောင် လုပ်ဆောင်ကြရန် အဓိကထားဆွေးနွေးခဲ့ကြသည်။

အသင်းဝင်လိုသူများအနေဖြင့် ဆေးတော်ဝင် တိုင်းရင်းဆေးခန်းအမှတ်(၆၀) လိပ်ကန်လမ်း ရေကျော် YMBA အသင်းအနီး ရန်ကုန်မြို့နှင့် ဖုန်း-၀၉-၄၅၉၂၆၄၅၉၀၊ ၀၉-၄၄၈၃၀၉၉၀၀ တို့သို့ ဆက်သွယ်နိုင်ပြီး Email:mtmia2932017@gmail.com သို့လည်း ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(အောင်ထွန်း)**

# ဗုဒ္ဓပူဇနိယပွဲတော် လှည်းကူးတွင်ကျင်းပ

**ရန်ကုန် မေ ၁၁**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ကြာအင်းကျေးရွာအုပ်စု သရက်ချောင်းကျေးရွာအနီး မဟာဇေယျဓမ္မသိဒ္ဓိ ကိုးနဝင်းစေတီတော် (ခ)ရန်အောင်မာန်အောင်ဘုရား၏ (၂၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲနှင့် ကဆုန်ညောင်ရေသွန်းလောင်းပွဲကို မေ ၁၀ ရက် နံနက်ပိုင်းတွင် အဆိုပါဘုရားရင်ပြင်တော်ပေါ်၌ ပြုလုပ်ခဲ့သည်။

ထို့နောက် အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းနှင့် မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က စေတီတော်ကြီးနှင့် မဟာဗောဓိပင်များကို (၂၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယဘုရားပွဲနှင့် ညောင်ရေသွန်းပွဲပြုလုပ်ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး ဆည်ဦးစေတီတော် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရထံမှ သာဓုအနုမောဒနာတရားများနာကြား၍ လှူဒါန်းမှုအတွက် ရေစက်သွန်းချ အမျှဝေကာ မေတ္တာသုတ်ပဠာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ပြီး ဓမ္မမိတ်ဆွေဧည့်ပရိသတ်များ၊ ရွာသူရွာသားများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် အလှူရှင်များစုပေါင်း၍ ကဆုန်ညောင်ရေသွန်းလောင်းခဲ့ကြကြောင်း သိရသည်။

**ညဏ်ဟိန်း(အင်းစိန်)**



**တော်ဝင်မိသားစုကုမ္ပဏီမှ မေ ၁၀ ရက် နံနက်ပိုင်းတွင် တောင်ဝင်စင်တာ၌ ကြာဆံချက်နှင့် အအေးကုသိုလ်ယူ ကျွေးမွေးလှူဒါန်းစဉ်။**

(စိုးဝင်း-MLA)

# တရားမဝင်သစ်နှင့် ဆိုင်ကယ်ဘေးတွဲယာဉ်များအား သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၁**

တောင်ငူမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများသည် မေ ၁၁ ရက် နံနက် ၂ နာရီကျော်က တောင်ငူမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း ကင်းဆိပ်ကျေးရွာချင်းဆက်လမ်းဘေး ဝင်္ဘာလမ်းထိပ်အနီးနေရာ၌ တရားမဝင်သင်္ဂဟခဲ့သား တစ်ချောင်းစီတင်ဆောင်လာသော ဆိုင်ကယ်ဘေးတွဲယာဉ် ငါးစီးအားတွေ့ရှိ၍ စစ်ဆေးရာ ဆိုင်ကယ်မောင်းနှင်လာသူများနှင့် ဆိုင်ကယ်တွင် ပါရှိလာသူများမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ကျန်ရှိသည့် ဆိုင်ကယ်ငါးစီးနှင့်အတူ တရားမဝင်သင်္ဂဟခဲ့သား ငါးချောင်း (၁ ဒသမ ၃၄၀၀ တန်)အား သိမ်းဆည်းရမိခဲ့ပြီး ဆိုင်ကယ်များနှင့် တရားမဝင်ခွဲသားများအား ဥပဒေနှင့်အညီ ဆောင်ရွက်ထားရှိသည်။ ထွက်ပြေးတိမ်းရှောင်သွားသူများအား ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိပြီး ဥပဒေအရအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# ဘူးသီးတောင်မြို့နယ်၌ စိတ်ကြွဆေးပြား ၁၆ သိန်းခန့် သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၁**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ၆ မိုင် စစ်ဆေးရေးဂိတ်၌ ယနေ့ နံနက်ပိုင်းက စိတ်ကြွရူးသွပ်ဆေးပြား ၁၆ သိန်းခန့် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် ၆ မိုင် စစ်ဆေးရေးဂိတ်၌ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် သတင်းအရ Fuso ကုန်တင်ယာဉ်အား ရှာဖွေစစ်ဆေးရာ ပီနံအိတ်ငါးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆ သိန်း (ခန့်မှန်းကာလတန်ဖိုး ငွေကျပ် သိန်းပေါင်း သုံးသောင်းကျော်) အား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ယာဉ်အားမောင်းနှင်သူ ယာဉ်မောင်း ဦးလေးရွှေနှင့် ယာဉ်နောက်လိုက် ဦးစောရန်အောင်တို့နှစ်ဦးအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရန်ကုန်မြို့ ဖိတ်ခေါ် Mountain Bike စက်ဘီးပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် မေ ၁၁**

စက်ဘီးအားကစားနည်းကို ပြည်သူများစိတ်ပါဝင်စားလာစေရန်၊ မျိုးဆက်သစ်စက်ဘီးအားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်၊ ACE ဆောက်လုပ်ရေးကုမ္ပဏီနှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ ရန်ကုန်မြို့ဖိတ်ခေါ် Mountain Bike စက်ဘီးပြိုင်ပွဲကို မေ ၂၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံရှိ Mountain Bike စက်ဘီးကွင်း၌ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်လိုသူများအနေဖြင့် မေ ၂၅ ရက် နောက်ဆုံးထား၍ ဖုန်း - ၀၉-၄၂၀၀၀၃၈၁၁နှင့် ၀၉- ၂၅၀၂၀၅၆၅၂ တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၇၂ စီး၊ သွင်းကုန် ၄၄၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၇ စီး၊ သွင်းကုန် ၁၈၂ စီးဖြင့် ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုရှစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၂၁ ဒသမ ၅၀၀၉ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးကျပ် ၉ ဒသမ ၅ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၂ မှု (ခန့်မှန်းတန်ဖိုး ကျပ် ၃၁ ဒသမ ၀၀၀၉ သန်းခန့်)အား သိမ်းဆည်းရမိကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုနေဖြင့် မေ ၁၀ ရက်တွင် မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် မော်တော်ဆိုင်ကယ်အား သတင်းအရ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ WY အမှတ်တံဆိပ်ပါ ဆေးပြား ၄၀၀၊ ဆပ်ပြာခွက်အတွင်းထည့်ထားသော ဘိန်းဖြူဟုယူဆရသည့် အဖြူရောင်အမှုန့်များ ၁၁ ဂရမ်နှင့် သယ်ဆောင်သည့် မော်တော်ဆိုင်ကယ် တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် ၁ ဒသမ ၁၀၉ သန်းခန့်)အားတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ရီးယဲလ်မက်ဒရစ်အသင်း၏ ချန်ပီယံလိဂ် အတွေ့အကြုံကြွယ်ဝမှုက မော်ဒန်ခေတ် လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်သည့် ပထမဆုံးအသင်းဖြစ်လာမည်ဟု စီရိုနယ်လ်ဒို ယုံကြည်

ရီးယဲလ်စူပါစတား စီရိုနယ်လ်ဒိုက ရီးယဲလ်မက်ဒရစ်အသင်းရဲ့ ချန်ပီယံလိဂ် အတွေ့အကြုံကြွယ်ဝမှုက ဘယ်လိုအသင်းကို ဘယ်လိုရင်ဆိုင်ရမလဲဆိုတာကို ကောင်းကောင်းသိသဖြင့် မော်ဒန်ဘောလုံးလောကတွင် လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်မည့် ပထမဆုံးအသင်းဖြစ်လာမည်ဟု သူ၏ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားခဲ့သည်။

အားလုံးက ပွဲစဉ်တစ်လျှောက် ရီးယဲလ်အသင်း ခြေချော်မည်ဟု ယူဆခဲ့သော်လည်း ပြိုင်ဘက်အသင်းကြီးများကို ကျော်ဖြတ်ကာ ဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခြင်းက ချန်ပီယံလိဂ် သမ္မာရှိခြင်းကြောင့်ဟု စီရိုနယ်လ်ဒိုက ယူဆသည်။

စီရိုနယ်လ်ဒိုက "ကျွန်တော်တို့ဂိုးရလာတော့ သူတို့ကို ကျော်ဖြတ်နိုင်တော့မယ်ဆိုတာကို သိခဲ့တယ်။ ကျွန်တော်တို့က အတွေ့အကြုံသာတာက ပွဲရလဒ်ပြောင်းပေးနိုင်ခဲ့တာပါ" ဟု အယ်လ်လာဂီရောသတင်းဌာနသို့ ပြောကြားခဲ့သည်။

ရီးယဲလ်မက်ဒရစ် နည်းပြဇီဒန်းက ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲတွင် သူ၏ကလပ်အသင်းဟောင်း ဂျူဗင်တပ်ကို ရင်ဆိုင်ရမည်ဖြစ်၍ ထူးခြားမှုရှိသော်လည်း ရီးယဲလ်မက်ဒရစ်ကသာလျှင် သူ၏ဘဝဖြစ်ကြောင်း ဆိုခဲ့သည်။ ဇီဒန်း၏ ရီးယဲလ်မှာ အက်သလက်တီကို အိမ်ကွင်းဗင့်ဆင့်ကယ်လ်ဒါရွန်တွင် ၁၆ မိနစ်အတွင်း နှစ်ဂိုးခွင့်ပြုခဲ့ရသေးသော်လည်း ပထမပိုင်းပြီးဆုံးခါနီးတွင် ကွင်းလယ်လူ အစ္စကို၏ အဖိုးတန် ချေပဂိုးကြောင့် နှစ်ဂိုး-တစ်ဂိုး ရလဒ်ထွက်ပေါ်ကာ နှစ်ကျော့ပေါင်း လေးဂိုး-နှစ်ဂိုးဖြင့် ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။



ဇီဒန်း၏ ကစားသမားဘဝ ခြေစွမ်းအကောင်းဆုံးအချိန်ကို ဂျူဗင်တပ်တွင် ရရှိခဲ့ပြီးနောက် ၂၀၀၁ ခုနှစ်တွင် ထိုအချိန်က ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး တစ်ရပ်ဖြင့် ရီးယဲလ်မက်ဒရစ်သို့ပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်သည်။ ဇီဒန်းက ဂျူဗင်တပ်အသင်းမှာ သူ၏ ကစားသမားဘဝတိုးတက်ရေးအတွက် အစစအရာရာ ဖြည့်စွမ်းပေးသည့် ကလပ်အသင်းဖြစ်၍ သူ့ဘဝအတွက် အင်မတန်အရေးပါကြောင်း ဆိုခဲ့သည်။ ရီးယဲလ်အတွက် အဖိုးတန်အဝေးဂိုးကို သွင်းယူပေးခဲ့သူ အစ္စကိုကလည်း အက်သလက်တီကိုအသင်းကို ကျော်ဖြတ်ပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့သဖြင့် ပိုမိုချိုမြိန်တဲ့ အောင်ပွဲရရှိခဲ့ခြင်းဖြစ်ကြောင်း ဆိုခဲ့သည်။

ချန်ပီယံလိဂ်သမိုင်းတွင် လက်ရှိချန်ပီယံအသင်းများ ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သည့် အစဉ်အလာများ ရှိခဲ့ဖူးသော်လည်း ဘယ်အသင်းကမျှ ချန်ပီယံဆုဖလားကို မကာကွယ်နိုင်ဘဲ ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်ဖြစ်ရာ ရီးယဲလ်မက်ဒရစ်အသင်းလက်ရှိ ချန်ပီယံဘွဲ့ကို ကာကွယ်နိုင်တဲ့ ပထမဦးဆုံးအသင်းဖြစ်လာမည်လားဆိုသည်မှာ စိတ်ဝင်စားစရာပင်ဖြစ်သည်။

❒

မေလှဲ့သင်း
စုစည်းသည်



# ဆန်းချက်ဇ်မှာ အံ့ဖွယ်ကစားသမားဟု ဝင်းဂါး ချီးကျူးစကားဆို

အာဆင်နယ်တိုက်စစ်မှူး ဆန်းချက်ဇ်မှာ ကိုယ်ပိုင်ဖန်တီးမှုနှင့် နည်းစနစ်ကောင်းမွန်သည့် ကစားသမားဖြစ်ရုံမက ပြိုင်ဘက်ဂိုးဧရိယာအတွင်း အကောင်းဆုံး လှုပ်ရှားနိုင်သူဖြစ်သောကြောင့် အံ့ဖွယ်တိုက်စစ်မှူးတစ်ဦးဟု နည်းပြဝင်းဂါးက ချီးကျူးစကားဆိုခဲ့သည်။ ဆန်းချက်ဇ်မှာ ယခုပွဲတွင် အာဆင်နယ်အတွက် အရေးပါသည့် အဖွင့်ဂိုးကို လှလှပပသွင်းယူနိုင်ခဲ့သူဖြစ်သလို အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲတွင်လည်း မန်စီးတီးဘက်သို့ အသည်းခွဲဂိုးသွင်းခဲ့ကာ အာဆင်နယ်အသင်းကို ဗိုလ်လုပွဲတက်ရောက်စေခဲ့သည့် ကစားသမားလည်း ဖြစ်သည်။

အာဆင်နယ်သည် ဆောက်သမ်တန်အသင်း၏ အိမ်ကွင်းတွင် သွားရောက်ရင်ဆိုင်ခဲ့ရသော်လည်း ဆန်းချက်ဇ်နှင့် ဂီရော့ဒ်တို့၏ သွင်းဂိုးနှစ်ဂိုးကြောင့် အဝေးကွင်းနိုင်ပွဲရရှိခဲ့ရာ ထိပ်ဆုံးလေးနေရာဖြင့် ရာသီသိမ်းနိုင်ရေး မျှော်လင့်ချက် ဆက်လက်အားကောင်းစေခဲ့သည်။

အာဆင်နယ်အသင်းသာ လက်ကျန်သုံးပွဲစလုံးတွင် အနိုင်ရရှိပြီး လီဗာပူးနှင့် မန်စီးတီးတို့နှစ်သင်းထဲမှ တစ်သင်းသာ ခြေချော်ခဲ့ပါက ထိပ်ဆုံးလေးနေရာဖြင့် ရာသီသိမ်းနိုင်မည်ဖြစ်သည်။ ဝင်းဂါးကမူ ဆန်းချက်ဇ်မှာ အားလုံးဂိုးသွင်းမည်ဟုထင်သည့်အချိန် ဘောလုံးနှင့် ပထမဆုံး ထိတွေ့ချိန်တွင် ချက်ချင်းဂိုးမသွင်းဘဲ တီထွင်ကြံဆမှုကောင်းကောင်းဖြင့် ဂိုးပေါက်ထဲသို့ သေသေသပ်သပ်သွင်းယူသွားခဲ့ရာ ကွင်းထဲရှိ ပရိသတ်အားလုံးကို ကြက်သေသေအောင် ဖမ်းစားနိုင်ခဲ့ကြောင်း ဝင်းဂါးက ချီးကျူးခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်အသင်းသည်ရာသီအစ ရလဒ်ပိုင်း ကောင်းမွန်ခဲ့သော်လည်း ရာသီဝက်ခြေစွမ်းပိုင်းပျက်လာပြီး အဆင့်(၆)နေရာအထိပင် ထိုးဆင်းသွားခဲ့ရသော်လည်း ယခုနိုင်ပွဲကြောင့် အာဆင်နယ်၏ ထိပ်ဆုံးလေးနေရာဖြင့် ရာသီသိမ်းနိုင်ရေး မျှော်လင့်လာနိုင်ပြီဖြစ်သည်။

❒

# ချန်ပီယံဆုအတွက် ဆီဗီလာကို အနိုင်ယူမယ့် ရီးယဲယ်မက်ဒရစ်

ရှိုင်း
မင်း
မင်း

**စပိန်လီဂါပွဲစဉ် ၃၆ ကို လာမယ့် မေ ၁၃၊ ၁၄၊ ၁၅ ရက်တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာတော့ ရီးယဲမက်ဒရစ်က ဆီဗီလာနဲ့ ရင်ဆိုင်ရမှာဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပြီး ဘာစီလိုနာကတော့ နိုင်ပွဲရယူသွားနိုင်မယ့်အခြေအနေမှာ ရှိနေပါတယ်။**

### အက်စ်ပန်ညို - ဗလင်စီယာ ည ၇း၃၀ (၁၃-၅-၁၇)

နှစ်သင်းစလုံးရဲ့အနေအထားက အမှတ်လိုအပ်ချက် လုံးဝမရှိတော့ပါဘူး။ နှစ်သင်းစလုံးဟာတန်းတင်ကျန်ရစ်ခဲ့ကြပြီဖြစ်သလို ဥရောပဝင်ခွင့် မျှော်လင့်ချက်လည်း ထားလို့မရတော့တဲ့ အသင်းတွေဖြစ်နေပါတယ်။ ဒါကြောင့် ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ထက် နှစ်သင်းစလုံး အမှားမရှိအောင် ထိန်းကစားကြမှာဖြစ်ပြီး လက်ရှိခြေစွမ်းအရလည်း ကွာဟမှုမရှိပါဘူး။ ဒါပေမယ့် အက်စ်ပန်ညိုက အိမ်ကွင်းဖြစ်လို့ နိုင်ပွဲကပ်ရသွားနိုင်ပါတယ်။

### အိုဆာစူနာ - ဂရန်နာဒါ ည ၁၁း၀၀ (၁၃-၅-၁၇)

ဂရန်နာဒါက တန်းဆင်းရဖို့သေချာသွားပြီဖြစ်ပါတယ်။ ဒါကြောင့်လည်း ဂရန်နာဒါတို့အားထုတ်မှုလျော့နည်းလာနိုင်သလို လက်ရှိ ခြေစွမ်းပိုင်းကလည်းအားနည်းမှုတွေရှိနေပါတယ်။ ဒါပေမယ့် အိုဆာစူနာကလည်း တန်းဆင်းရဖို့ သေချာသွားတဲ့အသင်းဖြစ်ပါတယ်။ ဒါ့အပြင် အိုဆာစူနာခြေက ဂရန်နာဒါထက် ပိုမိုအားနည်းနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ဂရန်နာဒါ သရေလောက်ရမယ်။

### အလာဗက်စ် - ဆယ်လ်တာဗီဂို ည ၇း၃၀ (၁၄-၅-၁၇)

ဒီပွဲကလည်းနှစ်သင်းစလုံးအတွက် အမှတ်လိုအပ်ချက်မရှိတော့တဲ့ပွဲဖြစ်ပါတယ်။ အလာဗက်စ်ရော၊ ဆယ်လ်တာဗီဂိုပါတန်းဆင်းရမယ့် အခြေအနေမှာ မရှိတော့သလို ဥရောပဝင်ခွင့်လည်း မျှော်လင့်နိုင်ခြေမရှိတောကြောင့် ဒီပွဲမှာ အမှားကင်းရေးကိုသာ ဦးစားပေးလာနိုင်ကြပါတယ်။ ဒါပေမယ့်လည်း သတိပြုရမှာက ဆယ်လ်တာဗီဂိုက ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းလာနိုင်သလို အလာဗက်စ်ကွင်းလည်းဖြစ်နေလို့ အလာဗက်စ်ကပ်နိုင်ဖို့သာရှိပါတယ်။

### ဘီဘာအို - လီဂါနက်စ် နံနက် ၀၀း၃၀ (၁၅-၅-၁၇)

ဘီဘာအိုက ဥရောပဝင်ခွင့်ရယူနိုင်ဖို့သေချာမှုမရှိသေးတာကြောင့် ဒီပွဲမှာ အားစိုက်ကစားလာဖို့ရှိနေပါတယ်။ အိမ်ကွင်းလည်းဖြစ်နေကာ ဘီဘာအိုရဲ့ လက်ရှိခြေစွမ်းကလည်း တောက်လျှောက်ကောင်းမွန်နေပါတယ်။ လီဂါနက်စ်ကလည်း ထိပ်တိုက်ဆုံတွေ့မှုအရ ဂီဂျွန်ကို အသာမရထားတာကြောင့် တန်းမဆင်းရဖို့ အားစိုက်ရဦးမှာဖြစ်ပေမယ့် ခြေစွမ်းပိုင်းက အားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့်လည်းဒီပွဲစဉ်မှာ ဘီဘာအိုကသာ နိုင်ပွဲရသွားမှာပါ။

### ဘက်တစ် - အက်သလက် နံနက် ၀၀း၃၀ (၁၅-၅-၁၇)

အက်သလက်တီကိုက ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိနေနိုင်ပါတယ်။ နှစ်ပွဲကျန်အနေအထားမှာ ဆီဗီလာကို ငါးမှတ်ဖြတ်ထားနိုင်သလို ထိပ်တိုက်ဆုံတွေ့မှုအရလည်း ဆီဗီလာကို အသာရထားတာကြောင့် ဒီပွဲသရေကျခဲ့မယ်ဆိုရင်တောင် ချန်ပီယံလိဂ် တိုက်ရိုက်ဝင်ခွင့်ရဖို့ သေချာသွားမှာဖြစ်ပါတယ်။ ဘတ်တစ်ကလည်း အမှတ်မလိုတော့တာကြောင့် ပွဲကိုထိန်းကစားလာနိုင်ပါတယ်။ ဒါကြောင့် ဒီပွဲမှာ အက်သလက်ကပ်ပြီးသာ နိုင်ဖို့ရှိတယ်။

### အီဘား - ဂီဂျွန် နံနက် ၀၀း၃၀ (၁၅-၅-၁၇)

ဂီဂျွန်က လီဂါနက်စ်ကို ထိပ်တိုက်ဆုံတွေ့မှုအရ အသာရထားတာကြောင့် တန်းမဆင်းရဖို့အတွက် မျှော်လင့်ချက်ရှိနေပါသေးတယ်။ ဒါကြောင့်လည်း အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဂီဂျွန်ရဲ့လက်ရှိရုန်းအားက သာမန်သာရှိပေမယ့် အီဘားက လက်ရှိအချိန်မှာ ဥရောပဝင်ခွင့်ရဖို့မဖြစ်နိုင်တော့ပါဘူး။ ဒါကြောင့် အီဘားတို့အိမ်ကွင်းဖြစ်ပေမယ့်လည်း ခြေကုန်ထုတ်နိုင်ဖို့ခက်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ဂီဂျွန်တို့ သရေလောက်ရမယ်။

### လက်စ်ပါးမက်စ် - ဘာစီလိုနာ နံနက် ၀၀း၃၀ (၁၅-၅-၁၇)

ချန်ပီယံဆုရယူနိုင်ဖို့အတွက် မျှော်လင့်ချက်အပြည့်ရှိနေတဲ့ ဘာစီလိုနာက နောက်ပိုင်းပွဲတွေမှာ ခြေကုန်ထုတ်ကစားနေသလို တိုက်စစ်ပိုင်းနဲ့ အသင်းလိုက်ကစားပုံလည်းကောင်းမွန်မှုရှိနေပါတယ်။ လက်စ်ပါးမက်စ်ကတော့ တန်းမဆင်းရဖို့သေချာနေပြီဖြစ်သလို အခြားမျှော်လင့်ချက်မလည်းမရှိတော့တာကြောင့် အားစိုက်ကစားမှု လျော့နည်းလာနိုင်ပါတယ်။ ဒါကြောင့်လည်း ဘာစီလိုနာအနေနဲ့ တိုက်စစ်ဖွင့်ကစားလာမယ်ဆိုရင် လက်စ်ပဲလ်မက်စ်တို့ ထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ ဘာစီလိုနာ ဂိုးပြတ်အနိုင်ရသွားမှာပါ။

### ဗီလာရီးယဲလ် - ဒီပို့တီဗို နံနက် ၀၀း၃၀ (၁၅-၅-၁၇)

ဗီလာရီးယဲက ဥရောပဝင်ခွင့်ရယူနိုင်ဖို့ သေချာမှုမရှိသေးပါဘူး။ ဒါကြောင့်လည်း အခုလိုအိမ်ကွင်းပွဲမျိုးမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဒီပို့တီဗိုကတော့ ခြေစွမ်းပိုင်းအရ အားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့်လည်း ဗီလာရီးယဲလ်ကသာ အိမ်ကွင်းအားနဲ့ ဖိအားပေးလာမယ်ဆိုရင် ဒီပို့တီဗိုတို့ ထိန်းချုပ်နိုင်ဖို့ခက်ခဲနိုင်ပါတယ်။ ဗီလာရီးယဲလ်ကသာ နိုင်ပွဲရသွားမှာပါ။

### ရီးယဲလ် - ဆီဗီးလ် နံနက် ၀၀း၃၀ (၁၅-၅-၁၇)

ချန်ပီယံလိဂ်ကြောင့် ပွဲပန်းမှုတွေရှိနေပေမယ့် ရီးယဲလ်တို့အိမ်ကွင်းဖြစ်တာကြောင့် ချန်ပီယံဆုရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာ ရီးယဲလ်ခြေကလည်း ကောင်းမွန်နေပါတယ်။ ဆီဗီလာကတော့ ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်အတွက် အားစိုက်လာမှာဖြစ်ပေမယ့်လည်း အဝေးကွင်းမှာ ခြေစွမ်းကျဆင်းတတ်သလို လက်ရှိခြေလည်း အားနည်းနေပါတယ်။ ရီးယဲလ်သာ နိုင်ပွဲကပ်ရမယ်။

### ဆိုစီဒက်စ် - မာလာဂါ နံနက် ၀၀း၃၀ (၁၅-၅-၁၇)

ဆိုစီဒက်စ်က ဗီလာရီးယဲလ်နဲ့ တစ်မှတ်သာကွာတာကြောင့် ဥရောပဝင်ခွင့် မျှော်လင့်နိုင်တဲ့အခြေအနေမှာရှိနေပါတယ်။ ဒါကြောင့် အခုလိုအိမ်ကွင်းပွဲမျိုးမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ မာလာဂါကတော့ လက်ရှိအချိန်မှာခြေစွမ်းပိုင်းကောင်းမွန်နေတာမှန်ပေမယ့်လည်း အမှတ်လိုအပ်ချက်မရှိတော့ပါဘူး။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ မာဘာဂါရဲ့ အသင်းလိုက်အားစိုက်မှုလျော့နည်းလာနိုင်သလို အဝေးကွင်းပွဲတွေမှာလည်း အသင်းလိုက်ရုန်းအားက ကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဆိုစီဒက်ကသာ နိုင်ပွဲရသွားဖို့ရှိနေပါတယ်။

# နှစ် (၂၆၀) ပြည့် အလောင်းမင်းတရား ရွှေပေလွှာ

ကောင်းစည်သူ

ခရစ်နှစ် ၁၇၅၆ ခုနှစ် မေလ ၈ ရက် စနေနေ့တွင် မြန်မာဘုရင်အလောင်းမင်းတရား ဦးအောင်ဇေယျ က ဗြိတိသျှဘုရင်ထံပေးပို့ခဲ့သည့် ရွှေသားစစ်စစ်ဖြင့် ပြုလုပ်ကာ ပတ္တမြားများစီခြယ်ထားသည့် သမိုင်းဝင် သဝဏ်လွှာသည် ယခုအခါတွင် သက်တမ်းနှစ် ၂၆၀ လွန်မြောက်ခဲ့ပြီဖြစ်သည်။

တတိယမြန်မာနိုင်ငံတော်ဖြစ်သည့် ကုန်းဘောင်ခေတ် (ခရစ်နှစ် ၁၇၅၂-၁၈၈၅) ကို ကနဦးထူထောင်ခဲ့သူ အလောင်းမင်းတရား ဦးအောင်ဇေယျ (ခရစ်နှစ် ၁၇၁၄-၁၇၆၀)က ဗြိတိသျှဘုရင် ဒုတိယမြောက် ဂျော့ (ခရစ်နှစ် ၁၆၈၃- ၁၇၆၀) ထံသို့ ပေးပို့ခဲ့သည့် ယင်းရွှေပေလွှာသည် ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ကမ္ဘာ့ကုလသမဂ္ဂ၊ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (ယူနက်စ်ကို) ၏ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။ ရွှေပေလွှာမူရင်းသည် ဂျာမနီနိုင်ငံ ဟန်နိုဗာပြတိုက်တွင်ရှိနေပြီး ဂျာမနီနိုင်ငံ အစိုးရက ယင်းရွှေပေလွှာမိတ္တူကို မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးလက်ဆောင်အဖြစ် ၂၀၁၄ ခုနှစ်တွင် ပေးအပ်ခဲ့သည်။ ယခုအခါ အလောင်းမင်းတရားရွှေပေလွှာကို ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်တွင် ပြသထားရာ မြန်မာနိုင်ငံ၏ တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းအမွေအနှစ် ရုပ်ဝတ္ထုပစ္စည်းတစ်ခုအဖြစ် ဂုဏ်ယူစွာ လေ့လာကြည့်ရှုနိုင်ကြပေသည်။

**ကမ္ဘာ့မှတ်တမ်းအမွေအနှစ်**

ကမ္ဘာ့ကုလသမဂ္ဂ၊ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့သည် ကမ္ဘာ့နိုင်ငံအသီးသီးတွင်ရှိနေသည့် ယဉ်ကျေးမှုအမွေအနှစ်များကိုစိစစ်၍ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (Memory of the world) များအဖြစ် ၁၉၉၂ ခုနှစ်မှစ၍ နှစ်နှစ်တစ်ကြိမ် ထုတ်ပြန်ကြေညာပေးလျက်ရှိရာ ဒြပ်ရှိရုပ်ဝတ္ထုများ (Tangible object) အပြင် ဒြပ်မဲ့ယဉ်ကျေးမှုများ (Intangible culture) များလည်း ပါဝင်ခဲ့သည်။

ယူနက်စကိုအဖွဲ့သည် နိုင်ငံအသီးသီးရှိ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်များကို စိစစ်ထုတ်ပြန်ခဲ့ရာတွင် ခရစ်တော်မပေါ်မီ နှစ် ၁၇၀၀ မှစ၍ ယနေ့တိုင်ကြွင်းကျန်နေသည့် ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုများ ပါဝင်ခဲ့သည်။ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အစီအစဉ်သည် ယနေ့ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းတွင် သမိုင်းနှင့်ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ခဲ့သည်။

နိုင်ငံ ၁၀၄ နိုင်ငံနှင့် အဖွဲ့အစည်းငါးခုတို့ ပူးပေါင်းစိစစ်သည့်အဖွဲ့က ၂၀၁၅ ခုနှစ်အထိ ကမ္ဘာတစ်လွှားမှတ်တမ်းအမွေအနှစ်ပေါင်း ၃၃၈ ခုကို အသိအမှတ်ပြုနိုင်ခဲ့သည်။ ယူနက်စကိုသည် နိုင်ငံအသီးသီးက တင်သွင်းလာသည့် အဆိုပြု အမွေအနှစ်များကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ်များအဖြစ် အသိအမှတ်ပြုခဲ့ရာ မြန်မာနိုင်ငံမှ မှတ်တမ်းအမွေအနှစ်သုံးခု ပါဝင်ခဲ့သည်။

မန္တလေးတောင်ခြေရှိမဟာလောကမာရဇိန် (ကုသိုလ်တော်) စေတီဝင်းအတွင်း၌ မင်းတုန်းမင်းကြီး စိုက်ထူခဲ့သည့် ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု ထင်ရှားသည့် ပိဋကတ်သုံးပုံကျောက်စာချပ် ၇၂၉ ချပ်သည် ၂၀၁၃ ခုနှစ် ဇွန်လတွင် မြန်မာနိုင်ငံ၏ ပထမဆုံးမှတ်တမ်းအမွေအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။ ၂၀၁၅ ခုနှစ်တွင် ပုဂံမြစေတီတွင် ထိန်းသိမ်းထားသည့် ဘာသာလေးမျိုးရေးထိုးထားသည့် ရာဇကုမာရ်ကျောက်စာနှင့် ဂျာမနီနိုင်ငံရှိ အလောင်းမင်းတရားရွှေပေလွှာတို့သည် မြန်မာနိုင်ငံ၏ ကမ္ဘာ့မှတ်တမ်း အမွေအနှစ်များဖြစ်လာခဲ့ကြသည်။

ယခုတစ်ဖန် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် ပုဂံရွှေစည်းခုံစေတီရင်ပြင်တွင် ထိန်းသိမ်းထားသော တောင်ငူခေတ် ဘုရင့်နောင်မင်းတရား ခေါင်းလောင်းစာအား ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် အသိအမှတ်ပြုနိုင်ရန် အဆိုပြုတင်ပြထားပြီးဖြစ်ပေသည်။

**ဂျာမနီရောက် ရွှေပေလွှာ**

ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးစီမံကိန်းကို ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့နေရာဒေသအနှံ့အပြားတွင်ရှိနေသည့် ယဉ်ကျေးမှုအမွေအနှစ်များကို စောင့်ရှောက်ရန် အကူအညီများပေးလျက်ရှိသည်။ ယင်းစီမံကိန်းသည် နိုင်ငံအသီးသီးမှ ပြည်သူတိုင်းကို မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးဆိုင်ရာ အမျိုးသားရေးစိတ်ဓာတ်များ မြှင့်တင်ပေးရန်နှင့် အပြည်ပြည်ဆိုင်ရာ မိတ်ဖက်သဘောဆောင်သည့် ယဉ်ကျေးမှုဆိုင်ရာနှီးနှောဖလှယ်မှုများဆောင်ရွက်ရန် ရည်ရွယ်သည့်အတိုင်း မြန်မာနိုင်ငံသို့ သမိုင်းဝင် အလောင်းမင်းတရားရွှေပေလွှာ ဒစ်ဂျစ်တယ်မိတ္တူကို လက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်။

အလောင်းမင်းတရားရွှေပေလွှာသည် ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့ Gottfried Wilhelm Leibniz စာကြည့်တိုက် မြေအောက်ခန်းတွင် နှစ် ၂၅၀ ကျော်ရှိနေခဲ့သည့်တိုင် သိရှိသူ အလွန်နည်းပါးခဲ့သည်။ သို့သော် ၂၀၀၆ ခုနှစ် ဇူလိုင်လတွင် ယင်းစာကြည့်တိုက်မှ စာကြည့်တိုက်မှူး Dr. Friedrich Hulsmann သည် ဟမ်းဘာ့ခ်တက္ကသိုလ် အာရှနှင့်အာဖရိကရေးရာအင်စတီကျုမှ အရှေ့တိုင်းဘာသာဗေဒနှင့်သမိုင်းပညာရှင် ဒေါက်တာလိုင်ဒါ (Dr. Jacques Leider) ထံ စာကြည့်တိုက်တွင် နှစ်ရှည်လများ သိမ်းဆည်းထားသည့် ရွှေပြားရှည်တစ်ချပ်ပေါ်တွင် ရေးသားထားသည့်စာများကို မိတ္တူပြုလုပ်၍ ပေးပို့ခဲ့သည်။ ရွှေပြားပေါ်မှစာသားများ၏ ဘာသာစကားနှင့် အဓိပ္ပာယ်ကို ဖော်ထုတ်ပေးရန်လည်း ဒေါက်တာလိုင်ဒါထံ အကူအညီတောင်းခံခဲ့သည်။ ယင်းရွှေပြားရှည်သည် စာကြည့်တိုက်တွင် Ms IV 571a ဟု မှတ်တမ်းပြုသိမ်းဆည်းထားသည့် အလောင်းမင်းတရားရွှေပေလွှာဖြစ်ကြောင်း စာကြည့်တိုက်မှူးကိုယ်တိုင် မသိရှိခဲ့ချေ။

အလောင်းမင်းတရားသည် ယင်းရွှေပေလွှာကို တန်ဖိုးကြီးမားသော ဆင်စွယ်ကြုတ်အတွင်းထည့်၍ ဗြိတိသျှဘုရင် ဒုတိယမြောက်ဂျော့ထံသို့ ၁၇၅၆ ခုနှစ်တွင် ပေးပို့ခဲ့ရာ နှစ်နှစ်အကြာ ၁၇၅၈ ခုနှစ်တွင် ဘုရင်နန်းစိုက်သည့် လန်ဒန်မြို့သို့ ရောက်ရှိခဲ့သည်။ ဗြိတိသျှဘုရင်ဂျော့သည် ရွှေပေလွှာကို မိမိမွေးဇာတိ ဟန်နိုဗာမြို့ရှိ စာကြည့်တိုက်သို့ လွှဲပြောင်းပေးခဲ့သည်။

ဝဲ့ဖ် (Welf) မျိုးနွယ်များသည် ၁၇၁၄ ခုနှစ်မှ ၁၈၃၂ ခုနှစ်များအတွင်း ဗြိတိန်နိုင်ငံနှင့် ဟန်နိုဗာတိုင်းငယ်ကို အုပ်ချုပ်ခဲ့ကြသည်။ ဒုတိယမြောက် ဂျော့ဘုရင်သည် ဝဲ့ဖ်မျိုးနွယ်မှ ဆင်းသက်လာသူတစ်ဦးဖြစ်ပြီး ဗြိတိန်နိုင်ငံဘုရင်နှင့် ဟန်နိုဗာတိုင်းငယ်၏ မင်းသားကြီးတစ်ပါးဖြစ်ခဲ့သည်။ ထိုစဉ်က ဟန်နိုဗာသည် ဗြိတိသျှတို့၏ လက်အောက်ခံတိုင်းငယ်တစ်ခုဖြစ်ခဲ့ရာ ဂျော့ဘုရင်သည် လန်ဒန်တွင်နန်းစိုက်သော်လည်း အလောင်းမင်းတရားပေးပို့ခဲ့သည့် ရွှေသဝဏ်လွှာကို မိမိပိုင်နက်ဖြစ်သော ဇာတိမြေ ဟန်နိုဗာသို့ ပေးပို့ခဲ့ခြင်းဖြစ်နိုင်ပေသည်။ ယခုအခါတွင် ဟန်နိုဗာသည် ဂျာမနီနိုင်ငံပိုင်နယ်မြေတစ်ခုအဖြစ် တည်ရှိနေသည်။

> ရွှေပေလွှာသည် မြန်မာလူမျိုးများ စာရေးသားရာတွင် သုံးစွဲလေ့ရှိခဲ့သည့် ပေရွက်ပုံသဏ္ဌာန်ပြုလုပ်ထားသည့် အပြားခတ်ရွှေသားစစ်စစ်တစ်ချပ်ဖြစ်ပြီး ရွှေပြားပေါ်တွင် စာသားများကို မြန်မာဘာသာဖြင့် အမှားအယွင်း တစ်စုံတစ်ရာမပါရှိဘဲ ရေးသားထား . . .
>
> ရွှေပေလွှာ၏ ထိပ်တစ်ဖက်စီတွင် အဖိုးတန်ပတ္တမြား ၁၂ လုံးစီကို ရွှေပြားအတွင်း မြှုပ်နှံစီခြယ်ထားပြီး သဝဏ်လွှာ၏ ထိပ်တစ်ဖက်တွင် . . .

ခရစ်နှစ် ၁၇၆၈ ခုနှစ်တွင် သတ္တမမြောက်ဒိန်းမတ်ဘုရင် ခရစ်ရှန် (Christian VII) သည် ဟန်နိုဗာမြို့တွင် အလောင်းမင်းတရား ရွှေပေလွှာကိုကြည့်ရှုခဲ့ပြီး ရွှေပေလွှာကို လိပ်ခဲ့သဖြင့် အချို့နေရာများတွင် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။ သို့သော်လည်း ဂျာမနီနိုင်ငံ Scanbull Software နည်းပညာကုမ္ပဏီ၊ ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် Gottfried Wilhelm Leibniz စာကြည့်တိုက်တို့၏ ဆောင်ရွက်မှုများကြောင့် အလောင်းမင်းတရားရွှေပေလွှာကို သုံးဖက်မြင် ဒစ်ဂျစ်တယ်ပုံစံသို့ ပြောင်းလဲနိုင်ခဲ့သည်။ ထိုဒစ်ဂျစ်တယ်ရွှေပေလွှာအား ခန်းမဆောင်အတွင်း၌လည်းကောင်း၊ မှန်ခန်းအတွင်း၌လည်းကောင်း၊ ဖန်သားပြင်ပေါ်၌လည်းကောင်း မိတ္တူသို့မဟုတ် ပုံနှိပ်မူတစ်ခုအဖြစ် ပုံရိပ်ထိုးကာ ပြသနိုင်သည်။ ဒစ်ဂျစ်တယ်ပုံစံပြုပြင်ထားသည့် ရွှေပေလွှာသည် လိပ်နိုင်၊ ခေါက်နိုင်ပြီး တွန့်ကြေနေသည့်အပိုင်းများကို ညီညာပြန့်ပြူးစေကာ စာသားများကို ကောင်းစွာဖတ်ရှုနိုင်သည်။





**အလောင်းမင်းတရားရွှေပေလွှာ**

ဒေါက်တာလိုင်ဒါသည် ဟန်နိုဗာမြို့သို့လာရောက်၍ ရွှေပေလွှာကို ကြည့်ရှုစစ်ဆေးပြီး မြန်မာနှင့်ဗြိတိန်နှစ်နိုင်ငံတို့၏ ဆက်ဆံရေးနှင့် နိုင်ငံရေးနောက်ခံများကို သုတေသနပြုခဲ့ပြီးနောက် ယင်းစာသည် မြန်မာဘုရင် အလောင်းမင်းတရား၏ ပျောက်ဆုံးနေပြီဟု ယူဆထားသော သဝဏ်လွှာမူရင်းဖြစ်ကြောင်း ၂၀၀၇ ခုနှစ်တွင် ဖော်ထုတ်ခဲ့သည်။ ဒေါက်တာလိုင်ဒါသည် သမိုင်းပါမောက္ခများဖြစ်သည့် ဒီဂျီအီးဟောလ်၊ ဂျီအီးဟာဗေးနှင့် ဒေါက်တာထင်အောင်တို့၏ သမိုင်းစာအုပ်များကို နှံ့စပ်စွာ ဖတ်ရှုလေ့လာပြီးနောက် စာမျက်နှာ ၁၄၁ မျက်နှာပါရှိသော ဂျော့ချ်ဘုရင်ထံသို့ အလောင်းမင်းတရား၏ရွှေပေလွှာ (၁၇၅၆ ခုနှစ်၊ မေလ ၇ ရက်နေ့) စာတမ်း (King Alaungmintaya's Golden Letter to King George II , 7 May 1756) ကို ၂၀၀၉ ခုနှစ်တွင် ရေးသားထုတ်ဝေခဲ့သည်။

စာတမ်းတွင် အလောင်းမင်းတရားကြီးသည် ၁၇၅၄ ခုနှစ်တွင် အင်းဝကိုသိမ်းယူပြီးနောက် မြန်မာပြည်တောင်ပိုင်းကို ဆက်လက်သိမ်းပိုက်နိုင်ရန် စစ်လက်နက်များလိုအပ်မှုကိုသိရှိခဲ့ကြောင်း၊ ထို့ကြောင့် အင်္ဂလိပ်ဘုရင်နှင့် မိတ်ဆွေဖွဲ့ရန်ရည်ရွယ်လျက် အိန္ဒိယနိုင်ငံ မဒရပ်မြို့ရှိ အရှေ့အိန္ဒိယကုမ္ပဏီမှတစ်ဆင့် ၁၇၅၆ ခုနှစ် မေလတွင် ချစ်ကြည်ရေးရွှေပေလွှာအား ဗြိတိသျှဘုရင်ထံ ပေးပို့ခဲ့ကြောင်း၊ အလောင်းမင်းတရားသည် အမတ်တစ်ဦးဖြစ်သော လက်ဝဲနော်ရထာအား ရွှေပေလွှာအား ရေးသားစေခဲ့ကြောင်း ဖော်ပြထားသည်။

ရွှေပေလွှာသည် ထောင့်မှန်စတုဂံပုံသဏ္ဌာန် ဖြစ်ပြီး အလျား ၅၅ စင်တီမီတာ (၂၁ ဒသမ ၆၅ လက်မ) နှင့် အနံ ၁၂ စင်တီမီတာ (၄ ဒသမ ၇၂ လက်မ) ရှိသည်။ ရွှေပေလွှာသည် မြန်မာလူမျိုးများ စာရေးသားရာတွင် သုံးစွဲလေ့ရှိခဲ့သည့် ပေရွက်ပုံသဏ္ဌာန်ပြုလုပ်ထားသည့် အပြားခတ်ရွှေသားစစ်စစ်တစ်ချပ်ဖြစ်ပြီး ရွှေပြားပေါ်တွင် စာသားများကို မြန်မာဘာသာဖြင့် အမှားအယွင်းတစ်စုံတစ်ရာ မပါရှိဘဲ ရေးသားထားသည်။ ရွှေပေလွှာ၏ ထိပ်တစ်ဖက်စီတွင် အဖိုးတန်ပတ္တမြား ၁၂ လုံးစီကို ရွှေပြားအတွင်း မြှုပ်နှံစီခြယ်ထားပြီး သဝဏ်လွှာ၏ ထိပ်တစ်ဖက်တွင် သေသပ်လှပစွာပုံဖော်ထားသော ဘုရင့်တံဆိပ်တော် ဟင်္သာပုံကို ဖောင်းကြွခတ်နှိပ်ထားသည်။ အလောင်းမင်းတရားသည် မြန်မာသက္ကရာဇ် ၁၁၁၈ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက် (ခရစ်နှစ် ၁၇၅၆ ခု၊ မေလ ၈ ရက်) စနေနေ့တွင် ယင်းရွှေပေလွှာအား ဗြိတိန်နိုင်ငံဘုရင်ထံသို့ ပေးပို့ခဲ့ရာ ယခုအခါ သက်တမ်း ၂၆၁ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပေသည်။

**စာမျက်နှာ ( ၁၈ ) သို့**

# ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအကြား ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စရပ်များ လွယ်ကူမှုရှိရေး ဆွေးနွေးသို့ ချင်းပြည်နယ်ဝန်ကြီးချုပ်တက်ရောက်

**ဟားခါး မေ ၁၁**

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအကြား ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ လုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းမှု ရှိစေရေးအတွက် တတိယအကြိမ်တွေ့ဆုံဆွေးနွေးပွဲကို မေ ၉ ရက် မွန်းလွဲ ၁ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်း လျန်လွယ်က အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးဌာနများမှ အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ဝင်းက ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုးဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအကြား ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် လုပ်ထုံးလုပ်နည်းများလွယ်ကူရှင်းလင်းမှု ရှိစေရေးအတွက် လာရောက်ရှင်းလင်းသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ချင်းပြည်နယ် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်နှင့် ဝန်ကြီးများ၊ ပြည်နယ်အတွင်းရေးမှူး ဦးမင်းရွှေ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ဆွေးနွေးချက်များနှင့်ပတ်သက်၍ အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များအား အမှတ်တရလက်ဆောင် ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ် ပြန်/ဆက်**



# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း စတင်ဆောင်ရွက်နေမှု တင်ပြခြင်းအခမ်းအနားသို့တက်ရောက်

**မန္တလေး မေ ၁၁**

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း စတင်ဆောင်ရွက်နေမှုတင်ပြခြင်း အခမ်း အနားကို မေ ၁၁ ရက် နံနက် ၈ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ် (၁၆) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း၂၀၁၆-၂၀၂၁ ကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည်များကို ကြီးကြပ်ကူညီ ပံ့ပိုးပေးနိုင်ရန် စီမံကိန်းစာအုပ်များကို ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်ထွန်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များသို့ ပေးအပ်သည်။ ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်က အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းပြုစုခဲ့ပုံနှင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း၂၀၁၆-၂၀၂၁ တွင် ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ အနာဂတ်ပညာရေးအတွက် အထောက်အထားအခြေပြု မဟာဗျူဟာစီမံကိန်း၊ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းရည်မှန်းချက်ပန်းတိုင်၊ ရည်မှန်းချက်ပန်းတိုင်ကို ပေါက်မြောက်အောင်မြင်စေမည့် မဟာဗျူဟာမြောက်အပြောင်းအလဲ ကိုးရပ်၊ မူကြိုနှင့် သူငယ်တန်းပညာရေး၊ အခြေခံပညာရေးအခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်မှု၊ အခြေခံပညာသင်ရိုးညွှန်းတမ်း၊ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများ ကျင်းပခြင်း၊ ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှု၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး၊ နည်းပညာနှင့် အသက်မွေးပညာရေးနှင့် လေ့ကျင့်ရေး၊ အဆင့်မြင့်ပညာရေးစီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် အရည်အသွေး အာမခံမှုကဏ္ဍများပါဝင်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# နွေအလှခတ်ပုံရိုက်ကူးသူများ ပလိပ်သို့လာရောက်ရိုက်ကူးမှုများပြား

**ပလိပ် မေ ၁၁**

နွေအလှပြိုင်ပွဲဝင်ခတ်ပုံ ရိုက်ကူးသူများမှာ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပလိပ်သို့လာရောက်ရိုက်ကူးမှု များပြားလျက်ရှိသည်။ မေလတွင် ဖွားဖက်တော်ပင်တန်းများ ငုပင်တန်းများ စိန်ပန်းပင်တန်းများ ပေါများသည့် ပလိပ်ဒေသမှာ ရှုခင်းလှပလျက်ရှိသည်။ လှပသောသစ်ပင်ပန်းမန်များနှင့်အတူ ရှေးဟောင်းဘုရားစေတီများ ပေါများသောကြောင့် နွေအလှအတွက် ရိုက်ကွင်းကောင်းသော နေရာတစ်ခုအဖြစ် ထင်ရှားသည်။ အလှခတ်ပုံရိုက်ကူးသူများ သဘာဝအလှအပများကို ကြည့်ရှုလိုသူများမှာလည်း အမှတ်တရ ခတ်ပုံရိုက်ကူးသူများမှာ ဖွားဖက်တော်ပင်တန်းများနှင့် လှပသည့် ရှုခင်းကိုလာရောက်ရိုက်ကူးကြသည်။

ဘုရားစေတီပေါများမှုနှင့် ပတ်သက်ပြီး ရှေးစာဆိုတစ်ခုရှိခဲ့ဖူးသည်။ မြို့ပုဂံ၊ ရွာပလိပ် ဆိုသော စာဆိုပင်ဖြစ်သည်။ ပလိပ်တွင် ရှေးလက်ရာ စေတီပုထိုးများစွာ လက်ရာမျိုးစုံ ပုံစံမျိုးစုံကိုတွေ့မြင်နိုင်သည်။ ပလိပ်သည် ရှေးယခင် မြန်မာဘုရင်လက်ထက်က စည်ပင်ခဲ့သော ဆိပ်ကမ်းရွာတစ်ခုအဖြစ် တည်ရှိခဲ့ကြောင်း သိရသည်စည်ပင်ခဲ့သည့် ရွာကလေးဖြစ်သည့်အတိုင်း မြို့စားရွာစားပေးသည့် အစဉ်အလာတွင် ပလိပ်စားဆိုသည်ကိုပင် ပေးထားခဲ့သည်။ ပလိပ်ရွာစား ဦးဖျော်မှာ နာမည်ကြီးခဲ့သည်။ ပလိပ်တွင်ရှေးဟောင်းစေတီပုထိုးအဆူပေါင်း ၃၂၅ဆူကျော်အထိရှိပြီး ပုဂံခေတ်မှသည် ရတနာပုံခေတ်အထိ မင်း၊ မှူးမတ်နှင့် သူဌေးသူကြွယ်များက ဆောက်လုပ်လှူဒါန်းခဲ့ကြသည်ဟုသိရသည်။

လက်ရှိကာလတွင် ရှေးဟောင်းဘုရားစေတီများနှင့် စိန်ပန်းပင်တန်း၊ ငုဝါပန်းများ လှိုင်လှိုင်ပွင့်နေသည့် လမ်းများ၊ ဖွားဖက်တော်ပင်တန်းများ နှင့် လှပနေသော ပလိပ်ဒေသတွင် ပြိုင်ပွဲဝင်ခတ်ပုံဆရာများ နေ့စဉ် လာရောက်ရိုက်ကူးမှု များပြားလျက်ရှိကြောင်းသိရသည်။

**တိမ်တမန်**

# မိတ္ထီလာကန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ခြေလှမ်းတစ်ရပ်အဖြစ် ကန်ပတ်ဝန်းကျင် စုပေါင်းသန့်ရှင်းရေးအမှိုက်ကောက်

**မိတ္ထီလာ မေ ၁၁**

မိတ္ထီလာကန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းခြေလှမ်းတစ်ရပ်အဖြစ် မေ ၁၁ ရက် နံနက် ၇ နာရီခွဲက ကန်ပတ်ဝန်းကျင်စုပေါင်းအမှိုက်ကောက်သိမ်းခြင်းကို နယ်သာလန်နိုင်ငံမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မိတ္ထီလာကန်ချစ်သူများအသင်းသားများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြောင်း သိရသည်။

"နယ်သာလန်နိုင်ငံ ပတ်ဝန်းကျင်းထိန်းသိမ်းရေးနှင့် အဆောက်အအုံထိန်းသိမ်းရေးဌာနနဲ့ မြန်မာနိုင်ငံ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီတို့အနေနဲ့ ၂၀၁၇ ခုနှစ် မေလမှာ ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆောင်ရွက်ဖို့ နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့တယ်။ အဲဒီနားလည်မှုစာချွန်လွှာအရ မိတ္ထီလာကန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆောင်ရွက်ဖို့ နယ်သာလန်နိုင်ငံက ကူညီတယ်။

"မိတ္ထီလာကန် ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရှေ့ပြေးစီမံကိန်းမှာ လုပ်ငန်းသုံးခုပါတယ်။ လုပ်ငန်းသုံးခုမှာ တစ်ခုက ကန်ရေဝေရေလဲဒေသမှာ မြေဆီလွှာထိန်းသိမ်းဖို့၊ ဒုတိယတစ်ခုက မိတ္ထီလာကန်ပတ်ဝန်းကျင်မှာ အမှိုက်သရိုက်တွေသန့်ရှင်းဖို့၊ အမှိုက်သရိုက်တွေ သန့်ရှင်းဖို့ ဆောင်ရွက်တဲ့နေရာမှာ ပြည်သူလူထုပူးပေါင်းဆောင်ရွက်ဖို့၊ နောက်တစ်ခုက မိတ္ထီလာကန်ရေသောက် ဒေသခံတောင်သူတွေအနေနဲ့ စိုက်ပျိုးရေအနည်းငယ်သာလိုအပ်ပြီး ရာသီဥတုဒဏ်ခံနိုင်တဲ့သီးနှံတွေ ပြောင်းလဲစိုက်ပျိုးရေး ပညာပေးဖို့ဆိုပါတယ်။

အဲဒီလုပ်ငန်းသုံးခုထဲက တစ်ခုဖြစ်တဲ့ ကန်ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ ရည်ရွယ်ချက်နဲ့ မိတ္ထီလာကန်ပတ်ဝန်းကျင် အနီးတစ်ဝိုက်ကို စုပေါင်းအမှိုက်ကောက်တာပါ" ဟု နယ်သာလန်နိုင်ငံအခြေစိုက် Water Business Line, Haskoning DHV Myanmar မှ အဖွဲ့ခေါင်းဆောင်ကိုကျော်လင်းထက်က ပြောသည်။

မိတ္ထီလာကန်ပတ်ဝန်းကျင် စုပေါင်းသန့်ရှင်းရေး အမှိုက်ကောက်သိမ်းရေးဆောင်ရွက်ရာတွင် နယ်သာလန်နိုင်ငံသား Mr.Luuk Brinkman၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ စည်ပင်ဝန်ထမ်းများ၊ မိတ္ထီလာကန်ချစ်သူအသင်းသား အသင်းသူများ၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ NLD လူငယ်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဦးစီးဌာနဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ အားတက်သရောပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**



# လေကြောင်းလူငယ်တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၁၇)မှ သင်တန်းသားများ CH-601 လေယာဉ်များဖြင့် လေ့ကျင့်ပျံသန်း

**မှော်ဘီ မေ ၁၁**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ ဖွင့်လှစ်ထားရှိသည့် လေကြောင်းလူငယ်တန်းမြင့် သင်တန်းအမှတ်စဉ် (၁/၂၀၁၇) မှ သင်တန်းသား သင်တန်းသူများအား လေယာဉ်ပျံသန်းမှု အတွေ့အကြုံရရှိစေရန်အတွက် မေ ၉ ရက် နံနက်ပိုင်းက မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် မှော်ဘီ လေတပ်ဆွယ်တွင် CH-601 လေယာဉ်များဖြင့် လက်တွေ့ ပျံသန်းမှုများ ပြုလုပ်ပေးခဲ့သည်။

ထိုသို့ လက်တွေ့သင်ကြားပျံသန်းရာတွင် သင်တန်းသား တစ်ဦးစီကို CH-601 လေယာဉ်များ၌ တစ်ဦးချင်းလိုက်ပါ စီးနင်းစေပြီး လေကြောင်းဆိုင်ရာအတွေ့အကြုံများနှင့် ပျံသန်းမှုများကို လေသူရဲများက ရှင်းလင်းပြသပေးကြသည်။

အလားတူ လေကြောင်းလူငယ်အခြေခံသင်တန်းများကို မြစ်ကြီးနားမြို့၊ လွိုင်ကော်မြို့၊ နမ့်စန်မြို့၊ တောင်ကြီးမြို့၊ ဟုမ္မလင်းမြို့၊ မုံရွာမြို့၊ မကွေးမြို့၊ မြိတ်မြို့၊ ရန်ကုန်မြို့၊ ပုသိမ်မြို့၊ မန္တလေးမြို့၊ မိတ္ထီလာမြို့နှင့် တောင်ငူမြို့တို့ရှိ လေ့ကျင့်ရေးစခန်းများတွင် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၅၂၀ သင်ကြားလျက်ရှိရာ အခြေခံစစ်ရေးပြ ဘာသာရပ်၊ လေကြောင်းပညာသမိုင်း၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရား၊ လေယာဉ်တည်ဆောက်မှုအခြေခံ သဘောတရား၊ လေယာဉ်စက်အုံတည်ဆောက်မှုအခြေခံများ၊ လေယာဉ်ပုံစံငယ် တည်ဆောက်မှုအခြေခံများ၊ လေယာဉ်ငယ်ပျံသန်းခြင်း လက်တွေ့လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်းနှင့် လေ့လာရေးခရီး သွားရောက်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သူရိန်(ဥပဒေ)**



# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး ပြည်နယ်အစိုးရများအကြား ညှိနှိုင်းဆွေးနွေးသို့ တက်ရောက်

**ပဲခူး မေ ၁၁**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ မေ ၁၁ ရက် နံနက် ၉ နာရီခွဲက ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး ပြည်နယ်အစိုးရများအကြား ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပွဲ ပြုလုပ်သည်။

ရှေးဦးစွာ ဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားရာ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ဦးစီးဌာနများ ချိတ်ဆက်ဆောင်ရွက်ရာတွင် ဗဟိုချုပ်ကိုင်မှု အနည်းဆုံးဖြစ်ရန် လိုအပ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် တာဝန်ယူမှု၊ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ တိကျစွာရန်လိုအပ်ကြောင်း၊ လက်ရှိဌာနဆိုင်ရာများအနေဖြင့် လုပ်ငန်း ဆောင်ရွက်ရာတွင် အခက်အခဲဖြစ်ပေါ်နေသည့် လုပ်ထုံးလုပ်နည်းများအားတင်ပြဆွေးနွေးပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အစိုးရအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့်ကိစ္စများ၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ အဖွဲ့(၃)၊ အဖွဲ့ခေါင်းဆောင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်က မိမိတို့အဖွဲ့သည် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဗဟိုအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအကြား လုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းစွာနှင့် ထိရောက်မှုရှိစွာ အချိန်တိုအတွင်း ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၏ နေ့စဉ်လုပ်ငန်းဆောင်ရွက်ရာမှာ ဖြစ်ပေါ်နေသည့်အခက်အခဲများ၊ သဘောထားအမြင်များကို ပေါင်းစပ်ညှိနှိုင်းပေးရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့် အတွင်းရေးမှူးတို့က ပြည်ထောင်စုဝန်ကြီးဌာနအဆင့်မှ တိုင်းဒေသကြီးအတွင်း လုပ်ငန်းစီမံကိန်းများ၊ ဘတ်ဂျက်ဆိုင်ရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ အခွင့်အာဏာခွဲဝေရေးဆိုင်ရာကိစ္စရပ်တို့နှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးရမည့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များအား တင်ပြဆွေးနွေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ဌာနဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ တွေ့ကြုံရသည့် အခက်အခဲများအား တင်ပြခဲ့ရာ၊ အဖွဲ့(၃)၏ အဖွဲ့ဝင်များမှ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့သည်။

**တင်စိုး(ပဲခူး)**

# ကျုံပျော်မြို့ ဘုရားကလေးဆိပ်ကျေးရွာတွင် အနန္တဂုဏ်ရည် ကိုယ့်အားကိုယ်ကိုး တံတားဖွင့်

**ကျုံပျော် မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ကျီးအိုင်အုပ်စု ဘုရားကလေးဆိပ်ကျေးရွာတွင် မေ ၁၁ ရက် နံနက် ၇ နာရီက အနန္တဂုဏ်ရည် ကိုယ့်အားကိုယ်ကိုးတံတားဖွင့်ပွဲကို စည်ကားစွာ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တံတားဖြစ်မြောက်ရေးနာယက ဦးသန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ကျေးရွာရပ်မိရပ်ဖနှစ်ဦးက တံတားပြီးစီးမှုအတွက် ဝမ်းမြောက်ဂုဏ်ပြုစကားပြောကြားကြသည်။ ထို့နောက် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ကရင်ဒုံးယိမ်းအဖွဲ့များက သီဆိုကပြ ဖျော်ဖြေကြကာ တံတားဖြစ်မြောက်ရေးနာယက ဦးသန်းထွန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းမိုးတို့က တံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါတံတားသည် သောင်ကြီးကျေးရွာအုပ်စုနှင့် ကျီးအိုင်အုပ်စု ဘုရားကလေးဆိပ်ရွာကြားရှိ ရုံးချောင်းတူးမြောင်းကိုဖြတ်၍ ကျေးရွာပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အရှည် ၄၃ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ ပေ သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ ကျပ်သိန်း ၆၀ ကုန်ကျခဲ့ကြောင်း သိရသည်။

တံတားပြီးစီးမှုကြောင့် ဒေသထွက်ကုန် ငှက်ပျော၊ သဘော်နှင့် အခြားစိုက်ပျိုးသီးနှံများကို မြို့ကြီးများသို့ ကုန်တင်ယာဉ်ငယ်များနှင့် အဆင်ပြေလွယ်ကူစွာ ဖြတ်သန်းပို့ဆောင်ပေးနိုင်တော့မည်ဖြစ်ပြီး ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများပါ ပိုမိုဖွံ့ဖြိုးလာတော့မည်ဖြစ်ကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

# မွန်ပြည်နယ်အတွင်း ပြည်တွင်းပြည်ပခရီးသွားများ ယခင်နှစ်ထက် သွားလာမှုမြင့်တက်



**မွန် မေ ၁၁**

မွန်ပြည်နယ်အတွင်း ပြည်တွင်းပြည်ပခရီးသွားများမှာ ၂၀၁၆ ခုနှစ် ဧပြီလထက် ၂၀၁၇ ခုနှစ် ဧပြီလအထိတွင် ၁၀၀၀၀ ကျော် ပိုမိုမြင့်တက်သွားခဲ့သည်ဟု မွန်ပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုရုံးမှ သိရသည်။

၂၀၁၆ ခုနှစ် ဧပြီလအထိ ပြည်တွင်းပြည်ပခရီးသွားများမှာ ၁၂၀၀၀၀ ကျော်ရှိရာ ၂၀၁၇ ခုနှစ်ဧပြီလအထိ ပြည်တွင်းပြည်ပခရီးသွားများမှာ ၁၃၀၀၀၀ ကျော်ရှိကာ ၁၀၀၀၀ ကျော်ခန့်မြင့်တက်သွားသည်။ ပြည်ပနိုင်ငံတွေအနက် ထိုင်း၊ ပြင်သစ်၊ ဗီယမ်နမ်နိုင်ငံက အများဆုံးလာရောက် လေ့လာလည်ပတ်မှုရှိနေသည်ဟု ဟိုတယ်နှင့်ခရီးသွားညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ပြည်နယ်တာဝန်ခံ ဦးဟောက်ကျင်မုန်က ပြောသည်။

၂၀၁၇ ခုနှစ် မွန်ပြည်နယ်အတွင်း ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းပေါင်းမှာ ၄၉ လုံး၊ အခန်းပေါင်း ၁၆၈၈ ခန်းရှိကာ ၂၀၁၃ ခုနှစ်ကထက် ၂၁ လုံးနှင့် အခန်း ၇၆၇ ခန်းအထိတိုးတက်မြင့်လာနေပြီး ယခုနှစ်အတွင်း ပြည်တွင်းခရီးသွားမှာ ၁၂၀၀၀၀ ကျော်ရှိ၍ ပြည်ပခရီးသွားမှာ ၉၀၀၀၀ ကျော်ရှိသည်။ ပြည်ပခရီးသွားအများဆုံးမှာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် လေဆိပ်ကနေတစ်ဆင့် အများဆုံးဝင်ရောက်လာကာ မြဝတီ၊ မဲဆောက်တာချီလိတ်၊ မယ်စိုင်နယ်စပ်ဂိတ်ကနေလည်း ကိုယ်ပိုင်ကား၊ ဆိုင်ကယ်၊ စက်ဘီးဖြင့်တစ်ဦးတစ်ယောက်မှ အုပ်စုများနှင့်လည်း တရားဝင်ခွင့်ပြုချက်အရ မွန်ပြည်နယ်အတွင်း သမိုင်းဝင်စေတီ၊ ဘုရားကျောင်း၊ ယဉ်ကျေးမှုပြတိုက်ပြခန်း၊ အထင်ကရ ပင်လယ်ကမ်းခြေနေရာများသို့ အလာများခဲ့ကြောင်း သိရသည်။ **ထွန်းထွန်း(ရေး)**

# တောင်ပိုင်းခရိုင်အတွင်းရှိသန့်ရှင်းရေးဝန်ထမ်းများနှင့် မှီခိုမိသားစုများကို နံနက်စာထမင်း ကျွေးမွေးလှူဒါန်း

**မင်္ဂလာတောင်ညွန့် မေ ၁၁**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းနှင့်ဇနီးမိသားစုတို့က တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ သန့်ရှင်းရေးဝန်ထမ်း ၂၃၃ ဦးနှင့် မှီခိုမိသားစု ၄၇၉ စုစုပေါင်း ၇၁၂ ဦးတို့အား နံနက်စာထမင်းကျွေးမွေးလှူဒါန်းခြင်းကို မေ ၁၀ ရက် (ကဆုန်လပြည့်နေ့) ၌ ကျွေးမွေးလှူဒါန်းရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှူး ဦးချိုထွန်းအောင်၊ ဒုတိယဌာနမှူး ဦးစောဝင်းမောင်နှင့် ဒုတိယဌာနမှူး ဒေါက်တာအောင်မြင့်မော်၊ လက်ထောက်ဌာနမှူး ဒေါက်တာခင်နှင်းအေး၊ တောင်ပိုင်းခရိုင်မှူး ဦးသက်ဝေတို့က ဝန်ထမ်းနှင့်မိသားစုဝင်တို့အား ဧည့်ခံကျွေးမွေးခဲ့ကြသည်။

“ခရိုင်အလိုက်ခွဲပြီး ဝန်ထမ်းနဲ့မှီခိုသူတွေကို အာဟာရဒါန ကျွေးမွေးလှူဒါန်းပေးတာပါ။ ခရိုင်အတွင်းရှိ သန့်ရှင်းရေးတာဝန်ခံတွေနဲ့ ရုံးဝန်ထမ်းတွေက ကျေးမွေးလှူဒါန်းမှုကို ဝိုင်းဝန်းချက်ပြုတ်ကူညီဆောင်ရွက်ပေးကြတဲ့အတွက် အခက်အခဲမရှိ အောင်မြင်စွာ ကျွေးမွေးလှူဒါန်းနိုင်ခဲ့ကြပါတယ်” ဟု မင်္ဂလာတောင်ညွန့်မြို့နယ် သန့်ရှင်းရေးတာဝန်ခံ ဦးမျိုးဝင်းဦးကပြောသည်။ **၁၉၇**



# ဂျက်စတင်ဘီဘာနဲ့ ဟေလီစတိန်းဖီးလ်တို့က သူငယ်ချင်းတွေပါ

လတ်တလောမှာ ပေါ့ပ်အဆိုတော် ဂျက်စတင်ဘီဘာနဲ့ ပတ်သက်ပြီးပေါ်ထွက်လာတဲ့ အချစ်ဇာတ်လမ်းတစ်ပုဒ် ရှိနေပါတယ်။ အဲဒါကတော့ ဂျက်စတင်ဘီဘာဟာ မော်ဒယ်လ်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဟေလီစတိန်းဖီးလ်နဲ့ တွဲနေကြတယ်ဆိုတဲ့ ကောလာဟလတွေပဲ ဖြစ်ပါတယ်။ အဆိုပါကြယ်ပွင့်နှစ်ဦးကို တစ်လခန့် အတူတွဲတွေ့ခဲ့ရပြီးတဲ့နောက် ချစ်သူတွေဖြစ်နေကြပြီလို့ မီဒီယာအချို့က ဝေဖန်ရေးသားခဲ့ကြတာလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ လတ်တလောမှာတော့ သူတို့နှစ်ဦးချစ်သူတွေမဟုတ်ဘူးဆိုတာကို လှစ်ဟပြနိုင်တဲ့သက်သေတစ်ခုလည်း ပေါ်ထွက်လာတဲ့အတွက် နှစ်ဦးသားအကြားက ဆက်ဆံရေးကိုတော့ သူငယ်ချင်းမိတ်ဆွေတွေလို့သာ ခေါင်းစဉ်တပ်ရတော့မှာဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ကနေဒါလူမျိုးတေးသံရှင် ဂျက်စတင်ဘီဘာဟာ မိတ်ဆွေတစ်ဦးရဲ့ မိတ်ဆက်ပေးမှုကြောင့် ဟေလီစတိန်းဖီးလ်နဲ့ စတင်သိကျွမ်းခဲ့တာဖြစ်ပြီး သူတို့နှစ်ဦးကို နယူးယော့ခ်မှာ ဘုရားကျောင်းအတူတက်ခဲ့တာကို တွေ့မြင်ခဲ့ရပြီးတဲ့နောက် တွဲနေတယ်ဆိုတဲ့ ကောလာဟလတွေ စတင်ပေါ်ထွက်လာခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ မေ ၁ ရက်မှာတော့ သူတို့နှစ်ဦးကို နယူးယော့ခ်က ဟိုတယ်တစ်ခုမှာလည်း အတူတွဲတွေ့ခဲ့ရပြန်ပါတယ်။ အဲဒီအချိန်ကစလို့ နှစ်ဦးသားတွဲနေကြပြီဆိုတဲ့ သတင်းတွေ ဆက်တိုက်ပေါ်ထွက်လာခဲ့ပြီးတဲ့နောက်မှာတော့ ဟေလီစတိန်းဖီးလ်က သူနဲ့ ဂျက်စတင်ဘီဘာတို့ဟာ ချစ်သူတွေ မဟုတ်ကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

လတ်တလောမှာ အသက်(၂၀)ရှိပြီဖြစ်တဲ့ ဟေလီစတိန်းဖီးလ်က သူ့ရဲ့အချစ်ရေးနဲ့ပတ်သက်ပြီး "ကျွန်မကတော့ လတ်တလောပေါ်ထွက်လာတဲ့ ကောလာဟလတွေနဲ့ ပတ်သက်ပြီးတော့ စိတ်မဝင်စားပါဘူး။ ဒါပေမဲ့ ကျွန်မတို့နှစ်ဦးကတော့ သူငယ်ချင်းတွေပါပဲ"လို့ ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။ ဒါ့အပြင် ယူအက်စ်ဝိခ်ကလီးသတင်းစာရဲ့ ဖော်ပြချက်အရ စတိန်းဖီးလ်ဟာ သူ့ရဲ့ချစ်သူ ကမ်မရွန်စမိုလာနဲ့ ချစ်သူတွေအဖြစ် လက်တွဲနေဆဲဖြစ်ကာ သူတို့နှစ်ဦးချစ်သူတွေအဖြစ် လက်တွဲလာခဲ့တာ တစ်နှစ်ခန့်ရှိသွားပြီဖြစ်ကြောင်းလည်း သိရပါတယ်။ သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ဒဗလျူမဂ္ဂဇင်းကြီးက ကြီးမှူးကျင်းပခဲ့တဲ့ အခမ်းအနားတစ်ခုကိုလည်း အတူတက်ရောက်ကာ ကော်ဇောနီပေါ် လျှောက်လှမ်းခဲ့ကြောင်းလည်း သိရပါတယ်။

ဒါ့အပြင် မကြာသေးမီက စမိုလာဟာ သူ့ရဲ့လူမှုကွန်ရက် မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ သူနဲ့ စတိန်းဖီးလ်တို့ အတူတွဲကာ ရိုက်ကူးထားတဲ့ ဓာတ်ပုံတစ်ပုံကိုလည်း ထုတ်ဖော်ပြသခဲ့တာကြောင့် ဂျက်စတင်ဘီဘာနဲ့ စတိန်းဖီးလ်တို့ရဲ့ ဇာတ်လမ်းဟာ ကောလာဟလသက်သက်သာဖြစ်တယ်လို့ ဆိုရမှာပဲဖြစ်ပါတယ်။ ဂျက်စတင်ဘီဘာမှာ လတ်တလောအချိန်အထိ အတည်တကျလက်တွဲနေတဲ့ချစ်သူသစ်လည်း မရှိသေးဘဲ လတ်တလောပေါ်ထွက်လာတဲ့ အချစ်ဇာတ်လမ်းဟာလည်း ကောလာဟလသက်သက်သာဖြစ်တာကြောင့် ဂျက်စတင်ဘီဘာကို စွဲလမ်းနေတဲ့ အမျိုးသမီးတွေအတွက်တော့ သတင်းကောင်းတစ်ခုဖြစ်တယ်လို့ဆိုရမှာပဲ ဖြစ်ပါတယ်။

**အေးပြည့် - စုစည်းသည်**









# စစ်မှုမထမ်းမီ ချစ်သူနဲ့ ချိန်းဆိုတွေ့ဆုံခဲ့တဲ့ လီမင်ဟို

တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်သူ လီမင်ဟိုဟာ စစ်မှုထမ်းရမယ့်ရက်ကို သိရှိခဲ့ရပြီးတဲ့နောက် တာဝန်တွေကို စတင်မထမ်းဆောင်မီ လတ်တလောမှာ ချစ်သူဖြစ်တဲ့ တေးသံရှင်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဆူဇီနဲ့ ချိန်းဆိုတွေ့ဆုံမှုတွေကို ပြုလုပ်ခဲ့ကြောင်း ကိုရီးယားအပ်ဒိတ်ပ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လီမင်ဟိုဟာ ယခုလ ၁၂ ရက်မှာ စတင်စစ်မှုထမ်းရတော့မှာဖြစ်ပြီး စစ်မှုထမ်းကာလ နှစ်နှစ်တာအတွင်း ခဏတာခွဲခွာနေရဦးမယ့် ချစ်သူနှစ်ဦးဟာ စစ်မှုထမ်းကာလတွေကိုမစတင်မီအချိန်လေးအတွင်းမှာ များပြားလှတဲ့ အနုပညာလှုပ်ရှားမှုတွေကြောင့် မအားလပ်နိုင်ဖြစ်နေတဲ့အကြားက တစ်ဦးကိုတစ်ဦးအချိန်ပေးကာ ချိန်းဆိုတွေ့ဆုံတာတွေကို မကြာခဏပြုလုပ်လာတာကို တွေ့ခဲ့ရကြောင်းလည်း သိရပါတယ်။

"City Hunter"ရုပ်ရှင်ရဲ့ ဇာတ်လိုက်မင်းသား လီမင်ဟိုရဲ့ စစ်မှုထမ်းရမယ့်ကာလအတွက် ပရိသတ်တွေက နှစ်နဲ့ချီကာ တွေ့ဆုံခွင့်မရတော့မှာကို စိုးရိမ်နေကြပါတယ်။ တကယ်တော့ လီမင်ဟိုရဲ့ နှစ်နှစ်တာစစ်မှုထမ်းကာလနဲ့ ပတ်သက်ပြီး စိုးရိမ်နေသူလည်း ပရိသတ်တွေအပြင် ရှိနေသေးတာဖြစ်ပါတယ်။ အဲဒါကတော့ လီမင်ဟိုရဲ့ချစ်သူ ဆူဇီပဲဖြစ်ပါတယ်။ အဆိုပါကြယ်ပွင့်စုံတွဲနဲ့ ရင်းနှီးတဲ့ သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်အရ ဆူဇီဟာ လီမင်ဟိုရဲ့ စစ်မှုထမ်းကာလအတွင်း တစ်ဦးနဲ့တစ်ဦး အကြာကြီး မတွေ့ဆုံနိုင်ဖြစ်နေမှာကိုလည်း စိတ်ပူပန်မှုတွေ ရှိနေခဲ့ကြောင်း သိရပါတယ်။

စစ်မှုထမ်းရမှာနဲ့ပတ်သက်ပြီး ပြုလုပ်ခဲ့တဲ့ လီမင်ဟိုရဲ့ အင်တာဗျူးတစ်ခုမှာတော့ လီမင်ဟိုက စစ်မှုထမ်းကာလဟာ သူ့အတွက် ရင်ခုန်စိတ်လှုပ်ရှားဖွယ်ကောင်းကြောင်းနဲ့ နိုင်ငံသားတစ်ဦးအဖြစ် တိုင်းပြည်အတွက် ထမ်းဆောင်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပေမယ့် ဝမ်းနည်းနေတဲ့ သူ့ရဲ့အမူအရာတွေကို ကွယ်ဝှက်ထားခြင်းမရှိတာကိုလည်း အင်တာဗျူးလုပ်ဆောင်နေစဉ်အတွင်းမှာ တွေ့မြင်ခဲ့ရပါတယ်။ ဒါပေမဲ့ လီမင်ဟိုဟာ သူ့ရဲ့စစ်မှုထမ်းကာလအတွင်းမှာ ပရိသတ်တွေအတွက် အမှတ်တရဖြစ်စေမယ့် မမေ့နိုင်တဲ့ အချိန်အခိုက်အတန့်တစ်ခုအဖြစ် ဖန်တီးသွားရန် ဆုံးဖြတ်ထားပြီးဖြစ်ကြောင်းလည်း သိရပါတယ်။ လီမင်ဟိုဟာ မေ ၁၂ ရက်မှစတင်ကာ စစ်မှုထမ်းဆောင်သွားရမှာဖြစ်ပြီး လူမှုဝန်ဆောင်မှုလုပ်ငန်းတွေကို ဂန်းနန်းခရိုင်မှာ စတင်ထမ်းဆောင်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

## နှစ်(၂၆၀)ပြည့် အလောင်းမင်းတရား ရွှေပေလွှာ

စာမျက်နှာ(၁၅)မှ

ဒေါက်တာလိုင်ဒါ၏ စာတမ်းတွင် သဝဏ်လွှာပို့သည့်ရက်ကို ၁၇၅၆ ခုနှစ် မေလ ၇ ရက်ဟု ဖော်ပြသည်။

ရွှေပေလွှာပေါ်တွင် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော သုနာပရန္တတိုင်း၊ တမ္ပဒီပတိုင်း၊ ကမ္ဘောဇတိုင်း စသော တိုင်းကြီးအပေါင်းတို့ဝ်နှိုက် မြန်မာပြည်၊ ရှမ်းပြည်၊ ယွန်းပြည်၊ ကသည်းပြည်၊ တလိုင်းပြည် ရာဇဌာနီပြည်ကြီး ထီးဆောင်မင်းတကာတို့ဝ်သခင် ပတ္တမြား၊ ရွှေ၊ ငွေ၊ ကြေး၊ သံ၊ ပယင်း ရတနာတွင်းများသခင် ဆင်ဖြူ ဆင်နီ၊ ဆင်ကျား၊ စက်ကြာ၊ ရွှေလုံရ အာဒိစ္စဝံသနေမင်း၏ အဆက်အနွယ် အဆောင်ဆောင်သော ရွှေနန်ရွှေပြာသာဒ်သခင် ရတနာပူရ အင်းဝပြည်ကြီးနှင့်တကွ အယုဇ္ဈပူရမည်သော ရတနာသိယ်ကုန်းဘောင်ရွှေပြည်ကြီးကိုဝ် အစိုဝ်ရတော်မူသော အလောင်းမင်းတရားကြီး ချစ်ကြည်စွာ ကြာရောက်အပ်သော" (မူလစာလုံးပေါင်းအတိုင်းဖြစ်ပါသည်) ဟု အစချီကာ အရှေ့အိန္ဒိယကုမ္ပဏီအား ပုသိမ်ဆိပ်ကမ်းတွင်အခြေစိုက်စခန်းတစ်ခု တည်ဆောက်ခွင့်ပြုကြောင်း ရေးသားထားသည်။

ရွှေပေလွှာ၏အဆုံးတွင် "ငါသားတော်အစည် မြေးတော်အဆက် မြစ်တော်အညွှန့် အကြည်တော် မြို့မအင်ကရိတ် မြို့ဝ်မ ဘုရင်ကိုယ် မြေးမြစ် အစည်ရှည်စွာ ချစ်ကြည်ကြရမည်။ အကြောင်းကိုယ် သက္ကရာဇ် ၁၁၁၈ ခု ကဆုန်လဆန်း ၁၀ ရက် ဝ နေ့ ရာဇသံရွှေပေစာနှင့် ချစ်ကြည်စွာ ကြာရောက်အပ်သော အင်ကရိတ် မြို့ဝ်မကိုဝ် အစိုဝ်ရသော အကြည်တော် အင်ကရိတ်ဘုရင်" ဟု ရေးသားကာ နှစ်ပြည်ထောင်ချစ်ကြည်ရေး တည်တံ့စေရေးကို ရည်ရွယ်ဖော်ညွှန်းခဲ့သည်။

ဦးတိက္ခလင်္ကာရနှင့် ဒေါက်တာသန်းထွန်းတို့ပြုစုသော မြန်မာရက်စွဲသမိုင်း (ကုန်းဘောင်ဆက်) စာအုပ်၌ မြန်မာသက္ကရာဇ် ၁၁၁၈၊ ကဆုန်လဆန်း ၁၀၊ စနေ၊ ခရစ်နှစ် ၈၊ ၅၊ ၁၇၅၆ ရက်စွဲအောက်တွင် "အင်္ဂလိပ်သံ ကုလားတို့ကို ရာဇသံပေးအပ်၍ ပြန်စေသည်" ဟု ဖော်ပြထားသည်။ အလောင်းမင်းတရားရွှေပေလွှာတွင် ရာဇသံ ရွှေပေလွှာဟု ဖော်ပြထားသဖြင့် အင်္ဂလိပ်သံကိုယ်စားလှယ်များကို ထိုရာဇသံရွှေပေလွှာအား ပေးအပ်လိုက်ခြင်းဖြစ်နိုင်ကြောင်း ယူဆမိပေသည်။

ပညာရှင်များက ယင်းရွှေပေလွှာသည် ရှေးမြန်မာဘုရင်များ ထုတ်ပြန်ခဲ့သည့် ရွှေပေလွှာများအနက် ကမ္ဘာပေါ်တွင် တစ်ခုတည်းသာကျန်ရှိနေသည့် ရွှေပေလွှာဟု ယူဆကြသည်။ မြန်မာဘုရင်များသည် ၁၈ ရာစုအတွင်း တရုတ်ဧကရာဇ်များထံသို့ ရွှေပေလွှာများပေးပို့ခဲ့သည်ဟု ဆိုကြသော်လည်း ယင်းရွှေပေလွှာများကို မတွေ့ရှိကြရသေးပါချေ။

ရွှေပေလွှာအရ အလောင်းမင်းကြီးသည် အင်္ဂလိပ်ပိုင် အရှေ့အိန္ဒိယကုမ္ပဏီအား မြန်မာနိုင်ငံ အနောက်တောင်ဘက်ရှိ ပုသိမ်ဆိပ်ကမ်းတွင် အခြေစိုက်စခန်းတစ်ခု တည်ထောင်ခွင့်ပြုခဲ့သည်။ ထိုအချိန်တွင် အရှေ့အိန္ဒိယကုမ္ပဏီသည် ရာသီဥတုဆိုးရွားပြီး ကုန်သွယ်ရေးလမ်းကြောင်း အလှမ်းဝေးသော နေရာတစ်ခုဖြစ်သည့် ဟိုင်းကြီးကျွန်းတွင် အခြေချနေခဲ့သည်။ ထို့ကြောင့် ကူးသန်းရောင်းဝယ်ရေး ကောင်းစွာပြုလုပ်နိုင်သည့် ပုသိမ်တွင် အခြေ စိုက်စခန်းဖွင့်ခွင့်ပြုခဲ့သဖြင့် အင်္ဂလိပ်တို့သည် များစွာကျေနပ်ခဲ့ကြမည်သာဖြစ်သည်။ သို့သော်လည်း အင်္ဂလိပ်တို့ထံမှ မည်သည့်အကြောင်းပြန်ကြားချက် တစ်စုံတစ်ရာကိုမျှ မရရှိခဲ့ချေ။

သမိုင်းဆရာအချို့က အလောင်းမင်းတရားထံ ဗြိတိသျှဘုရင်ထံမှ သဝဏ်လွှာကို အသိအမှတ်ပြုခြင်း၊ အကြောင်းပြန်ကြားခြင်း တစ်စုံတစ်ရာမရှိခဲ့ခြင်းကြောင့် ၁၇၅၉ ခုနှစ် အောက်တိုဘာလတွင် မြန်မာဘုရင့်တပ်များက ဟိုင်းကြီးကျွန်းတိုက်ခိုက်မှုကို ဖြစ်ပွားစေခဲ့သည်ဟု ယူဆခဲ့ကြသည်။

### မှတ်တမ်းအမွေအနှစ် ရွှေပေလွှာ

၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်တစ်ခုအဖြစ် အသိအမှတ်ပြုခံရသည့် အလောင်းမင်းတရား ရွှေပေလွှာသည် မြန်မာနိုင်ငံပြင်ပတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော သမိုင်းဝင် မှတ်တမ်းစာတစ်စောင်ဖြစ်သည်။ ယင်းရွှေပေလွှာသည် ၁၈ ရာစုအတွင်း မြန်မာနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့အကြား ဆက်ဆံခဲ့သည့် သမိုင်းအထောက်အထားတစ်ရပ်ဖြစ်ပြီး သမိုင်းနှင့် အနုသုခုမလက်ရာတန်ဖိုး မြင့်မားခြင်းကြောင့် ကမ္ဘာ့မှတ်တမ်း အမွေအနှစ်ဖြစ်လာခဲ့ပေသည်။

ယူနက်စ်ကို၏ စီမံကိန်းတွင် မှတ်တမ်းအမွေအနှစ် (Memory of the world) နှင့် ကမ္ဘာ့အမွေအနှစ် (World Heritage) ဟူ၍ နှစ်မျိုးရှိရာ ပျူမြို့ဟောင်းများဖြစ်ကြသည့် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းတို့သည် ၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့အမွေအနှစ်ဒေသများဖြစ်လာခဲ့သည်။ ယခုအခါတွင် နိုင်ငံတော်အစိုးရသည် မြန်မာ့ယဉ်ကျေးမှုနယ်မြေ ပုဂံကို ကမ္ဘာ့အမွေအနှစ်ဒေသတစ်ခု ဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပေသည်။

သမိုင်းနှင့် ယဉ်ကျေးမှုအစဉ်အလာ များပြားခဲ့သည့် မြန်မာနိုင်ငံတွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်ဖြစ်လာနိုင်မည့် ဒြပ်ရှိဒြပ်မဲ့ယဉ်ကျေးမှုများ၊ အမွေအနှစ်ဒေသများသည် များစွာရှိနေပေရာ ယင်းတို့ကို ဖော်ထုတ်ထိန်းသိမ်း၍ ပြည်သူတိုင်းက စောင့်ရှောက်မှုများ ပြုကြရမည်သာ ဖြစ်ပါပေသည်။

**ကိုးကား –**

**မြန်မာရက်စွဲသမိုင်း (ကုန်းဘောင်ဆက်)**
**(ဦးတိက္ခလင်္ကာရနှင့် ဒေါက်တာသန်းထွန်း)**
Memory of the World (UNESCO Publishing)
Golden Letter: UNESCO World Heritage

# လှိုက်လှဲဝမ်းသာစွာဖြင့် ကျေးဇူးတင်ရှိခြင်း

(၂၉.၄.၂၀၀၇) ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့သော မြန်မာနိုင်ငံ၏ပထမဆုံးနှင့်အကြီးမားဆုံး အိမ်ဆောက်ပစ္စည်းအရောင်းစင်တာတစ်ခုဖြစ်သည့် **PRO 1 Home Center** ၏ပဉ္စမမြောက်ဆိုင်ခွဲ **Mandalay-2 Branch** ဆိုင်ဖွင့်ပွဲအခမ်းအနားအား မန္တလေးတိုင်းဒေသကြီးတွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါသဖြင့် ကြွရောက်ချီးမြှင့်ပေးပါသော နယ်စပ်ရေးရာနှင့်လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီးမျိုးဝင်းအောင်နှင့်ဇနီး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ညွှန်ကြားရေးမှူး ဦးဇော်တင်မိုးနှင့်ဇနီး၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောနှင့်ဇနီး၊ထုန်းလမ်းပို့ဆောင်ရေးညွှန်ကြားရေးဦးစီးဌာန မန်းနေချင်း ဒါရိုက်တာဦးစန်းမြင့်ဦးနှင့်ဇနီး၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒု-ဥက္ကဋ္ဌဒေါက်တာဦးခင်မောင်ဌေးနှင့်ဇနီး၊ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန တိုင်းမီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦး၊မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဒေါ်သီတာဝင်း၊မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီဝင် ဦးစောတန်နှင့်ဇနီး၊မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီဝင် ဦးဇော်မျိုးလွင်နှင့်ဇနီး၊မန္တလေးခရိုင်အုပ်ချုပ်ရေးမှူးဦးအောင်မွန်လတ်၊ Farmer Phoyarzar Group of Companies ၏ဦးဆောင်ဥက္ကဋ္ဌကြီးဒေါက်တာမောင်မောင်တင်၊ SCG မှ Mr.Nithi Patarachoke and Mr.Chana Poomee,Vice President- / SCG Cement - Building Materials Company Limited , Mr. Attapong S.Country Director, Myanmar- SCG Cement-Building Materials Company Limited မှတာဝန်ရှိသူများ၊ PT Power Company မှ ဥက္ကဋ္ဌကြီး ဦးအောင်ရွှေ၊ Mottama Holding & Construction မှ ဥက္ကဋ္ဌကြီး ဦးရန်ဇော်၊ ပြည်တွင်း၊ပြည်ပမိတ်ဖက်ကုမ္ပဏီများမှ စီးပွားရေးလုပ်ဖော်ကိုင်ဖက်များ၊ နိုင်ငံရပ်ခြားမှအထူးလာရောက်ပေးသည့် Suppliers ဧည့်သည်တော်ကြီးများ၊PRO 1 အဆောက်အဦးကြီးကိုခမ်းနားထည်ဝါစွာတည်ဆောက်ပေးပါသော Mottama Holding Company မှအဖွဲ့သားများ၊ဖွင့်ပွဲအားတက်ရောက်ပေးကြပါသော ဧည့်သည်တော်ကြီးများအားလုံးနှင့်မှတ်တမ်းတင်သတင်းရိုက်ကူးပေးပါသော မြဝတီရုပ်မြင်သံကြား မှဝန်ထမ်းများနှင့်Sky Net မှဝန်ထမ်းများ၊မီဒီယာအသီးသီးမှသတင်းထောက်များ၊ အထက်ထက်မှပိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသောဝန်ထမ်းများ အားလုံးကိုအထူးပင်လှိုက်လှဲဝမ်းသာစွာ ကျေးဇူးတင်ရှိပါကြောင်းနှင့် အတူတကွကြီးပွားတိုးတက်ပါစေကြောင်း **PRO 1 Home Center** မိသားစုမှ ဆုမွန်ကောင်းနှင့်အတူ မှတ်တမ်းတင်ဝှက်ပြုအပ်ပါသည်။

PRO1 HOME CENTER

**PRO 1 HOME CENTER**
**BOD အဖွဲ့နှင့်ဝန်ထမ်းများ**





ကလေးနာမည်ပေး ဆရာကြီး
# ရာဇာဇော်ဝင်း
09 - 5152521, 09 - 73009994, 01 - 394727(LL.B.)
01 - 399426, လူကြီးများလိုရာပေး ၊ အိမ်အမြန်ရောင်းထွက်ရို့
တိုက်(94)ပထပ်၊မန္တလေးလမ်း၊(လယ်)ဝေလာတောင်ညွှန့်၊ရန်ကုန် (ပိတ်ရက်မရှိ)။

## ရောင်းမည်
မြောက်ဥက္ကလာပ၊ ၅လမ်း မှတ်တိုင်အနီး၊ (၁)ရပ်ကွက်၊ သုမိတ္တာလမ်း၊ (၄)လွှာ။
**ဖုန်း-၀၉-၉၇၈၇၈၄၂၂၃**

## အမည်ပြောင်းခြင်း
ဦးမောင်မောင်သိန်း၏သမီး အထက(၂)လှိုင်၊ ပဉ္စမတန်းအောင်မှ မခင်မွန်အောင်အား မအေးမြကြည် ဟု ပြောင်းလဲခေါ်ပါရန်။

**မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း(၂၀၁၆)ခုနှစ် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးအခမ်းအနား ဖိတ်ကြားလွှာ**

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၏ ၂၀၁၆ခုနှစ်အတွက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ၂၀၁၇ခုနှစ်၊ မေလ ၁၅ရက်၊ နံနက် ၉း၀၀နာရီမှ ၁၁း၃၀နာရီထိ Dolphin စားသောက်ဆိုင် (ကန်တော်ကြီး) တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသောကြောင့် အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၌ အသင်းဝင်ထားသည့် အသင်းသားများ တက်ရောက်နိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း**

## သီဟာလင်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18')ကားများဖြင့်
လုပ်သားအပြီးအစီး
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

## ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-500 5916
09-730 97123

## ငှားမည်
ပဲခူးမြို့၏ အချက်အချာကျသော ရွှေမော်ဓောဘုရားလမ်းပေါ်ရှိ လေးထပ်တိုက်မှ ပထမထပ်ငှားမည်၊ အဆင့်မြင့်ပြင်ဆင်ပြီး။
ဖုန်း-၀၉-၅၀၃၀၆၄၅၊ ၀၉-၅၃၀၀၁၀၃

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
* လှည်းကူးမြို့အနီး၊ ဗိုလ်တေဇလမ်း၊ဥယျာဉ်မြံမြေ၊ ကွန်ကရစ်လမ်းဘေး၊ခြံစတ်ပြီး၊ ရေမီးစုံ ၊
(40'x60') = 135 သိန်း၊
(25'x60') = 100 သိန်း၊
(25'x50') = 75 သိန်း၊
Ph:09-450302310,09-421161198,09-799716395

## " ရွှေဖြည့်အိမ်အကျိုးဆောင် "

| | | | | |
|---|---|---|---|---|
| ဗတန်း၊ သံလွင်လမ်း | (80'x60') | မြေ၊ ဂရန် | | 13000 သိန်း |
| ရန်ကင်း၊တော့ာက်တုန်း | (50'x80')BN-1၊ | ဂရန် | | 7500 သိန်း |
| ထုဝဏ VIP-1 | (75'x85') | မြေ၊ ဂရန် | | 4500 သိန်း |
| ၈-မိုင်ပြည်လမ်းဆန့် | (50'x60') | BN-2၊ ဂရန် | | 4000 သိန်း |
| ပါရမီ၊ ရန်ကင်း | (40'x60') | မြေ၊ ဘိုးဘွား | | 4000 သိန်း |
| လှိုင်၊ မြကန်သာ | (30'x50') | မြေ၊ ဂရန် | | 2950 သိန်း |
| ပါရမီတော့ာတပ်၊တာ/၃ | (40'x60') | မြေ၊ ဂရန် | | 1800 သိန်း |
| သဃကာ၊ဓနရပ်ကွက် | (27''x60') | မြေ၊ ဂရန် | | 1650 သိန်း |

09 44 44 55 346, 09 77 00 877 98, 09 77 00 877 38


ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ကြော်ငြာ


MCC.i

အဆင်မြင့် စီမံခန့်ခွဲမှုများကို IT နည်းပညာဖြင့်ဆောင်ရွက်နိုင်ရန်

International MBA (Strategic Business IT)

SIAM UNIVERSITY

သင်တန်းတက်ရောက်ခွင့် လျှောက်ထားနိုင်သူများ

- MCC Institute ၏ Campus သီးသီးတွင် (Full Time / Part Time) တက်ရောက်ပြီး B.Sc (Hons:) Business IT ဘွဲ့ရရှိပြီးသူများ (၅၀% Discount)
- နိုင်ငံခြားတက္ကသိုလ်တစ်ခုခုမှ အလားတူ ဘွဲ့ရရှိပြီးသူများ
- နိုင်ငံခြားတက္ကသိုလ်တစ်ခုခုမှ (BBA) ဘွဲ့ရရှိပြီးသူများ
- တက္ကသိုလ်တစ်ခုခုမှ IT (သို့) BBA ဘွဲ့ရရှိပြီး (English Proficiency TOFEL 60+, IELTS 6.0)

(IT ဘွဲ့ရများအား Business Foundation, BBA ဘွဲ့ရများအား IT Foundation (၃) လသင်ကြားပေးမည်။)

သင်တန်းကာလ တစ်နှစ် (၁၂) လ
MCC Institute . . . . (2) Semesters
SIAM University . . . (1) Semester

သင်တန်းဖွင့်ရက် မေလ (၂၇) ရက်

သင်တန်းတည်နေရာ - အဆောင် (၆)၊ MICT Park
Sat & Sun 9:00 am - 4:00 pm

Call - 01-246643, 245762
652236, 652237

လျှောက်လွှာပုံစံများကို Online မှ ရယူလျှောက်ထားနိုင်ပါပြီ။
www.facebook.com/mccinstitute





Collaboration Partner with : SDH INSTITUTE

- Complete International Education Pathway
- Highly Qualified Foreign and Local Lecturers
- Oversea Study Trip to Singapore
- Innovative Learning and Student Support
- Career-oriented Curriculum

✓ University Foundation Program
✓ Diploma in Hospitality & Tourism Management
✓ Advanced Diploma in Hospitality & Tourism Management

May Intake Admission

တက်ရောက်သင့်သောသူများ
- တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသူများ
- GCE " O " Level ဖြေဆိုထားသူများ
- ဟိုတယ်နှင့်ခရီးသွားလာရေး နယ်ပယ်တွင် ဝင်ရောက် လုပ်ကိုင်လိုသူများ

CALL US
01-553897,
09-250793994

S-9, U Chit Maung Housing, U Chit Maung Road, Tamwe Township, Yangon.


## မြန်မာကျောက် ရင်းနှီးမြှုပ်နှံမှုအဖွဲ့မှ အရင်းအနှီးလိုအပ်သော လုပ်ငန်းရှင်များအား ဖိတ်ခေါ်ခြင်း

အောက်ပါအရည်အချင်းနှင့်ကိုက်ညီသူများကို ရွေးထွေးမှုဖြင့် ဖိတ်ခေါ်အပ်ပါသည်။

(က) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အထူးစိတ်ဝင်စား၍ လုပ်ငန်းအတွေ့အကြုံရှိသူ။
(ခ) ကိုယ်ကျင့် သိက္ခာနှင့်ပြည့်စုံပြီး တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊အများအတွက် ကိုယ်ကျိုးစွန့်ရဲသည့်စိတ်ဓာတ်ကို အခြေခံ၍ ဆောင်ရွက်နိုင်သူ။
(ဂ) မိမိ၏ လုပ်ငန်းအောင်မြင်လည်ပတ်နေမှုနှင့် ဘဏ္ဍာရေးအခြေအနေအား တင်ပြနိုင်သူ။
(ဃ) ယှဉ်ပြိုင်အရွေးချယ်ခံလုပ်ငန်းရှင် ကိုယ်စားလှယ်လောင်းအား ၎င်းဒေသရှိ လုပ်ငန်း ရှင်ကြီးနှစ်ဦးမှ အာမခံမိတ်ဆက်ပေးနိုင်ရမည်။
(င) နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ၊ နည်းပညာဆိုင်ရာ၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ၊ ငွေစာရင်းနှင့်ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာရပ်တစ်ခုခု ကျွမ်းကျင်ပိုင်နိုင်သူဖြစ်ပါက ဦးစားပေးရွေးချယ်ပါမည်။
(စ) စိစစ်ရွေးချယ်ခံရသူအား လူထုအတွက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆထက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ရန် စီးပွားရေးအထောက်အပံ့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာအဆင့်ရှိ စီမံခန့်ခွဲမှုနည်းပညာရပ်များကိုပါကူညီထောက်ပံ့ပေးပါမည်။
(ဆ) တိုင်းဒေသကြီး၊ ပြည်နယ်များနှင့်ခရိုင်တစ်ခုချင်းစီမှ တစ်ဦးနှုန်း စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။

**စိတ်ဝင်စားမှုရှိပါက အောက်ပါလိပ်စာနှင့်ဖုန်းနံပါတ်များသို့ ဆက်သွယ်ရန်**

**အမှတ်(၉၈)၊ ဗဟိုလမ်း(အောက်)၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊**

ဦးခင်မောင်ကြည် (ရုံးအဖွဲ့မှူး)၊ ၀၉၇၇၈၀၃၈၈၆၄၊ ၀၉၉၇၁၀၆၁၀၈၃၅၊
ဒေါ်တင်ဇာလင်း(ဌာနမှူး)၊ ၀၉-၉၆၀၈၁၄၉၅၂
ဒေါ်ရွှေရွှေဝင်း (ဌာနမှူး)၊ ၀၉-၉၆၀၈၁၄၉၇၁
ဒေါ်ဝေမွန်သိန်း (ဌာနမှူး)၊ ၀၉-၇၃၂၃၁၀၄၃


### ကွန်ဒိုတိုက်ခန်းအမြန်ရောင်းမည်

ယုဇနပလာဇာ၊ မင်္ဂလာဈေး၊ ဈော်ဝင် ပလာဇာတို့နှင့်အလွန်နီး၊ လမ်းမတန်း၊ လမင်းသာယာကွန်ဒို (၁၉၀၄) Sf (၄-လွှာ) အဆင့်မြင့်ပြင်ဆင်ပြီး၊ နံနက် ၁၁:၀၀ နာရီမှ ည ၁၀:၀၀ နာရီအတွင်း ဆက်သွယ်မေမြန်းကြည့်ရှုနိုင်ပါသည်။
ဆက်သွယ်ရန် - ၀၉ ၅၁၄၃၄၆၉၊ ၀၉ ၅၁၁၀၂၀၂

### ရွှေနန်းခံ

အိမ်ပြောင်း/အိမ်ရွှေ့ဝန်ဆောင်မှု (မြို့တွင်း/နယ်ဝေး)
Ph: 09-425308777, 09-770639155, 09-261111549

Customer များရရှိမည့်အားသာချက်

DREAM ALUMINUM လက်လီလက်ကားဝယ်ယူသူများရရှိမည့်အားသာချက်

- Euro System 45° ထောင့်ချိုးဖြစ်ခြင်းကြောင့် အဆောက်အဦး၏အလှကို ခေတ်မီသေသပ်စေခြင်း။
- Coating မှာ Orginal Italy ဆေးသားအသုံးပြုထားခြင်းကြောင့်သက်တမ်းကြာရှည်ခံပြီးဆေးရောင်ကွာမကျခြင်း။
- Brand Acessories များအသုံးပြုထားခြင်းကြောင့် ဖွင့်ပိတ်ရာတွင် လွယ်ကူတာရှည်အသုံးခံနိုင်ခြင်း။
- Slide/Casement Profile System အား အသံလုံ၊လေလုံ၊ရေလုံစေရန် တီထွင်ထားခြင်း။
- Slide System ပြေးလမ်းပေါင်နက်ခြင်းကြောင့် လုံခြုံမှုရှိခြင်း၊ ဘေးရော်မထွက်ခြင်း။



- Euro System Click type ဖြစ်ခြင်းကြောင့် Screw အရာများ ကင်းရှင်းခြင်း၊ အချိန်ကုန်သက်သာခြင်း။
- ထုတ်လုပ်တပ်ဆင်ရလွယ်ကူခြင်း၊ မြန်ဆန်ခြင်း၊ခန့်ညားခြင်း၊ လူအင်အား အသုံးပြုရနည်းခြင်း။
- လေးဖက်စလုံး Frame တစ်မျိုးတည်းသာ အသုံးပြုရခြင်းကြောင့် ခိုင်မာတောင့်တင်းပြီး အလေအလွင့် ထိန်းသိမ်းနိုင်ခြင်း။
- Dream Frame ချောင်း၊ Acessories နှင့် ဆက်စပ်ပစ္စည်းများကို တစ်နေရာတည်း လက်လီလက်ကားရရှိနိုင်ခြင်း။
- ထုတ်လုပ်တပ်ဆင်မှုအတွက် ကုမ္ပဏီမှ Training ကူညီပေးခြင်း
- မြန်မာပြည်၏အကောင်းဆုံး Euro System Deram Aluminium နှင့် ဆက်စပ်ပစ္စည်းများအား ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။

Dream Aluminium မှ Marketing (မ) ဝန်ထမ်းအလိုရှိသည်။ ဘွဲ့ရဖြစ်ပြီး ရုပ်ရည်အသင့်အတင့်ရှိရမည်။



Frame နှင့် Accessories များကို လက်လီလက်ကားနှင့် ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်ရန်
09-263563664
09-977910201
01-8604394

အပြီးအစီးတပ်ဆင်မှုများအတွက် ဆက်သွယ်ရန် Dream Installation Group 09-260905818, 09-254048775, 09-252420717
အမှတ်(၂၂၃/၂၂၅)၊ ကျိုက္ကဆံလမ်းမကြီး၊ ကျောက်မြောင်းဈေးမှတ်တိုင်အနီး၊ တာမွေမြို့နယ်၊ရန်ကုန်မြို့။ 01-8604394, 09-263563664

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အင်မာရှန် (မြိတ် - စခန်းသစ်)
## အသက်(၇၈)နှစ်
## သားဖွားဆရာမ(ငြိမ်း)

ဒေါ်ညွန့်ညွန့်အောင် M.D (Mar Shan Mfg & Ind Co.,Ltd)၏ ချစ်လှစွာသော မိခင်ကြီး၊ မဟန်သူအောင် B.A(Eng)၊ မနှင်းပွင့်အောင် 3rd Year, Int'L Medical University(IMU)၊ မဆုလာဒ်ပိုင် Final Part 1(ဆေး-၁)တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၈-၅-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၉း၅၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Mar Shan Mfg & Ind Co.,Ltd
ဝန်ထမ်းမိသားစုများ

## အထူးဝမ်းနည်းကြေကွဲခြင်း
## စိုင်းအိုက်ဖုန်း
## အသက်(၇၅)နှစ်

စိုင်းအိုက်ရီ(ခ)ကိုကျော်ထွန်းနိုင်-မရီရီတို့၏ ကျေးဇူးရှင်ဖခင်ကြီး စိုင်းအိုက်ဖုန်း အသက်(၇၅)နှစ်သည် ၇-၅-၂၀၁၇ရက် ရန်ကုန်မြို့ ဝိတိုရိယ ဆေးရုံကြီးတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကိုနေလင်းအောင်-ဒေါ်စန္ဒာထွန်း မိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စန္ဒာမြင့်(ခ) မွှေးမွှေး
## အသက်(၄၁)နှစ်

ရန်ကုန်မြို့၊ ကန်တော်ကလေး၊ (၉၁)လမ်း၊ အမှတ်(၁၀၆)၊ ၄လွှာ(B)နေ ဦးတင်မြ-(ဒေါ်သန်းသန်းမြင့်)တို့၏ သမီး၊ ဦးမောင်မောင်အောင်(U Hla Tun & Associates Limited.)-ဒေါ်အေးအေးခင်တို့၏ ချစ်လှစွာသောညီမသည် ၅-၅-၂၀၁၇ရက် (သောကြာနေ့) ည ၈း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

EXCELLENT FORTUNE DEVELOPMENT GROUP CO.,LTD.
ဥက္ကဋ္ဌနှင့်ဝန်ထမ်းမိသားစု

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်း(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/ရွှေအင်ကြင်းရပ်)၊ မြေကွက်အမှတ်(ဒ-၄၂၈)၊ ဧရိယာ(၀.၀၈၂)ဧကရှိ ဦးလွင်ဦး(ဘ)ဦးတင်မောင် [၉/လဝန(နိုင်)၀၁၅၅၈၉] အမည်ပေါက်ပါမစ်မြေကွက်အား ဦးလွင်ဦးကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်သန်းလင်း(ဘ)ဦးအေးမောင် [၉/လဝန(နိုင်)၀၁၅၅၆၉]မှ လက်ဝယ်ထားရှိ ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာများတင်ပြ၍ မြေပေးမိန့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်ကို ထုတ်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်း(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/ရွှေအင်ကြင်းရပ်)၊ မြေကွက်အမှတ်(ဒ-၃၇၂)၊ ဧရိယာ(၀.၀၈၂)ဧကရှိ ဦးသန်းဇော်ဦး(ဘ)ဦးမြင့်ကြိုင် အမည်ပေါက်ပါမစ်မြေကွက်အား ဦးသန်းဇော်ဦး ကွယ်လွန်သဖြင့် ညီမဖြစ်သူ ဒေါ်ရှမ်းမော်အေး(ဘ)ဦးမြင့်ကြိုင် [၉/လဝန(နိုင်)၁၈၂၉၇၆]မှ မေတ္တာဖြင့်ပေးကမ်းခြင်းကတိစာချုပ်၊ လက်ဝယ်ထားရှိ ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာများတင်ပြ၍ မြေပေးမိန့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်ကို ထုတ်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**သန်းသန်းမြင့်ဦး**
အိမ်ခြံမြေအကျိုးဆောင်
အရောင်းအဝယ်
အိုးအိမ်ခြံမြေကိစ္စ
အဆင်ပြေပြေ
ရောင်းဝယ်ပေးပါသည်
09-420067001
09-788389075

1.ကျောက်တံတား၊38လမ်း၊(13x45)Hall,PK,တိုက်လက်1F 600Ls
2.သန်လျင်၊Star City(1185Sqft)1F,1M,2B,ထောင့်ခန်း1700Ls
3.ရန်ကင်း၊သာယာရွှေပြည်လမ်း၊(1215Sqft)1RC,ဂရန် 5800Ls
4.ကမာရွတ်၊အင်းယားလမ်းသွယ်၊(50x90)1RCဘိုးဘွား15000Ls
09-254507375,09253690527

### အများသိစေရန် ကြေညာချက်

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ မင်းဘားကြီးလမ်းနေထိုင်သူ ကျွန်ုပ်တို့၏မိတ်ဆွေ **ဒေါ်လုံးမသိန်း**(ဘ)ဦးဘအောင် (၁၁/ဘသတ(နိုင်)၀၀၁၆၃၃) ကိုင်ဆောင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၁) ရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ်(၄၃)၊ အကျယ်အဝန်း(၂၃ပေ X ၄၀ပေ)ရှိ **အိမ်နှင့်မြေအား ဦးမောင်တိုး**(MMA-042462) အမည်ပေါက်မြေနှင့်အိမ်အား ကျွန်ုပ်တို့၏မိတ်ဆွေမှဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါမြေနှင့်အိမ်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ဒေါ်လုံးမသိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်အေးအေးချို** (စဉ်-၇၅၂၃)၊ **ဒေါ်အေးအေးမော်** (စဉ်-၇၆၀၇) (တရားလွှတ်တော်ရှေ့နေများ)
**ဒေါ်စီစီဝင်း** (စဉ်-၂၂၇၃၆)၊ **ဒေါ်အိအိမိုင်** (စဉ်-၃၂၉၆၂)၊ **ဒေါ်သူသူမင်း** (စဉ်-၃၈၁၄၅)၊ **ဒေါ်စင်မိုမိုထွန်း** (စဉ်-၄၄၃၁၅)၊ **ဒေါ်ချယ်ရီဇော်** (စဉ်-၄၄၁၉၃) (အထက်တန်းရှေ့နေများ)

အမှတ်(၁၇/၂၀)၊ အခန်း(၃)၊ မြေညီထပ်(၃၅)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ - ၂၅၀၃၂၆၆၄၄

**မိုးသစ်**
အိမ်ခြံမြေအကျိုးဆောင်
တောင်ပိုင်း၊ မြောက်ပိုင်း
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
09-5106146
09-73157746

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်ကွက်၊ မြောင်းမြလမ်း၊ အမှတ်(၂၅)၊ ၄-လွှာ (ခေါင်းရင်းခန်း)၊ (12½'x50')ရှိ တိုက်ခန်းကို ဆက်စပ်စာချုပ်များနှင့် တရားဝင် ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာ လက်ရှိပိုင်ဆိုင်ထားသည့် ဒေါ်အေးကြည်ကြည် (၁၂/ကတတ (နိုင်) ၀၁၇၅၇၅) ထံမှ ကျွန်ုပ်၏ မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများဖြင့် (၇)ရက် အတွင်း ကျွန်ုပ်ထံသို့ တရားဝင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ကျော့ကျော့လှိုင် (LL.B, LL.M, M.P.A, D.I.L, D.M.L, D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၀၉၉)၊အမှတ်(၈၅)၊ ၃လွှာ၊၁၃ လမ်း(အလယ်)၊
လမ်းမတော်မြို့နယ်။ ဖုန်း - ၀၉ - ၇၇၇၇၄၉၆၈၃၊၀၉ - ၉၆၁၁၃၄၁၄၄၄

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ကြင်မိ(ဝါးခယ်မ)

### အသက်(၁၀၅)နှစ်

Super Five Manufacturing Co., Ltd (MB ဘီစကွတ်)၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးကြည်မြင့်-ဒေါ်တင်တင်အေးတို့၏ ချစ်လှစွာသောမိခင်သည် ၅-၅-၂၀၁၇ရက် (သောကြာနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့**

**Super Five Manufacturing Co., Ltd**

**(MB ဘီစကွတ်)**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ကြင်မိ(ဝါးခယ်မ)

### အသက်(၁၀၅)နှစ်

Super Five Manufacturing Co., Ltd (MB ဘီစကွတ်)၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးကြည်မြင့်-ဒေါ်တင်တင်အေးတို့၏ ချစ်လှစွာသောမိခင်သည် ၅-၅-၂၀၁၇ရက် (သောကြာနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အရောင်းဌာနနှင့် ကုန်ထုတ်ဌာန**

**Super Five Manufacturing Co., Ltd**

**(MB ဘီစကွတ်)**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ကြင်မိ(ဝါးခယ်မ)

### အသက်(၁၀၅)နှစ်

Super Five Manufacturing Co., Ltd. (MB-ဘီစကွတ်)၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးကြည်မြင့်-ဒေါ်တင်တင်အေးတို့၏ ချစ်လှစွာသောမိခင်သည် ၅-၅-၂၀၁၇ရက် (သောကြာနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Super Five Manufacturing Co., Ltd.**

**(MB ဘီစကွတ်)**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ကြင်မိ(ဝါးခယ်မ)

### အသက်(၁၀၅)နှစ်

Super Five Manufacturing Co., Ltd (MB ဘီစကွတ်)၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးကြည်မြင့်-ဒေါ်တင်တင်အေးတို့၏ ချစ်လှစွာသောမိခင်သည် ၅-၅-၂၀၁၇ရက် (သောကြာနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မော်တော်ယာဉ်ဌာနနှင့် ပြင်ထိန်းဌာန**

**Super Five Manufacturing Co., Ltd**

**(MB ဘီစကွတ်)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ၁၀-လမ်း၊ အမှတ်(၆၆)နေ ကျွန်မ၏ သမီးဖြစ်သူ မဖြိုးပြည့်လှိုင် KTHG-013247 သည် မိဘ၏ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိမိသဘောဖြင့် နေအိမ်မှဆင်းသွားပါ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**အမေ ဒေါ်သန်းမူ**

**[၆/မအရ(နိုင်)၀၅၆၉၅၈]**

## ဖောင်းကြွပျောက်

## လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/4525 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ဒေါ်ကျင်မြ(ဒိုက်ဦး)

## အသက်(၉၇)နှစ်

ဒိုက်ဦးမြို့နေ (ဦးစံလင်း-ဒေါ်ငို)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးစိတ်ကောင်း-ဒေါ်စိမ်းရင်)တို့၏ သမီးချွေးမ၊ (ဦးစိန်မော်)-ဒေါ်အေးမြင့်တို့၏ အစ်မ၊ ဦးမောင်ကြည် (မြို့နယ်လျှပ်စစ်မှူး-ငြိမ်း)-ဒေါ်ခင်သိန်း၊ (ဦးဝင်းမြင့်)-ဒေါ်တင်အေး၊ (ဦးအောင်ကြည်)-ဒေါ်လှမြင့်၊ ဦးမောင်စိန်၊ (ဦးဘိုတင့်)-ဒေါ်ခင်ထွေး၊ တိုက်ကြီးမြို့နေ ဗိုလ်မှူးချုပ် မျိုးတင့်အောင်-ဒေါ်သက်သက်မွန်တို့၏ မွေးသမိခင်၊ (ဦးယုံခင်)၏ဇနီး၊ မြေး ၁၀ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၁၀-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) ငြိမ်းအေးဇရပ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၁၇ (တနင်္ဂနွေနေ့)တွင် တိုက်ကြီးမြို့နေအိမ်သို့လည်းကောင်း၊ ၁၆-၅-၂၀၁၇(အင်္ဂါနေ့)တွင် အမှတ်(၈/၈၈)၊ မေဒါဝီလမ်း၊ ဒိုက်ဦးမြို့နေအိမ်သို့လည်းကောင်း ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ကျေးဇူးတင်လွှာ

(၉-၅-၂၀၁၇) ရက်နေ့တွင် သဂြိုလ်ပြီးစီးသွားပါသော ညောင်ရမ်းထိပ်တင်စန်း၏ ဈာပန အခမ်းအနားတွင် လိုက်ပါပို့ဆောင်ခဲ့ပါသော ယဉ်ကျေးမှုဌာန ဒု/ဝန်ကြီး (အငြိမ်းစား) စာရေးဆရာ ဦးသန်းဆွေ (ထားဝယ်)နှင့် မင်းဆွေမင်းမျိုးညီအကိုမောင်နမ အားလုံးနှင့် အင်းစိန်မြို့နယ်၊ကြို့ကုန်းရပ်ကွက်မှ ရပ်မိရပ်ဖ နှင့် ရပ်ကွက်သူ ရပ်ကွက်သားများ အဖက်ဖက်မှ ဝိုင်းဝန်း ကူညီပေးကြပါသော မိတ်ဆွေများအား ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### CAPTAIN ဦးစိန်လင်း (FMNP)

### အသက် (၇၄) နှစ်

ဒေါ်တင်တင်အေး၏ ချစ်လှစွာသောခင်ပွန်းဖြစ်သူ Capt. စိန်လင်း(FMNP) မြန်မာနိုင်ငံရေကြောင်းအတတ်ပညာရှင်များအသင်းအဖွဲ့ဝင်သည် ၇-၅-၂၀၁၇ ရက် (တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရေကြောင်း အတတ်ပညာရှင်များအသင်းအဖွဲ့ဝင်**

## အထူးဝမ်းနည်းကြေကွဲခြင်း

### Capt. ဦးစိန်လင်း

### အသက်(၇၄)နှစ်

**ကုန်သွယ်ရေကြောင်း အရာရှိလောင်းသင်တန်း အပတ်စဉ်(၁)**

**ရေကြောင်းအရာရှိချုပ်(ငြိမ်း)၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း**

**နှုတ်ဖြေစာမေးပွဲစစ်ဆေးရေးအဖွဲ့ဝင် (DMA)**

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ကုန်းပတ်အရာရှိ နှုတ်ဖြေစာမေးပွဲများ စစ်ဆေးရေးအဖွဲ့ဝင်ဆရာကြီး ကပ္ပတိန် ဦးစိန်လင်းသည် ၇-၅-၂၀၁၇ရက် ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး၊ ဒု-ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**

**ရေကြောင်းဌာနခွဲ၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးကျော်မင်း (၆၈)နှစ်

**ဦးစီးအရာရှိ(ငြိမ်း)၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန**

သူငယ်ချင်း ဦးကျော်မင်းသည် ၈-၅-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**B.Ed (1970-75)**

**ရန်ကုန်ပညာရေးတက္ကသိုလ်ကျောင်းဆင်း**

**ချစ်သောသူငယ်ချင်းများ**

## ဦးစိုးမင်း (၄၅)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင် အနောက်ရပ်ကွက်၊ ပန်းပင်ကြီးလမ်း၊ အမှတ်(၅၂-၅၄)နေ (ဦးတင်ဝင်း-ဒေါ်မြဥ)တို့၏သား၊ (ဦးသန်းဦး)၊ (ဒေါ်မြမြဝင်း)၊ ဦးကိုလေး-ဒေါ်ဝါဝါဝင်း၊ ဦးကိုမြင့်၊ ဦးတင့်လွင်-ဒေါ်နော်အုံးကျင်၊ ဦးခင်ကျော်စိုး-ဒေါ်လဲ့လဲ့ဝင်း၊ ဦးထွန်းဦး-ဒေါ်ငွေငွေဝင်းတို့၏မောင်၊ ဦးကျော်ဝေလွင်-ဒေါ်စိုးစိုးမော်တို့၏ အစ်ကို၊ တူ/တူမ ၁၂ ယောက်တို့၏ဦးလေး ဦးစိုးမင်းသည် ၁၀-၅-၂၀၁၇ ရက် ညနေ ၃း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၇ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍၁၆-၅-၂၀၁၇(အင်္ဂါနေ့) နံနက် ၆နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း

### ဒေါ်အင်မာရှန် (သားဖွားဆရာမ-ငြိမ်း၊ မြိတ်-စခန်းသစ်)

### အသက်(၇၈)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့နယ်၊ ဖာဘရိန်ကျေးရွာနေ ဦးအင်ပေါ့ဂေါင်-ဒေါ်စဘော်ခေါန်တို့၏သမီး၊ ယခင်မြိတ်/စခန်းသစ်နှင့် ယခုအမှတ်(၁၇)၊ ဇလွန်လမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးကြင်အောင်)၏ ချစ်လှစွာသောဇနီး၊ ဒေါ်သက်သက်အောင်-ဦးဇော်ထွန်း၊ ဒေါ်ညွန့်ညွန့်အောင်၊ ဒေါ်သီသီအောင်-Mr Nomura Yutaka၊ ဒေါ်ဥမ္မာအောင်-ဦးမိုးသူလွင်၊ ဒေါ်မြတ်မြတ်အောင်-ဦးသန်းဇော်၊ Dr. ထင်လင်းအောင်(UK)-ဒေါ်အေးအေးထိုက်တို့၏ ချစ်လှစွာသောမွေးသမိခင်၊ မဟန်သူအောင်၊ မနှင်းပွင့်အောင်၊ မဆုလာဒ်ပိုင်၊ မနေခြည်မိုးထက်၊ မောင်ဇော်ဖုန်းအောင်၊ မဆိုင်းဂျာအောင်၊ မောင်ရှိုင်းလင်းဇော်၊ မအင်ကြင်းအောင်၊ မစုယဉ်အောင်တို့၏ ချစ်လှစွာသောအဘွားသည် ၈-၅-၂၀၁၇ (တနင်္လာနေ့) နံနက် ၉း၅၀ နာရီ ဝိတိုရိယဆေးရုံတွင် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ဈာပနဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်ကို ၁၂-၅-၂၀၁၇ (သောကြာနေ့) နံနက် ၉နာရီတွင် ရေဝေးဂိဏ်းပေါင်းစုံ ခရစ်ယာန်ဥယျာဉ်၌ ပြုလုပ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်နိုင်ရန်။] (ရန်ကုန်ကချင်နှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်းနှင့် ဇလွန်လမ်းနေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးစောမောင် အသက်(၈၈)နှစ် မန်နေဂျာ(ငြိမ်း) မြန်မာ့စီပွားရေးဘဏ် မန္တလေး၊ ပြည်တက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာသက်ထွန်းအောင်၊ ဒေါက်တာအေးအေးမြင့်(ဓာတုဗေဒဌာန၊ ပါမောက္ခ-ငြိမ်း)တို့၏ဖခင် ဦးစောမောင်သည် ၆-၅-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားပါ၍ ဆရာကြီး၏မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရူပဗေဒဌာနမိသားစု**

**ပြည်တက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

### Capt. ဦးစိန်လင်း

### အသက်(၇၄)နှစ်

**ကုန်သွယ်ရေကြောင်း အရာရှိလောင်းသင်တန်း အပတ်စဉ်(၁)**

**ရေကြောင်းအရာရှိချုပ်(ငြိမ်း)၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း**

**နှုတ်ဖြေစာမေးပွဲစစ်ဆေးရေးအဖွဲ့ဝင် (DMA)**

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ကုန်းပတ်အရာရှိ နှုတ်ဖြေစာမေးပွဲများ စစ်ဆေးရေးအဖွဲ့ဝင်ဆရာကြီး ကပ္ပတိန် ဦးစိန်လင်းသည် ၇-၅-၂၀၁၇ ရက် ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**Capt. သက်ငွေး (ညွှန်ကြားရေးမှူး၊ အောက်မြန်မာပြည်)**

**Capt. မြင့်ဦး (ညွှန်ကြားရေးမှူး၊ SSE)**

**Capt. ကိုကိုနိုင် (ဒု-ညွှန်ကြားရေးမှူး၊ SSE)**

**ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးသန်းစိန်

### အသက်(၇၄)နှစ်

သူငယ်ချင်း ကိုကျော်စွာဦး၏ ဖခင်ဖြစ်သူ ဦးသန်းစိန်သည် ၈-၅-၂၀၁၇ ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၆)မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်အေးအေးကလေး (၇၂)နှစ်

**အထက(၂) ရန်ကင်းကျောင်းအုပ်ကြီး(ငြိမ်း)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၇၂)၊ အထက်ပုဇွန်တောင်လမ်းနေ [ဦးတင်အေး(စက်မှု-၁၊ ငြိမ်း)]၏ချစ်လှစွာသောဇနီး ဒေါ်အေးအေးကလေးသည် ၆-၅-၂၀၁၇ ရက်တွင် ဗန်ကောက်မြို့၊ Param(9) ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၆၃-၆၄ တက္ကသိုလ်ဝင်တန်း**

**သူငယ်ချင်းကျောင်းသူ/ကျောင်းသားများ**

**အမျိုးသားတန်းမြင့်ကျောင်း၊ ပဲခူးမြို့**

မီးသတိပြု

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ကြင်မိ(ဝါးခယ်မ)

### အသက်(၁၀၅)နှစ်

Super Five Manufacturing Co., Ltd (MB ဘီစကွတ်)၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးကြည်မြင့်-ဒေါ်တင်တင်အေးတို့၏ ချစ်လှစွာသောမိခင်သည် ၅-၅-၂၀၁၇ရက် (သောကြာနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စီမံရေးရာဌာနနှင့်ငွေစာရင်းဌာန**

**Super Five Manufacturing Co., Ltd**

**(MB ဘီစကွတ်)**

# အမျိုးသမီးလိဂ်ပြိုင်ပွဲ မြဝတီအသင်း ဂိုးပြတ်ဖြင့် ထိပ်ဆုံးရောက်

**ရန်ကုန် မေ ၁၁**

၂၀၁၆-၂၀၁၇ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၅) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက ပဒုမ္မာကွင်း၌ ဆက်လက်ကျင်းပရာ မြဝတီအသင်းက ဂန္ဓမာအသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

မြဝတီအသင်းသည် ယခုပွဲအနိုင်ရခဲ့သောကြောင့် အမှတ်ပေးဇယားထိပ်ဆုံးနေရာသို့ တက်လှမ်းလာနိုင်ခဲ့ပြီး ဒုတိယနေရာမှ အားကစားနှင့် ကာယပညာ ဦးစီးဌာနအသင်းကို တစ်ပွဲလျော့ တစ်မှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။ မြဝတီအသင်းသည် ခြေအသာဖြင့် ကစားကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဂိုးများကို ၂၊ ၈၊ ၄၇၊ ၅၀၊ ၆၇ မိနစ်တို့တွင် ဝင်းသီဂီထွန်း၊ ၁၁ မိနစ်တွင် တင့်တင့်ထွန်းနှင့် ၅၉ မိနစ်တွင် ရူပါခိုင်တို့က သွင်းယူခဲ့သည်။ ဂန္ဓမာအသင်းအတွက် ချေပဂိုးကို ၂၅ မိနစ်တွင် မေစံပယ်ဖူးက သွင်းယူပေးခဲ့သည်။ ပွဲစဉ် (၆)ကို မေ ၁၆ ရက်တွင် ပြန်လည်ကျင်းပမည် ဖြစ်သည်။ **(ဖိုးသော်ဇင်)**



မန်ယူအသင်း နောက်ခံလူဟောင်း ရွှန်နီဂွါန်ဆင် မြန်မာလူငယ် ကစားသမားများအား သင်ကြားပေးနေစဉ်။

# မန်ယူနောက်ခံလူဟောင်း ရွှန်နီဂွါန်ဆင် မြန်မာလူငယ်ဘောလုံးသမားများကို စတင်လေ့ကျင့်

**ရန်ကုန် မေ ၁၁**

အင်္ဂလန်နာမည်ကျော်ကလပ် မန်ယူအသင်းနှင့် Manda Fermentation တို့ ပူးပေါင်းစီစဉ်သည့် Manchester United Soccer School အစီအစဉ်ကို မြန်မာနိုင်ငံတွင် စတင်ပြုလုပ်ခဲ့ပြီး နောက်ခံလူဟောင်း ရွှန်နီဂွါန်ဆင်ဦးဆောင်၍ ရန်ကုန်မြို့တွင် ယနေ့ စတင်ပြုလုပ်ခဲ့သည်။ **စာမျက်နှာ ၁၁ ကော်လံ ၃ သို့** ❂

# ဦးပိန်တံတားတိုင်လုံးများကြံ့ခိုင်မှု ဂျာမန်ပညာရှင်များနှင့် နည်းပညာ ကျောင်းသား ကျောင်းသူများ ကွင်းဆင်းတိုင်းတာ



**မန္တလေး မေ ၁၁**

နှစ်ပေါင်း ၁၆၀ ကျော်သက်တမ်း ကြာမြင့်နေသည့် မန္တလေးမြို့ အမရပူရမြို့နယ်ရှိ တောင်သမန်းအင်းကို ဖြတ်သန်းဆောက်လုပ်ထားသည့် ဦးပိန်တံတားကြီး၏ တိုင်လုံးများ ကြံ့ခိုင်မှုကို ဂျာမနီနိုင်ငံ Wood Scientist ပညာရှင်များနှင့် နည်းပညာတက္ကသိုလ် (မန္တလေး)မှ ကျောင်းသား ကျောင်းသူများက မေ ၁၁ ရက် နံနက် ၉ နာရီတွင် ကွင်းဆင်းတိုင်းတာစစ်ဆေးမှုများ (survey) ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါတိုင်းတာမှုကို ဂျာမနီနိုင်ငံ၏ နည်းပညာအကူအညီဖြင့် ကျောင်းသား ကျောင်းသူ ၂၀ နှင့်အတူ ဂျာမနီနိုင်ငံမှ ပညာရှင်နှစ်ဦးတို့က ဆောင်ရွက်ခြင်းဖြစ်ပြီး လက်တွေ့စစ်ဆေးရန် လိုအပ်လျက်ရှိသည့်အတွက် တိုင်းတာစစ်ဆေးနိုင်ရန် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❒

# ဂိုးပြတ်အနိုင်ရခဲ့သည့် ရခိုင်နှင့် ရောဝတီ

**ရန်ကုန် မေ ၁၁**

၂၀၁၇ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ပြိုင်ပွဲ ဒုတိယအဆင့် (ဒုတိယနေ့)ကို ယနေ့ ညနေပိုင်းက **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❖



ရခိုင်အသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။


